www.burmeseclassic.com

အောင်မြင်စာပေ

ဂန္ဓရ ဆန်းကြယ် လုံးချင်း ဝတ္ထုသစ်

# တြိခဏ္ဍ

ဂန္ဓဗ္ဗသရဖီ



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# ဘောင်ပြင်

တာပေ



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

၈၉၅.၈၃
ကြီးစက္က
ရေနွေဦးသရုပ်/ကြီးစက္က၊ -ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၁။
၂၃၀ -စာ၊ ၁၂.၅ × ၁၈.၃ စင်တီ။
(၁) ကြီးစက္က

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ်
၅၀၀၄၂၀၁၀၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၃၉၉၀၅၁၀

ထုတ်ဝေသူ ဒေါ်အောင်မြင့်စာဝေ
အမှတ်(၁)၊ အောင်ဘာလေးလမ်း။
ရေကျော်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်

ဝေအောင်မြင့်ပုံနှိပ်တိုက်၊ ပထမအကြိမ်
၂၀၁၁ ခုနှစ်၊
(ဇွန်လ)၊ အုပ်ရေ(၅၀၀)၊
တန်ဖိုး(၂၀၀၀)ကျပ်။

ပုံနှိပ်သူ ဦးအောင်မြင့်၊
အမှတ်(၇)၊ သိပ္ပံလမ်း
ရေကျော်မြို့နယ်၊ ရန်ကုန်မြို့။



www.burmeseclassic.com

www.burmeseclassic.com

# ဒသမနှလုံးရောင်

လူတိုင်းအပေါ်မှာ ယုံကြည်မှု မထားသင့်သော်လည်း
အားလုံးကိုတော့...
သံသယမျက်လုံးဖြင့် မကြည့်သင့်ပေ။
ရေဆိုးများ ရှိသော်လည်း
သမုဒ္ဒရာတစ်ခုလုံး ပျက်စီးသွားခြင်းမျိုး မရှိပေ။

ကိုယ်မချစ်မနှစ်သက်သူ ပေးလိုက်သောဒဏ်ရာက
ကုသလျှင် ပျောက်ကင်းနိုင်သည်။
ချစ်သူက ပေးလိုက်သော ဒဏ်ရာဆိုလျှင်တော့
ကုသ၍ ပျောက်ကင်းရန် ခက်ခဲသော
ဒဏ်ရာမျိုးဖြစ်သည်။

အမျိုးသမီးတစ်ယောက်၏မျက်ရည်သည်
မာယာကြောင့် ကျသည်ဖြစ်စေ
ခံစားမှုကြောင့် ကျသည်ပဲဖြစ်စေ
သာမန်စွမ်းရည်များထက်
ပိုမိုထိရောက်မှု ရှိပေသည်။

www.burmeseclassic.com

www.burmeseclassic.com

# ဒဿယန္တလက်ဆောင်

➤ ပိုက်ကွန်အတွင်း၌ မိနေသောငါးသည်
လွတ်မြောက်အောင် ခုန်ထွက်နိုင်သည်။
ထောင်ချောက်တစ်ခုထဲမှာ မိနေသော ... ားကော ...
သည် လွတ်မြောက်အောင် ရုန်းထွက်နိုင် သည်။
မာယာပိုက်ကွန်၌ အမိခံရသောယောက်ျားသည်
လွတ်မြောက်ရန် ခက်ခဲလှပေသည်။

➤ ထူးချွန်သောလူတစ်ယောက်ဖြစ်နိုင်ဖို့
အရည်အချင်းကိုယ်စီ ရှိကြသည်။
ထိုအရည်အချင်းကို ဘယ်နေရာမှာ အသုံးချရမည်
တော့ လူတိုင်းမသိကြပေ။

➤ ရှုံးနိမ့်ခဲ့ရသောပုံရိပ်များ၏အဆုံးတွင်
အလင်းရောင်တစ်ခု ရှိနေမြဲဖြစ်၏။
ထိုအလင်းရောင်ရှိရာသို့ သွားဖို့တော့
အမှောင်ရိပ်မှ ရုန်းထွက်နိုင်ရပေမည်။

www.burmeseclassic.com

www.burmeseclassic.com

# အပနှပက်မသောင်

မိမိအကျိုးစီးပွားတစ်ခုတည်းအတွက်
မိတ်ဆွေရှာလျှင်တော့
မိမိနှင့် သဘောတူသူများနှင့်သာ
မိတ်ဆွေဖြစ်ခွင့် ရလာပေလိမ့်မည်။

ဆုတောင်းခြင်းသည်
စိတ်၏စွမ်းအားကို မြှင့်တင်ပေးခြင်းဖြစ်ပြီး
ဆုတောင်းပြီးသည်နှင့်
ကိုယ်စွမ်းအားကို လက်တွေ့အသုံးချပြီး
လုပ်သင့်သောအလုပ်များ စတင်လုပ်နိုင်ကြပြီဖြစ်၏။

အချစ်သည် အသည်းနှလုံး၏အလိုဆန္ဒအတိုင်း
ဆောင်ရွက်ရသည်ဆိုသော်လည်း
တစ်ခါတစ်ရံ၌ သူ့သဘောအတိုင်း
ပြုလုပ်လေ့ရှိသည်။
ထိုအခါ သူပြုသမျှ အသည်းနှလုံးက ခံရပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com

# အသဲပန်းလက်ဆောင်

အချစ်ကို ပန်းတစ်ပွင့်နှင့် တင်စားကြသည်။
ပန်းတစ်ပွင့် ပွင့်လာစေဖို့
အချိန်များစွာ စောင့်ရသလို
ပြုစုပျိုးထောင်မှုများစွာလည်း ပြုလုပ်ပေးရသ[illegible]။
အချစ်နှင့် ပတ်သက်သော အကြောင်းအရာမျ[illegible]က
ထို့ထက် ပိုများလေသည်။

လူတစ်ယောက်၏အသည်းနှလုံးထဲမှာ
အချစ်ဘယ်လောက်များများ သိမ်းထားသည်
အမုန်းဘယ်လောက်များများ စုဆောင်းထားသ[illegible]ည်
ဆိုသောအဖြေကို...
အသည်းနှလုံးက ခံစားမှုဖြင့် တိုင်းတာပြလေ[illegible]ည်။

ခံစားမှုများရဲ့အခြားတစ်ဖက်မှာ
အမုန်း၏နယ်မြေတစ်ခု ရှိနေသည်။
ထိုနေရာကို သွားဖို့အချစ်သည်...
တံတားတစ်စင်းလည်း ဖြစ်နိုင်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com

# ဤစာအုပ်ပါဝင်သောအခန်းများ


အခန်း(၁) ကွမ်ဟာယ်နယ်မှဂရွှိရနေရာများ

အခန်း(၂) ရုန်းလေးမျိုးနှင့်တောတောင်မာယာဝက်ပါ

အခန်း(၃) ရေခဲတောင်ပေါ်မှရတနာ

အခန်း(၄) ကျားနက်ပေလော နာနာဘာဝပေလော

အခန်း(၅) နတ်စင်ပေါ်မှကျားနက်ရုပ်

အခန်း(၆) သချိုင်းအတွင်းမှကျားနက်တိုက်ပွဲ

အခန်း(၇) ကွမ်ဟာယ်ဆရာတော်နှင့်တွေ့ကြုံရခြင်း

အခန်း(၈) လှွယ်လုံသိုက်အတွင်းမှရွှေစေတီ

အခန်း(၉) ယက္ခလေလား၊ ဗျူဟပေလား

အခန်း(၁၀) အကျဉ်းသားဘဝသို့ရောက်ကြရလေပြီ

အခန်း(၁၁) အန္တရာယ်ကြားမှပန်းတစ်ပွင့်

အခန်း(၁၂) မိစ္ဆာများနှင့်နောက်ဆုံးတိုက်ပွဲ

အခန်း(၁၃) ဘဝအတွက်အလင်းရောင်များ


www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁)

# ကျွမ်းဟယ်နှယ်မှ ဂန္ထဝင်နေရာများ

ရှမ်းပြည်နယ်မြောက်ပိုင်းတောင်ပိုင်း အပါအဝင် နေရာ အတော်များများမှာ သဘာဝတောင်တန်းကြီးများနှင့် တောနက်ကြီးများ ဖုံးလွှမ်းထားသောနေရာ များလေသည်။

မြန်မာပြည် မြောက်ပိုင်းဒေသများမှာ တောတောင် သဘာဝရေမြေ ကောင်းလှသောကြောင့် တောင်မြင့်ကြီး များနှင့် တောနက်ကြီးများက ဖုံးအုပ်ထားလေသည်။ မြေပြင်အနေ အထားမှာလည်း သဘာဝ တောင်မြင့်ကြီးများဖြင့်သာ ၌ရှိနေပြီး



www.burmeseclassic.com

www.burmeseclassic.com



နေရာအတော်များများမှာ သဘာဝအလှများဖြင့် တန်ဆာဆင်ထားလေသည်။

ရှမ်းပြည်နယ်သည် မြန်မာနိုင်ငံ သဘာဝအနေအထားအရ အကျယ်ဝန်းဆုံး နေရာဒေသတစ်ခုဖြစ်သည်။ အကျယ်အဝန်း စတုရန်းမိုင် ခြောက်သောင်းကျော်(၆၀,၁၅၅) ကျယ်ဝန်းသဖြင့် ရန်ကုန်တိုင်းနှင့်စာလျှင် (၁၅)ဆခန့် ပိုမိုကျယ်ဝန်းလေသည်။

ထိုသို့ ကျယ်ဝန်းသည်နှင့်အမျှ မှီတင်းနေထိုင်ကြသူ လူဦးရေကလည်း များပြားလှသည်။

မြို့နယ်ပေါင်း(၅၄)မြို့နယ်ဖြင့် ဖွဲ့စည်းထားပြီး လူမျိုးပေါင်းစုံနှင့် လူဦးရေအများဆုံး နေထိုင်သောပြည်နယ်လည်းဖြစ်သည်။

မြို့နယ်ပေါင်း (၅၄)ခုဖြင့် ဖွဲ့စည်းထားသော်လည်း အကျယ်အဝန်းဧရိယာမှာ ကျယ်ဝန်းလှသောကြောင့် နေရာအတော်များများမှာ သဘာဝ တောနက်ကြီးများနှင့် တောင်မြင့်ကြီးများက ဝန်းရံဖုံးအုပ်ထားလေသည်။ ရှမ်းပြည်နယ်အတွင်းမှာ မြို့နယ်ပေါင်း(၅၄)နေရာရှိပြီး ထိုမြို့နယ်များအတွင်းမှာ မှီတင်းနေထိုင်ကြသော ကျေးရွာများလည်း မြောက်များစွာ ရှိကြလေသည်။ အိမ်ခြေ ရာနှင့်ချီပြီး များသောရွာကြီးများ တစ်နေရာ


www.burmeseclassic.com

www.burmeseclassic.com



တွင် လေးငါးဆယ်အိမ် စုဝေးနေထိုင်သော ရွာငယ်ကလေးများ အငါ် မြောက်မြားစွာ ရှိကြလေသည်။

အချို့ရွာငယ်ကလေးများမှာ လမ်းပန်းဆက်သွယ်မှု ဝေးလံလှသောနေရာများ၌ ရှိနေပြီး လူသူအရောက် ခပေါက် နည်းလှသောကြောင့် ရွာရှိနမှန်းပင် မသိကြပေ။

ရှမ်းပြည်နယ် နယ်နိမိတ်အဝန်းမှာ ကျယ်ပြန့်းသော ကြောင့် လူမနေသောနေရာများနှင့် လူသူအရောက် ခပေါက် နည်းသော နေရာအတော်များများလည်း ရှိပေသေးသည်။

. ထိုနေရာများထဲမှာ ကွမ်ဟယ်ရွာလည်း တစ်ရွာအပါ အဝင် ဖြစ်ပေသည်။

ကွမ်ဟယ်ရွာမှာ အိမ်ခြေတစ်ရာနီးပါးခန့်ရှိပြီး ပလောင် လူမျိုးများ အများဆုံး နေထိုင်သော တောင်ပေါ်ရွာဖြစ်သည်။

ဒုဋ္ဌာဝတီမြစ် အရှေ့ဘက် ကျောက်မဲမြို့မှ အရှေ့ဘက် မှာ ရှိသောတောင်တန်းများပေါ်မှာ တည်ရှိသောရွာဖြစ်သည်။

ရှေးနှစ်ပေါင်းများစွာကတည်းက တည်ရှိခဲ့ပြီး ပတ်ဝန်း ကျင်မှာ ထူးဆန်းသောနေရာများစွာတို့လည်း ရှိကြလေသည်။

ကွမ်ဟယ်ရွာမှ အခြေပြုပြီး သွားမည်ဆိုပါက . .

ကွမ်ဟယ်ဆရာတော် သီတင်းသုံးသောကျောင်းဂူ။

(ကွမ်ဟယ်ဆရာတော်မှာ တောရဆောက်တည်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သိရှိပြီးမြောက်နေသော ပုဂ္ဂိုလ်ဖြစ်သည်။)

လွယ်လုံဘုရားနှင့် လွယ်လုံဘုရားသိုက်။

(ထိုဘုရားမှာ ထိုက်သူများ ဖူးတွေ့ခွင့်ရပြီး ထိုဘုရားကို ဖူးတွေ့ခွင့်ရပါက လွယ်လုံ ဘုရားသိုက်အတွင်းသို့ ဝင်ခွင့်ရနိုင်သည်ဟု အဆိုရှိသည်။

မဟာမုနိမြတ်စွာဘုရား။

မြန်မာနိုင်ငံ နေရာအနှံ့တွင် မြတ်စွာဘုရားရှင် ရင်ငွေ့တော် လှုံထားသည့် မဟာမုနိရုပ်ပွားတော်(၇)ဆူ ရှိပေသည်။

မန္တလေး မဟာမြတ်မုနိ၊ ရခိုင်ပြည်နယ်မှာ ရှိသော မဟာမြတ်မုနိ နှစ်ဆူကိုသာ သိသူများပြီး နောက်ထပ်ငါးဆူ ကျန်သေးသည်။

ထိုငါးဆူမှာ သီပေါ၌တစ်ဆူ၊ ဟူးခင်ရွာနှင့် ပါမောက်ရွာ အကြားမှာတစ်ဆူ၊ မိုးကုပ်ကျပ်ပြင် ပင့်ကူတောင်အလယ်မှာ တစ်ဆူ၊ လွယ်ဆင်မှာတစ်ဆူနှင့် စီလုံတောင်၌တစ်ဆူ စုစုပေါင်း ငါးဆူဖြစ်သည်။

မဟာမြတ်မုနိ ရုပ်ပွားတော်(၇)ဆူ ရှိသည့်အနက် မန္တလေးနှင့်ရခိုင်မှာ နှစ်ဆူရှိပြီး ကျန်ငါးဆူက ရှမ်းပြည်နယ် အတွင်းမှာ ရှိသဖြင့် ထူးခြားသည်ဟု ဆိုရပေမည်။

ရှေးဘူတော်ကောင်းများ ထားခဲ့သော မှာတမ်းအရ



www.burmeseclassic.com

www.burmeseclassic.com



မဟာမြတ်မုနိ(၇)ဆူ ပြည့်အောင်ဖူးပြီး အဓိဋ္ဌာန်ဝ ပါက လို သောဆု ပြည့်နိုင်သည်ဟု အဆိုရှိသည်။

ထို့ပြင် ထိုပတ်ဝန်းကျင်တစ်ဝိုက်မှာပင် ဥဒေါင်းမင်းဂူ ရှိသည်။

ဘုရားအလောင်း ရွှေဥဒေါင်းမင်းဘဝက ခနထိုင်ခဲ့ သောဂူကြီးပင်ဖြစ်သည်။

ထိုဂူကြီးပတ်ဝန်းကျင်တွင် ကျောက်သားပေါ်၌ ထင် ကျန်နေသော ဥဒေါင်းမင်း၏ခြေရာ။

မုဆိုးဒူးထောက်ခဲ့သောနေရာ၊ ညွှတ်ကွင်းဆင်ခဲ့သော နေရာ၊ ညွှတ်ကွင်းကို ဓားဖြင့် ဖြတ်တောက်ခဲ့သည့်နေရာ၊

ဒေါင်းမဖြင့် ဖြားယောင်းသောနေရာများကိုပင် တွေ့နိုင် သေးသည်။

၎င်းအမှတ်အသားများမှာ ကျောက်တုံးကျောက်သား ပေါ်၌ ထင်ကျန်နေခဲ့သောကြောင့် ကမ္ဘာတည်သရွေ့ တည်ရှိနေ မည့်နေရာများပင်ဖြစ်၏။

ဥဒေါင်းမင်းဂူကြီး၏အပေါ်ပိုင်းတွင် စေတီတစ်ဆူ ရှိ သည်။

အလောင်းစည်သူမင်းကြီး တည်ထားခဲ့သော စေတီဖြစ် ပြီး ဓာတ်တော်အစစ်များ ဌာပနာသွင်းပြီး တည်ခဲ့သော ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်တော်စစ်စေတီတော်ဟု အမည်ရှိလေသည်။

ထိုစေတီအနီးတွင် စေတီရံများနှင့် အထိကရနေရာ အချို့လည်း ရှိပေသည်။

ထို့ပြင် ထင်ရှားသောကျောက်ရုပ်အချို့လည်း ရှိသည်။ ကျန်စစ်မင်းသားကြီး ကျောက်ရုပ်နှင့် စီးတော်မြင်းကျောက်ရုပ် တို့လည်း ရှိသည်။

ဥဒေါင်းမင်းဂူကြီးမှာ အဝကျယ်ပြီး အတွင်းပိုင်း တ ဖြည်းဖြည်း ကျဉ်းမြောင်းသွားရာ လူဝင်၍မရနိုင်သောနေရာများ အထိ ရှိသည်။

ဒေသခံများက ထိုနေရာတွင် နတ်ကြီးသည်ဟု ယုံကြည် ကြသဖြင့် ထိုနေရာရောက်သောအခါ ပါလာသောပိုက်ဆံများကို ဂူအတွင်းပိုင်းရောက်အောင် ပစ်ထည့်ကြပြီးနောက် လိုသောဆု တောင်းကြလေသည်။

အတွင်းသို့ ရောက်သောပိုက်ဆံများကို မည်သူမှ ဝင်ယူ ၍ မရတော့ပေ။

ဂူပေါက်ကျဉ်းသောကြောင့် မဝင်နိုင်သည့်အပြင် ထို အတွင်း ပစ်ထည့်လိုက်ပါက သက်ဆိုင်ရာအစောင့်များက လာ ရောက် သိမ်းယူသွားသောကြောင့် မယူဝံ့ကြခြင်းလည်း ပါသေး သည်။



www.burmeseclassic.com

www.burmeseclassic.com



ဥဒေါင်းမင်းဂူ၏ ထူးဆန်းသောအနက်မှာ နေ့အခါပင် ဖြစ်စေ၊ ညအချိန်ပင်ဖြစ်စေ ဂူအတွင်းပိုင်းမှာ အမှောင်ရိပ်မရှိဘဲ အလင်းရောင်များ ရှိနေသော ထူးခြားချက်ဖြစ်သည်

မူလသဘာဝ သဘောအရဆိုလျှင် ကျောက်နံရံများ၏ဝါစ်နေရာတွင် အလင်းရောင် ထွက်နေသော သလင်းကျောက်ကဲ့သို့ ကျောက်တုံးများ ရှိနေသောကြောင့် အလင်းရောင်ပြန်ပြီး လင်းနေသည်ဟု ယူဆစရာဖြစ်သော်လည်း ဒေသခံအချို့ကတော့ ဂူကြီးအတွင်းမှာ ရှိသော သိုက်နန်းမှ အလင်းရောင်များဖြစ်သည်ဟု ထင်မြင်ယူဆကြသည်

ထိုဥဒေါင်းမင်းဂူနှင့် မနီးမဝေးမှာ ရှိသောနေရာတွင် တောင်မရွာ တောင်တန်းတစ်ခု ရှိသည်။

ထိုနေရာတွင် ပလောင်လူမျိုးများ အများစု နေထိုင်ကြသည့် 'တောင်မရွာ' ရှိသည်။

သို့ကြောင့်လည်း ထိုရွာနှင့် မဝေးလှသောနေရာ၌ ရှိသည့် တောင်ကြောကို 'တောင်မရွာတောင်' ဟုပင် ဒေသလူယဉ်ကျေး ခေါ်ဝေါ်ကြခြင်းဖြစ်ပေသည်။

ထိုနေရာမှာ နေထိုင်ကြသော ပလောင်လူမျိုးများမှာ မြေပြန့်နှင့် အဆက်အသွယ် မရှိကြဘဲ သီးခြားနေထိုင်ကြသူများ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးများမှာ အသားအရေကောင်းလှပြီး ကိုယ်ခန္ဓာ ဖွံ့ဖြိုးထွားကျိုင်းလှသည်။

ပါးပြင်နုစ်ဖက်မှာ ဆေးမဆိုးပါဘဲ ပန်းနုရောင် သမ်းနေရာ ချယ်ရီပွင့်ဖတ်များ တင်ထားသကဲ့သို့ ရှိလေသည်။

ပလောင်ပျိုမလေးများမှာ သင်တိုင်းများသာ ဝတ်ဆင်လေ့ရှိသဖြင့် ဖြူဝင်းသောအသားအရေနှင့် ဖွံ့ဖြိုးသောကိုယ်ခန္ဓာတို့မှာ အထင်းသား ပေါ်လွင်လျက်ရှိကြသည်။

အချို့ရွာများမှာ နေထိုင်ကြသည့် ပလောင်မိန်းမပျိုများမှာ ပြုစားတတ်သောပညာ တတ်မြောက်ကြသည်ဟု ထင်မြင်ယူဆကြသဖြင့် မည်သူမှ မစော်ကားဝံ့ကြပေ။

တောင်မရွာ အရှေ့ဘက်တောင်ကြောပေါ်၌ ထူးဆန်းလှသည့် သစ်ပင်ကြီးတစ်ပင်ရှိသည်။

ပင်စည်လုံးပတ်များကို ရွှေချထားသော လက်ဖက်ပင်ကြီးဖြစ်သည်။

ဒေသခံများက 'ရွှေလက်ဖက်ပင်ကြီး' ဟု ခေါ်ကြသည်။

ရွှေလက်ဖက်ပင်ကြီး ရှိသောနေရာမှာ ဥဒေါင်းမင်းဂူနှင့် မဝေးလှဘဲ ထိုဂူရှိသောနေရာမှာ အရှေ့ဘက်တောင်ကြောပေါ်သို့ လှမ်းကြည့်ပါက အထင်းသား လှမ်းမြင်နိုင်ပေသည်။

အဘယ့်ကြောင့်ဆိုသော် ထိုလက်ဖက်ပင်ကြီးမှာ လုံး



www.burmeseclassic.com

www.burmeseclassic.com



ပတ် အတောင်(၂၀)ကျော်ခန့်ကြီးပြီး အမြင့်ကလည်း အခြား ကျွန်းပင်ကြီးများပမာ မြင့်လှသည်။

ပင်စည်တစ်ခုလုံးကို ရွှေချထားသောကြောင့် နေရောင် ခြည်နှင့် ထိနေသောအချိန်တွင် အဝေးမှ မျှော်ကြည့်ပါက ရွှေ ရောင်တဝင်းဝင်းနှင့် ရှိလေသည်။

ထိုသို့ရေးသဖြင့် များစွာအံ့သြဖွယ်ရာဖြစ်ပေလိမ့်မည်။

လက်ဖက်ပင်မှာ နှစ်ပေါင်းများစွာကြာသည်အထိ ရှင် သန်နိုင်သော်လည်း နှစ်ပေါင်းတစ်ရာခန့် ကြာလည်း ပင်စည် အလုံးက သုံးလေးထွာထက် ပိုမကြီးပေ။ အမြင့်က လေးငါးပေ ခန့်သာရှိသည်။

ဒါက သာမန်လက်ဖက်ပင်တစ်ပင်၏ အရွယ်အစား အတိုင်းအတာပင်ဖြစ်သည်။

ယခုရေးသားသော ရွှေလက်ဖက်ပင်ကြီးကတော့ သာ မန်ထက် ပိုမိုထူးခြားသော လက်ဖက်ပင်မျိုးဖြစ်သည်။

တစ်နည်းပြောရလျှင် အထိကရလက်ဖက်ပင်ဟုပင် ခေါ်ရပေမည်။

ထိုလက်ဖက်ပင်ကြီးမှာ အလောင်းစည်သူမင်းကြီး၏ ကောင်းမှုတော်ဖြစ်ပြီး အဓိဋ္ဌာန်ပြုကာ စိုက်ခဲ့သောအပင်ဖြစ်၏။

ဓါတ်တော်စစ်ဘုရားကို တည်စဉ်က စိုက်ပျိုးခြင်း ဖြစ်

www.burmeseclassic.com



ဟန်ရှိသည်။

ဒေသခံများ မှတ်သားထားသော မှတ်တမ်းများ၏ ဖော်ပြမှုအရ အလောင်းစည်သူမင်းကြီးမှာ ဟိမဝန္တာအပါအဝင် နေရာအတော်များများ ရောက်အောင် တိုင်းခန်းလှည့်လည်ခဲ့သော သာသနာပြုမင်းတစ်ပါးဖြစ်သည်။

ဟိမဝန္တာရှိ ကျွန်းဦးသပြေဒွာနသို့ ရောက်သောအခါ နတ်ကောင်းနတ်မြတ်များက မင်းကြီးကို ဇမ္ဗူသပြေသီး၊ ဗန္ဓုရ သရက်သီး၊ လက်ဖက်ရွက်များကို ဆက်သတော်မူသည်။

မင်းကြီးက ထိုလက်ဖက်ရွက်အရသာကို များစွာ နှစ်သက် သဘောကျသဖြင့် အစဉ်အမြဲ သုံးဆောင်လိုသောဆန္ဒ ရှိလေသည်။

ထိုအခါ နတ်များက လက်ဖက်စေ့ကို ဆက်သရင်းနှင့်

"ဤသစ်ရွက်မှာ နတ်အပေါင်းတို့ များစွာနှစ်သက်သော နတ်သစ်ရွက်ဖြစ်ပါသည် ဘုရား"

ဟု ပြောကြားသည်။

"ဤသစ်ရွက်ကို အစဉ်အမြဲ စားသုံးရန် မည်ယ်ပုံဘယ် နည်း ပြုရမည်နည်း"

"ရာသီဥတု အေးပြီး သဘာဝ မျှတသော တောင်တန်း များအပေါ်မှာ စိုက်ပျိုးပါက နှစ်ပေါင်းများစွာ စားသုံးခွင့် ရပါလိမ့်



www.burmeseclassic.com

www.burmeseclassic.com



မည် အရှင်မင်းကြီး"

ထိုစကားကြားသောအခါ အလောင်းစည်သူမင်းကြီးလည်း များစွာသဘောကျသဖြင့် ဇမ္ဗူသပြေသီး၊ ဗန္ဓုရသရက်သီးနှင့် လက်ဖက်မျိုးစေ့များကို ယူဆောင်ခဲ့ပေသည်။

ထိုတောင်တန်းဒေသသို့ ပြန်ရောက်သောအခါ မာတ်တော်စစ် စေတီနှင့် မနီးမဝေး တောင်ကုန်းထိပ်ပေါ်မှာလည်း လက်ဖက်ပင်ကြီးတစ်ပင်ကို အမိဋ္ဌာန်ပြုပြီး စိုက်ပျိုးထားခဲ့သည်။

(ထိုလက်ဖက်ပင်ကြီးမှာ အလောင်းစည်သူမင်းကြီး ဘုန်းကံကြောင့် စိုက်ပျိုးပြီး မကြာခင်မှာပင် အထိကရသစ်ပင်ကြီးအဖြစ်သို့ ပြောင်းလဲရောက်ရှိသွားခဲ့သည်ဟု အဆိုရှိသည်)

ပလောင်လူမျိုးတို့လည်း မင်းကြီးပေးခဲ့သော လက်ဖက်အစေ့များကို စိုက်ပျိုးခဲ့ရာ အပင်ငယ်ကလေးများ ပေါက်လာလေသည်။

နှစ်အတန်ကြာ၍ အပင်များ အရွယ်ရောက်လာသောအခါ တောင်ဆိတ်များက ထိုသစ်ရွက်များကို လာရောက်စားသောက်ပြီး ထိုအနီးတဝိုက်မှာပင် ပျော်မြူးခုန်ပေါက်နေသည်ကို တွေ့ကြရသဖြင့် လူတို့က ထိုသစ်ရွက်ကို ခူးစားကြည့်သည်။

ထိုသို့စားမိရာမှာ မည်သည့်သစ်ရွက်အရသာနှင့်မှ မတူဘဲ နှစ်သက်ဖွယ် အရသာ ရှိလှသောကြောင့် ကောင်းမွန်စွာ



www.burmeseclassic.com

www.burmeseclassic.com



စိုက်ပျိုးပြီး နည်းအမျိုးမျိုးဖြင့် ပြုလုပ်ကာ စားသောက်ကြလေသည်။

အလောင်းစည်သူမင်းကြီးက နတ်တို့ ပေးသဖြင့် 'နတ်သစ်ရွက်' ဟု ခေါ်သော်လည်း ပလောင်တို့က မင်းကြီးလက်တစ်ဖက်စာ အစေ့ပေးခဲ့သည်ကို အစွဲပြုပြီး လက်တစ်ဖက်ရွက် ဟု ခေါ်ရာမှ လက်ဖက်ရွက်ဟူ၍ အမည်တွင်ခဲ့ပေသည်။

ထို့ကြောင့်ပင် မြန်မာပြည်တွင် ပလောင်လူမျိုးများသည် လက်ဖက်ပင်ကို အစောဆုံးစိုက်ပျိုးစားသောက်ခဲ့ကြသည်ဟု အဆိုရှိကြပေသည်။

အလောင်းစည်သူမင်းကြီး အမိန့်ဒြာန်ပြု၍ စိုက်ပျိုးသွားသော လက်ဖက်ပင်ကြီးကိုလည်း 'နတ်သစ်ပင်ကြီး' ဟု သတ်မှတ်ကာ ပူဇော်ပသမှုပြုကြသည်။

ပလောင်လူမျိုးများသည် နတ်ကို ယုံကြည်ကိုးကွယ်ကြသောကြောင့် အထိကရ လက်ဖက်ပင်ကြီးကို နတ်သစ်ပင်ကြီးဟု ထင်ပြီး ပူဇော်ကြသည်မှာလည်း အဆန်းတော့ မဟုတ်ပါပေ။

၎င်းတို့ နေထိုင်သော တောင်ကြောနေရာများတွင် အဝါရောင်ရွှေများ ထွက်သောနေရာအချို့ ရှိပေသည်။ သူတို့အတွက် ရွှေသည် လက်ဖက်လောက် တန်ဖိုးမရှိ၊ မသုံးဝင်လှပေ။

www.burmeseclassic.com



သို့ကြောင့် ရွှေများကို ကျို၍ လက်ဖက်ပင်ကြီးမှာ ရွှေချထားကြသည်။

အဝေးမှ လှမ်းကြည့်လျှင် နေရောင်ခြည်ဖြင့် ရွှေရောင်တဝင်းဝင်းနှင့် ရှိနေသောကြောင့် ရွှေလက်ဖက်ပင်ကြီးဟုပင် ခေါ်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၃)

# ခုန်းလေးမျိုးနှင့် တောင်မောက်မာယာဝက်ပါ

ကွမ်ဟယ်နယ်သည် ဂမ္ဘီရဆန်သောနေရာများစွာ ရှိသည်ဟု ရှေ့အခန်း၌ ဖော်ပြခဲ့ပေပြီ။

သို့သော် အခြားဖော်ပြရန် နေရာများစွာ ကျန်နေသေးသည်။

ကွမ်ဟယ်ရွာနှင့် မနီးမဝေး တောင်ကြောဝါစ်ခုပေါ်၌ ကရဝိတ်ဖောင်ပုံသဏ္ဌာန် သဘာဝအတိုင်းဖြစ်နေသော ကျောက်တုံးကြီးတစ်တုံး ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကရဝိတ်ဖောင်တမျှ ရှည်လျား ကြီးမားလှသော ကျောက်တုံးကြီးပင်ဖြစ်သည်။

ဓါတ်တော်စစ်စေတီတော် ရှိရာဘက်သို့ ဖောင်ဦးတိုက်ထားပြီး ကွမ်ပာယ်ရှာနှင့်လည်း မဝေးလှပေ။

အတော်အတန်မြင့်သော တောင်ကုန်းထိပ်ပေါ်မှ လှမ်းမျှော်ကြည့်ပါက အထင်းသား မြင်နိုင်လေသည်။

ဒေသခံများကတော့ ကရဝိတ်ဖောင်မှန်း မသိကြသဖြင့် ကျောက်လှော်ကားကြီးဟုပင် ခေါ်ကြသည်။

ထိုကျောက်လှော်ကားကြီးမှာလည်း သာမညတော့ မဟုတ်ပေ။ လပြည့်ညများတွင် ထိုကျောက်လှော်ကားကြီး အပေါ်မှာ လူအများ သွားလာလှုပ်ရှားနေကြသည်ကို လှမ်းမြင်ကြရလေသည်။

ထိုလူများမှာ ရှေးခေတ်အဝတ်အစားများ ဝတ်ဆင်ထားကြပြီး ရွှေလှော်တက်များကို ကိုင်ထားကြသည်။

ထိုအခါမျိုးတွင် ကျောက်လှော်ကားကြီး ရှိသောနေရာဆီမှ ရေကင်းသံများ ပေါ်ထွက်လာလေ့ရှိသည်။

ထိုရေကင်းသံများကိုတော့ ဒေသခံများက အတိတ်နိမိတ်များအဖြစ် ကောက်ယူကြသည်။

ဆူဆူညံညံ ရေကင်းသံမျိုး ကြားရလျှင် ထိုနေရာတဝိုက်



www.burmeseclassic.com

www.burmeseclassic.com



မှာ ဘေးအန္တရာယ်များ ကြုံတွေ့ရလေ့ရှိပြီး သာယာငြိမ့်ညောင်းသော ရေကင်းသံမျိုး ကြားရပါက ဘေးအန္တရာယ်များ ကင်းရှင်းကာ တောင်ယာစိုက်ခင်းနှင့် လက်ဖက်ခင်းများ သီးနှံအထွက်ကောင်းသည်ဟု ယုံကြည်ကြသည်။

တစ်ခါတစ်ရံမှာလည်း ထူးဆန်းသောမြင်ကွင်းများကို မြင်တွေ့ကြရသည်။

ညဥ့်အချိန် လရောင်ရှိနေခိုက်တွင် ထိုနေရာဘက်မှ ရေကင်းသံ၊ လှေလှော်သံ၊ သံပြိုင်ဟစ်ကြွေးသံတို့ ပေါ်ထွက်လာသဖြင့် ထွက်ကြည့်သောအခါ ကျောက်လှော်ကားကြီးကို မတွေ့ကြရတော့ဘဲ ကရဝိတ်ဖောင်ကြီးကို ရွှေရောင်တဝင်းဝင်းနှင့် တွေ့မြင်ကြရသည်။

ကရဝိတ်ဖောင်တော်ပေါ်မှာ အသုံးပြုသောပစ္စည်းများမှာလည်း လှော်တက်မှအစ နန်းဆောင်အဆုံး အားလုံး ရွှေသားအစစ်ချည်းဖြစ်သည်။

ထို့ပြင် ကရဝိတ်ဖောင်ပေါ်မှာ တည်ဆောက်ထားသောနန်းဆောင်တစ်ခုလုံးမှာလည်း ရွှေငွေကျောက်သံပတ္တမြား အဖိုးတန် ရတနာများဖြင့် တည်ဆောက်ထားသောကြောင့် လရောင်ဖြင့် အလင်းရောင်များ ပေါ်ထွက်နေလေသည်။

တစ်ညလုံး လှေလှော်သံများ၊ ရေကင်းသံများ ကြားနေ



www.burmeseclassic.com

www.burmeseclassic.com



ရပြီး အရုဏ်တက်ချိန်ရောက်သောအခါ ထိုအရာများ ပျောက်ကွယ်သွားပြီး မူလကျောက်လှော်ကားကြီး ပြန်ပေါ်လာလေတော့သည်။

ထိုအရာများ မြင်သောအခါ ရှေးမီနောက်မီဆရာကြီးများကတော့ ဤကဲ့သို့ မှတ်ချက်ချကြသည်။

"ဒီကျောက်လှော်ကားကြီးဆိုတာ သာမန်မဟုတ်ဘူး၊ ရှေးအခါက အလောင်းစည်သူမင်းကြီး စီးတော်မူခဲ့တဲ့ ကရဝိတ်ဖောင်တော်ကြီးအတိုင်း တထေရာတည်း တူနေတာပဲ၊

ကရဝိတ်ဖောင်တော်မှာ တပ်ဆင်အသုံးပြုတဲ့ ရွှေငွေရတနာတွေလည်း မူလအတိုင်းပဲ ရှိတယ်၊

မမြင်သင့်လို့ မမြင်ရတာပဲဖြစ်မယ်၊

တစ်ချိန်ကျလို့ မင်းကောင်းမင်းမြတ်တွေ ပေါ်လာရင် ဒီနေရာမှာ ကရဝိတ်ဖောင်တော်ကြီး ပြန်ပေါ်လာလိမ့်မယ်"

ထိုသို့ပြောပြသည်။

"ဒါဖြင့် ဖောင်တော်မှာ တပ်ဆင်အသုံးပြုတဲ့ ရွှေငွေရတနာတွေလည်း ရှိမှာပေါ့နော်"

"ရှိတာပေါ့. . . ရွှေလှော်တက်တွေကအစ အတွင်းဘက်မှာ ရှိတယ်၊ ရတနာဝစ္စည်းတွေ ရှိတဲ့နေရာကို ကျောက်လှော်ကားသိုက်လို့ ခေါ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် သိုက်ဆရာတွေဘာတွေက နေရာသိရင် လာတူးကြမှာပေါ့နော်"

"ငမှန်ကန်းရဲ့ဘူမိယသိုက်ကျမ်းထဲမှာ ကျောက်လှော်ကားသိုက်လည်း တစ်နေရာ ပါတယ်၊ ဒါကြောင့် လာတူးတဲ့ဆရာတွေ ရှိကြတာပေါ့၊ ဒါပေမယ့် ဘုန်းကံရှိတဲ့ မင်းဘွေ့အတွက်ထားတာဆိုတော့ ဘယ်ရနိုင်ပါ့မလဲ၊ တူးတဲ့လူတိုင်း သေတာပဲ"

"ဘယ်လိုသေတာလဲ. . . သိုက်စောင့်တွေ၊ ဘီလူးတွေလက်ချက်ကြောင့် သေတာလား"

"မဟုတ်ဘူး. . . ရှေးကလူတွေ အစီအရင်ပြုထားခဲ့တဲ့ ကျိန်စာတွေ ထိပြီးသေကြတာပဲ"

"ဘယ်လိုကျိန်စာမျိုးလဲ အဘ"

"အတော်ထူးဆန်းတဲ့ ကျိန်စာမျိုးလို့ပဲ ဆိုရမှာပဲ၊ ကျောက်လှော်ကားကြီးရဲ့အနီးအနားကို သာမန်စိတ်မျိုးနဲ့ ကပ်သွားရင် ဘယ်လိုထူးခြားမှုမျိုးမှ မဖြစ်ဘူး၊ မတော်လောဘစိတ်နဲ့ သိုက်တူးဖို့ ရှာဖို့ သွားမယ်ဆိုရင်တော့ အနီးအနား ရောက်တာနဲ့ 'ဝုန်း' ကနဲ အသံကြားရပြီး မီးခိုးငွေ့တွေ ထွက်လာတော့တာပဲ"

"နောက်တော့ရောဟင်"

"အဲဒီမီးခိုးငွေ့တွေနဲ့ ထိမိရှူမိတာနဲ့ ချက်ချင်းလဲကျသွားတာပဲ၊ နောက်ပြီး အဆိပ်သင့်တဲ့လူလို တစ်ကိုယ်လုံး ခဲညိုပြာ



www.burmeseclassic.com

www.burmeseclassic.com



တက်လာပြီး သေတာပဲ”

“တယ်လည်း ကြောက်စရာကောင်းပါလား”

“ဒါကြောင့် ကျောက်လှော်ကားနားကို ဘယ်သူမှ မကပ်ဝံ့ကြတာပေါ့”

ဟု ပြောပြလေသည်။

ကွမ်ဟယ်ရွာသူရွာသားများကတော့ ကျောက်လှော်ကားကြီးမှာ သူတို့အတွက် အတိတ်နိမိတ်များကို သတိပေးတတ်ပြီး နတ်ကြီးသည့်နေရာတစ်ခုဖြစ်ကြောင်း သတ်မှတ်ထားကြလေသည်။

တစ်ခါက ကျောက်လှော်ကားကြီးနှင့် ပတ်သက်ပြီး ထူးဆန်းသောအဖြစ်အပျက်တစ်ခု ရှိခဲ့ဖူးလေသည်။

ထိုနယ်မှာ နေသော ဆင်းရဲသားတစ်ယောက်သည် ဆင်းရဲလွန်းသဖြင့် ထိုသို့တွေးတောမိသည်။

“ငါတို့နေတဲ့နေရာတဝိုက်မှာ နတ်ကြီးတဲ့နေရာအတော်များများရှိတယ်၊ လူတွေက ရွှေလက်ဖက်ပင်ကြီးကျတော့ ရွှေချပြီး ပူဇော်ကြတယ်၊

ကျောက်လှော်ကားကြီးကျတော့ ဘယ်သူမှ ရွှေချမပေးကြဘူး၊ အဲဒီမှာ နေကြတဲ့ အစောင့်နတ်တွေက ကျောက်လှော်ကားကြီးကို ရွှေချပေးရင် သဘောကျမှာ အမှန်ပဲ၊ သူတို့သဘော



www.burmeseclassic.com

www.burmeseclassic.com



ကျရင် ငါ့အတွက်လည်း အကူအညီပေးချင်ကြမှာပဲ”

ဟု ကြံရာမရသဖြင့် ထိုသို့တွေးတောမိပြီးနောက် ရွှေထွက်သောနေရာသို့ သွားကာ ရွှေကျင်လေသည်။

ရရှိသောရွှေများကို ကျုံးပြီး ကျောက်လှော်ကားကြီး ရှိရာသို့ ယူဆောင်သွားလေသည်။

ထိုနေရာသို့ ရောက်သောအခါ ကျုံးယူလာသော ရွှေရည်များဖြင့် ကျောက်လှော်ကားကြီးကို သုတ်ပေးလေသည်။

နေရာအတော်များများ သုတ်ပေးပြီးသောအခါ ကျောက်လှော်ကားကြီး အနောက်ဖက်မှ ခြေသံလိုလို ကြားရသဖြင့် လှမ်းကြည့်လိုက်သောအခါ လူတစ်ယောက် ထွက်လာသည်ကို တွေ့ရသည်။

နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးအဖြူများနှင့် အသက်အရွယ်ကြီးလှပြီး ရှေးခေတ်က ဝတ်ဆင်သောအဝတ်အစားများကို ဝတ်ဆင်ထားသည်။

အဘိုးအိုက ရွှေချနေသူအနီးသို့ လျှောက်လာပြီး မေးလေသည်။

“ဘာလုပ်နေတာလဲကွယ့်”

“ကျောက်လှော်ကားကြီးကို ရွှေချပေးနေတာပါ”

“လူတွေက လက်ဖက်ပင်ကြီးမှာပဲ ရွှေချပေးကြတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒီဘက်တော့ ဘယ်သူမှ မလာဝံ့ကြပါဘူး၊ မင်းက ဘယ်လိုစိတ်တူးနဲ့ ရောက်လာတာလဲ"

"တခြားတော့ မဟုတ်ပါဘူး၊ လက်ဖက်ပင်ကြီးမှာ ရွှေရှိနေတော့ ဒီကျောက်တုံးကြီးမှာလည်း ရွှေရှိနေရင် ကောင်းမှာပဲလို့ တွေးမိလို့ပါ"

အဘိုးအိုက သဘောကျစွာ တစ်ချက်ပြုံးလိုက်လေသည်။

"တကယ်တော့ ဒီကျောက်လှော်ကားကြီးက တကူးတက ရွှေချပေးနေစရာ မလိုပါဘူးကွယ်၊ သူ့မှာ မူလ,ရွှေကရဝိတ် ဖောင်တော်ကြီး ရှိနေပြီးသားပါ"

"ဘယ်နေရာမှာလဲဟင်"

"အခုတော့ ဘယ်မြင်ရမှာလဲ၊ အချိန်တန်တော့ တွေ့ကြရမှာပေါ့၊ ဒါပေမယ့် မင်းရဲ့စေတနာနဲ့စိတ်ကူးလေးကို သဘောကျပါတယ်၊ ဒါကြောင့် မင်းစေတနာကို တုံ့ပြန်ပေးပါ့မယ်၊ ရွှေယူမလား ငွေယူမလား"

ရွှေချနေသူက အတန်ငယ် စဉ်းစားပြီး ခေါင်းခါပြသည်။

"ဒီနေရာတွေမှာ ရွှေတွေငွေတွေ ရှိနေရုံနဲ့ ဝမ်းမဝနိုင်ဘူး၊ စားစရာရှိမှ ဝမ်းဝမှာ အဘရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . . ဒီလိုဖြင့် မနက်ဖြန်ညနေပိုင်းအချိန်မှာ လှည်းတစ်စီး ငှားပြီးတော့ ဒီနေရာကို အရောက်လာခဲ့ပေတော့၊ ဘယ်သူမှ အဖော်မခေါ်ခဲ့နဲ့၊ မင်းတစ်ယောက်တည်း လာပါ၊ နောက်ပြီး ဒီအကြောင်းတွေကိုလည်း အခြားဘယ်သူမှ မသိကြစေနဲ့. . ကြားလား"

"စိတ်ချပါ"

ဟု ပြောပြီး ရွာသို့ ပြန်လာလေသည်။

နောက်တစ်နေ့ ရောက်သောအခါ တောထဲမှာ ထင်းတိုက်မည်ဟု ပြောပြီး လှည်းတစ်စီးငှား၍ ကျောက်လှော်ကားကြီးရှိရာသို့ တစ်ယောက်တည်း သွားလေသည်။

ကျောက်လှော်ကားကြီးအနီး ရောက်သောအခါ တစ်နေရာမှ လှမ်းမေးသံ ကြားလိုက်ရသည်။

"လှည်းရောက်လာပြီလားဟေ့"

"ရောက်ပြီဗျို့"

"ဒီလိုဖြင့် ကျောက်လှော်ကားကြီးရဲ့နံဘေးမှာ လှည်းရပ်လိုက်တော့ဟေ့"

ဟု ပြောသဖြင့် ကျောက်လှော်ကားကြီးရဲ့နံဘေးမှာ ထွဉ်ပြီးရပ်ပေးလိုက်သည်။

ခဏကြာတော့ လှည်းပေါ်သို့ ပဲတောင်း၊ ဆန်တောင်း၊

www.burmeseclassic.com

www.burmeseclassic.com



ဆီအိုး၊ ဆားအိုးနှင့် အစားအသောက်ပစ္စည်းများ ရောက်လာရာ လှည်းပြည့်သွားလေသည်။

ထိုသူမှာ လှည်းနှင့်အပြည့် ရောက်လာသော အစားအသောက်များကို အခြားသူများ မမြင်အောင် သစ်ရွက်များဖြင့် ဖုံးအုပ်ကာ အိမ်သို့ ယူဆောင်သွားလေတော့သည်။

ထိုအချိန်မှစပြီး တစ်နှစ်ပတ်လုံး စားသောက်စရာအတွက် မပူပန်ရတော့ဘဲ အေးချမ်းစွာ နေရလေသည်။

နောက်ပိုင်း ထိုအကြောင်းကို အခြားသူများ သိသွားပြီး သူလုပ်သကဲ့သို့ ပြုလုပ်ကြသော်လည်း ဘာမှမရကြဘဲ ပင်ပန်းသည်သာ အဖတ်တင်ကြလေတော့သည်။

ထို့ထက်ပိုပြီး ပြုလုပ်ပါက ကြောက်မက်ဖွယ်ကောင်းသော တစ္ဆေသရဲများ ထွက်လာပြီး ခြောက်လှန့်လွှတ်သောကြောင့် ထိုနေရာသို့ နောက်တစ်ခါ မလာဝံ့ကြတော့ပေ။

ကျောက်လှော်ကားကြီးအတွင်းမှာ ရှိသော ရတနာပစ္စည်းများကို ရယူရန် အကြံအစည်ဖြင့် လာပါက ထိုနေရာရောက်သည်နှင့် ကျောက်လုံးကြီးအတွင်းမှ အဆိပ်ငွေ့များနှင့်တူသော မီးခိုးငွေ့များ ထွက်လာပြီး ထိုမီးခိုးငွေ့များနှင့် ထိခိုက်သည်နှင့် အတုံးအရုံး လဲကျသေဆုံးသွားကြလေတော့သည်။

ဤသို့ဖြင့် ကွမ်ဟယ်ရွာအနီးတဝိုက်တွင် စိတ်ဝင်စား



www.burmeseclassic.com

www.burmeseclassic.com



စရာလည်းကောင်း၊ ကြောက်စရာလည်း ကောင်းလှသောနေရာများစွာ ရှိကြလေသည်။

ကွမ်ဟာယ်ရွာမှာ အိမ်ခြေတစ်ရာကျော်ခန့်ရှိသော တောင်ပေါ်ရွာကြီးတစ်ရွာပင်ဖြစ်၏။

အများစုကတော့ ပလောင်လူမျိုးများဖြစ်ပြီး ရှမ်းနှင့် မြန်မာအချို့လည်း ရောနှောနေထိုင်ကြလေသည်။

ထိုရွာမှာ နေထိုင်ကြသူများမှာ တောင်ယာစိုက်ခင်းများ ပြုလုပ်ပြီး စပါးနှင့်အခြားသီးနှံများ စိုက်ပျိုးကြသည်။ အများစုကတော့ တောင်စောင်းများပေါ်မှာ လက်ဖက်စိုက်ခင်းများ စိုက်ပျိုး၍ အသက်မွေးဝမ်းကျောင်းပြုကြလေသည်။

အချို့ကလည်း တောတောင်များပေါ် တက်ပြီး သားကောင်ရှာဖွေခြင်း၊ အဖိုးတန်သစ်ခွပန်းများ၊ ဆေးဖက်ဝင်ပစ္စည်းများ ရှာဖွေခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြလေသည်။

နီမောင်မှာ ကွမ်ဟာယ်ရွာမှာ နေထိုင်သူတစ်ဦးဖြစ်သည်။ သူသည် ကွမ်ဟာယ်ရွာသားစစ်စစ်တစ်ယောက် မဟုတ်စေကာမူ ထိုရွာသို့ ငယ်စဉ်ကတည်းက ရောက်ရှိနေခဲ့သောကြောင့် ထိုရွာမှာပင် ကြီးပြင်းခဲ့ရသည်။

ဖခင်ဖြစ်သူက ပလောင်အမျိုးသမီးတစ်ဦးနှင့် အကြောင်းပါပြီးနောက် ထိုအမျိုးသမီးဆွေမျိုးများ ရှိရာသို့ ရွှေ့



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းနေထိုင်ရာမှ ကွမ်ဟယ်ရွာသို့ ရောက်ခဲ့ကြခြင်းဖြစ်သည်။

ကွမ်ဟယ်ရွာသို့ ရောက်သောအခါ မိခင်ဘက်မှ ဆွေမျိုးသားချင်းများက ပေးသော လက်ဖက်စိုက်ခင်းနှင့် မြေအချို့ကို ရသဖြင့် စပါးနှင့်သီးနှံများ စိုက်ပျိုးစားသောက်ကြလေသည်။

နီမောင် အရွယ်ရောက်လာသောအခါ ဖခင်နှင့်အတူ လက်ဖက်စိုက်ခင်းများ၊ အခြားသီးနှံစိုက်ခင်းများကို ကူညီလုပ်ကိုင်ပေးသည်။

အလုပ်အားလပ်သောအချိန်များတွင် တောင်ပေါ်တက်ပြီး သားကောင်ရှာဖွေခြင်းနှင့် ဆေးမြစ်ဆေးဥများ ရှာဖွေခြင်းများ ပြုလုပ်လေသည်။

ပထမတော့ 'တောင်ပေါ်တက်၊ တောနက်ထဲသို့ တစ်ယောက်တည်း မဝင်ဝံ့သောကြောင့် အဖော်များနှင့်အတူ သွားရလေသည်။ ကွမ်ဟယ်ရွာတွင် နီမောင်နှင့် ညီအစ်ကိုတမျှ ရင်းနှီးခင်မင်သော အဖော်နှစ်ယောက်ရှိသည်။

စောထီးနှင့်ငမဲအောင်တို့ဖြစ်သည်။

တောင်ပေါ် တက်သည့်အခါ ၎င်းတို့နှစ်ယောက်နှင့် အဖော်ပြုပြီး သွားရတော့လေသည်။

တောတွင်းအတွေ့အကြုံများနှင့် မုဆိုးအတတ်ပညာများကိုတော့ ကွမ်ဟယ်ရွာမှာ နေထိုင်သော မုဆိုးကြီးဇမုန်းထန်



www.burmeseclassic.com

www.burmeseclassic.com



ထံမှ မေးမြန်းသင်ယူရသည်။

ဇမုန်းထန်က အရက်မမူးသည့်အခါ စိတ်ရှည်လက်ရှည် ပြောပြပေးလေ့ရှိသည်။

"တောတောင်ဆိုတာ အင်မတန် မာယာများတဲ့နေရာ တွေပဲကွ၊ သူတို့ရဲ့လှည့်စားမှုတွေကို နားမလည်ဘဲ တောထဲ ဝင်သွားရင်တော့ မုဆိုးဘဝကနေ သားကောင်ဘဝကို ရောက် သွားနိုင်တယ်၊

သားကောင်တွေဆိုရင်လည်း သူတို့ရဲ့သဘာဝကို သိ ထားရတယ်၊ တောထဲမှာ ကိုယ်က သတ်မယ့်သားကောင်တွေ ရှိသလို ကိုယ့်ကို သတ်မယ့်တောကောင်တွေလည်း အများကြီး ရှိတယ်"

"ဟုတ်ကဲ့ပါ ဆလိုင်း"

ဆလိုင်းဟူသော ဝေါဟာရမှာ အကြီးအကဲတစ်ယောက် အဖြစ် အရိုအသေပြု၍ ခေါ်လိုက်ခြင်းပင်ဖြစ်၏။

"ဒါပေမယ့် တောကောင်ကြီးတွေက လူနဲ့ ရင်ဆိုင်တွေ့ ဆုံ့အခါမှာ သူ့ရဲ့အသက်ဘေးအတွက် ကာကွယ်တာနဲ့ အစာ အတွက် သတ်ဖြတ်တာဆိုပြီး ဒီနှစ်မျိုးနဲ့ပဲ ပြန်လည်တိုက်ခိုက်လေ့ ရှိတယ်"

"ဟုတ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် တောထဲမှာတော့ ဘယ်လိုသတ္တဝါနဲ့ပဲတွေ့တွေ့ အန္တရာယ်ရှိတာချည်းပါပဲ၊ ပုရွက်ဆိတ်ကို အကောင်သေးတဲ့ သတ္တဝါဆိုပေမယ့် အန္တရာယ်မရှိဘူးလို့ တထစ်ချ တွက်လို့မရဘူး၊ ပုရွက်ဆိတ်တွေ ထောင်ပေါင်းများစွာ ဖြစ်လာရင် လူမဆိုထားနဲ့ . ဆင်တောင် အသက်ဘေးအန္တရာယ် ဖြစ်စေနိုင်တယ်၊

ပဒူကောင်တွေလိုပေါ့ . . . အကောင်သေးငယ်ပေမယ့် ပဒူကောင်တွေ နေတဲ့ကျင်းထဲ ကျသွားရင် လူမပြောနဲ့ တောတိရစ္ဆာန်ကြီးတွေတောင် အရိုးစုဘဝ ပြောင်းသွားနိုင်တယ်"

"ဟုတ်ကဲ့ ဆလိုင်း"

"အေး . . . တောတိရစ္ဆာန်တွေတင် မကဘူး၊ တောထဲမှာ ရှိကြတဲ့ သဘာဝတရားတွေကလည်း ကြောက်စရာကောင်းကြတာပဲ"

"ဘာတွေလဲ ဆလိုင်း"

"သစ်စုန်းပင်တွေ၊ နွယ်ရှင်တွေ၊ လူနဲ့တိရစ္ဆာန်တွေကို မာယာနဲ့ ဖြားယောင်းပြီး ဖမ်းစားတတ်တဲ့ လူသားစားပန်းပွင့်တွေ၊ နောက်ပြီး ပရလောကသားလို့ ခေါ်တဲ့ တစ္ဆေသရဲ ကျွတ်တွေပေါ့"

သစ်စုန်းပင်များမှာ လူသံကြားတော့ အသက်ဝင်သကဲ့



www.burmeseclassic.com

www.burmeseclassic.com



သို့ ဖြစ်လာပြီး လူနှင့်တိရစ္ဆာန်များကို ဖမ်းဆီးသတ်ဖြတ်လေ့ရှိသည်။ နွယ်ရှင်များသည်လည်း ထိုအတိုင်းပင်ဖြစ်သည်။

၎င်းတို့အနားသို့ မရောက်သေးလျှင် ကြိုးတစ်ချောင်းကဲ့သို့ ငြိမ်သက်စွာ ရှိနေတတ်ပြီး လူနှင့်တိရစ္ဆာန်များ ၎င်းတို့အနီးသို့ ရောက်လာတော့မှ မြွေတစ်ကောင်ကဲ့သို့ အသက်ဝင် လှုပ်ရှားလာပြီး လိုက်လံဖမ်းဆီးလေ့ရှိသည်။

အချို့လည်း သစ်ပင်ပေါ်မှ ဖျာလိပ်ကြီး ဖြေချလိုက်သကဲ့သို့ ဝေါကနဲ ကျလာပြီး ဖမ်းယူလေ့ရှိသည်။

သားကောင်ကို ဖမ်းမိသည်နှင့် အပေါ်သို့ ပြန်လိမ်ယူသွားလေရာ ဘယ်လိုမှ လွတ်လမ်းမရှိနိုင်ပေ။

ထိုနွယ်ပင်ကို နွယ်ငန်းပင်ဟု ခေါ်ကြပြီး ရှေးအခါက ပုပ္ပါးတောင်ကလပ်မှာပင် တွေ့နိုင်ကြသည်။

၎င်းနွယ်ငန်းကြီးများမှာ (၇)ရက်တစ်ကြိမ်၊ (၁၅)ရက်တစ်ကြိမ် တောင်ခြေသို့ ရေသောက်ဆင်းလေ့ ရှိကြသည်။ ပုပ္ပါးတောင်ကလပ်ထိပ်သို့ ဆေးမြစ်ဆေးဥ ရှာဖွေရန်နှင့် အဓိဋ္ဌာန်ဝင်ရန် သွားမည့်သူများမှာ တောင်ပေါ်သို့ တက်ရန် ထိုနွယ်ငန်းပင်ကြီးများကို စောင့်ကြရသည်။

ထိုနွယ်ငန်းပင်ကြီးများ ဆင်းလာသည်နှင့် ကြုံသော အခါ ထိုနွယ်ပင်ကို ခိုတွယ်ပြီး လိုက်သွားကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြန်ဆင်းတော့လည်း ထိုနည်းအတိုင်းပင်ဖြစ်သည်။ ထို နွယ်ငန်းများကတော့ လူကို အန္တရာယ်မပေးကြချေ။ တောနက် အတွင်းမှာ ရှိကြသည့် နွယ်ငန်းပင်များကတော့ လူနှင့်တိရစ္ဆာန် များကို ဖမ်းဆီးသတ်ဖြတ်ကြသည်။

အချို့နွယ်ရှင်များမှာ လူနှင့်တိရစ္ဆာန်များကို ဖမ်းမိသည် နှင့် လိပ်ယူသွားပြီး သွေးစုပ်ယူကြသည်။

သွေးကုန်တော့မှ ပြန်ဖြေချလိုက်ကြသည်။

တောနက်အတွင်းမှာ ရှိသော ပန်းပွင့်များမှာလည်း သတ္တဝါများကို ဖမ်းဆီးသတ်ဖြတ်ကြသည်။

အင်းဆက်ပိုးကောင်များကို ဖမ်းဆီးသောပန်းပွင့်များ၊ ဒရယ်၊ ဖွတ်၊ ယုန် အစရှိသော သားကောင်ငယ်များကို ဖမ်းဆီး တတ်သောပန်းပွင့်များ၊ အချို့ပန်းပွင့်ကြီးများကတော့ လူကို အန္တရာယ်ပေးလေ့ရှိကြသည်။

တစ်ချိန်လုံး ငုံနေပြီး လူအနားရောက်တော့မှ တဖြည်း ဖြည်း ပွင့်အာလာသည်။

ထိုသို့ပွင့်အာလာသောအခါ စူးရှသောအနံ့တစ်မျိုး ထွက်လာသည်။ ထိုရနံ့ကို ကြာကြာရှူမိပါက မူးမေ့ပြီး လဲကျသွား စေသည်။ လဲကျသွားသည်နှင့် နွယ်လက်တံများက ထွက်လာပြီး ကြိုးဖြင့် အထပ်ထပ် တုပ်နှောင်သကဲ့သို့ ရစ်ပတ်သွားလိုက်လေ



www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

ထိုနွယ်ပင်မျိုးနှင့် တွေ့ပြီး အန္တရာယ်ပြုခြင်း ခံရသော်လည်း ချက်ချင်းတော့ မသေနိုင်ပေ။

ခြေလက်များနှင့် တစ်ကိုယ်လုံး မလှုပ်နိုင်သော်လည်း သတိရလာပြီးနောက် ပါးစပ်မှ အော်ဟစ်အကူအညီတောင်းနိုင်သေးသည်။

အကယ်၍ ကံကောင်းထောက်မပြီး အနီးတဝိုက်တွင် ကယ်မည့်သူ ရှိနေပါက ဝင်ရောက်ကယ်တင်ပေးပါက အသက်အန္တရာယ်ဘေးမှ လွတ်မြောက်နိုင်မည်။

"တောထဲမှာ သဘာဝတရားတွေထက် ပိုပြီးကြောက်စရာကောင်းတာကတော့ ပရလောကသားတွေရဲ့လှည့်စားမှုပဲ၊ အဲဒါကို တောတောင်မာယာလို့လည်း ခေါ်ကြတယ်"

"ဘယ်လိုမာယာမျိုးတွေလဲ ဆလိုင်း"

"အများကြီးပေါ့ကွာ. . . တောထဲမှာ ရှိကြတဲ့ ကျတ်တွေ၊ သိုက်စောင့်တွေ၊ ရုမှန်းတွေက လူယောင်ဆောင်ပြီး လှည့်စားကြတာတွေ. . .

နာနာဘာဝတွေက ဖြားယောင်းပြီး အန္တရာယ်ပေးတာတွေပေါ့။ နောက်ပြီး တောတောင်တွေထဲမှာ သဘာဝအတိုင်းရှိနေတဲ့ သစ်စုန်း၊ မြေစုန်း၊ မီးစုန်း၊ ရေစုန်းဆိုတဲ့ စုန်းလေးမျိုး



www.burmeseclassic.com

www.burmeseclassic.com



ကြောင့်လည်း အသက်အန္တရာယ်ဖြစ်စေနိုင်တယ်”

သစ်စုန်းဆိုသည်ကတော့ ရှေ့မှာ ဖော်ပြပြီးခဲ့လေပြီ။ မြေစုန်းကတော့ ကြည့်လိုက်လျှင် သာမန်မြေပြင်ဟု ထင်ရပြီး နင်းမိတော့မှ ဝဲကတော့ မွှေ့သကဲ့သို့ လှုပ်ရှားလာပြီး မြေပြင်အောက်သို့ စုပ်ယူသွားခြင်းဖြစ်သည်။

ရေစုန်းလည်း ထိုနည်းအတိုင်းပင်ဖြစ်သည်။

မီးစုန်းခါတ်အကြောင်းကတော့ ဝင်းလက်တောက်ပနေသည့် မီးလုံးများ တစ်နေရာမှတစ်နေရာ သွားလာနေရင်းမှ လူနှင့်တိရစ္ဆာန်များနှင့် တွေ့သောအခါ အန္တရာယ်ပေးကြခြင်းဖြစ်သည်။ ပင်လယ်ပြင်မှာတော့ ၎င်းကို ‘ပင်လယ်စုန်း’ ဟု ဒေသအလိုက် ခေါ်ဝေါ်ကြသည်။

ဇမုန်းထန် ပြောပြသောအကြောင်းများထဲတွင် ဥစ္စာစောင့်နှင့် ဂမုန်းပင်များ၏လှည့်စားမှုများအကြောင်းမှာ စိတ်ဝင်စားဖွယ်ရာကောင်းလှပေသည်။

နီမောင်အတွက်ကတော့ ဇမုန်းထန် ပြောပြသော ‘တောတောင်မာယာနှင့် လျှို့ဝှက်ချက်’ များမှာ တန်ဖိုးမဖြတ်နိုင်သည့် အကြောင်းအရာများပင် ဖြစ်ပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၃)

# ရေခဲတောင်ပေါ်မှ ရတနာ

နီမောင်က မုဆိုးသက် နုနယ်သေးသော်လည်း ခွန့်ခွန့်စားစား သွားလာလုပ်ကိုင်ရသည်ကိုတော့ ဝါသနာပါသည်။ သူများ မရောက်နိုင်သောနေရာကို ရောက်လိုသည်။

သူများ မလုပ်နိုင်သောအလုပ်မျိုးကို လုပ်လိုသော ဝါသနာမျိုးဖြစ်သည်။

တောင်ပေါ်မုဆိုးများအတွက် အဖမ်းရခက်ပြီး အဖယ် ၍ ဖမ်းဆီးရလျှင်လည်း ဈေးကောင်းရသော တိရစ္ဆာန်အချို့



www.burmeseclassic.com

www.burmeseclassic.com



ရှိပေသည်။

တောင်ဆိတ်၊ ကတိုးကောင်နှင့် ရှဖိုက်ဟု ခေါ်ကြသည့် တာကင်ကောင်များပင်ဖြစ်သည်။

အခြားတိရစ္ဆာန်များ ဖမ်းဆီးရမိပါက သင့်သလောက်သာ ရသော်လည်း ရှားပါးသလောက် တန်ဖိုးရှိသော ထိုတိရစ္ဆာန်မျိုး ဖမ်းမိပါက ငွေကြေးမြောက်များစွာ ရနိုင်ပေသည်။ ထိုတိရစ္ဆာန်သုံးမျိုးစလုံးမှာ ပေ(၈၀၀၀)ကျော်အထက်မြင့်သော ရေခဲတောင်များပေါ်မှာသာ အနေများသည်။

နွေဦးပေါက်ရာသီတွင် ရေခဲများ အရည်ပျော်ကျလာသောအချိန်မှာ ရေခဲပြင်အောက်မှာ ရောက်နေကြသော ဝါးပင်များမှာ ရွက်နုကလေးများ ထွက်လာပြီး အစို့အညှောင့်များလည်း ထွက်လာသည်။

ရေခဲတောင်ပေါ်မှာ နေကြသော တောင်ဆိတ်၊ ကတိုးနှင့် တာကင်ကောင်များမှာ ဝါးရွက်နုကလေးများ လွန်စွာကြိုက်နှစ်သက်သောကြောင့် ထိုရာသီရောက်သောအခါ တောင်ခြေသို့ ဆင်းလာကြသည်။

မုဆိုးများက ထိုအချိန်မျိုးကို စောင့်ပြီး ဖမ်းဆီးကြရပေသည်။ တောင်ဆိတ်သည် ဦးချို၊ ခွာနှင့် အခြားဆေးဖက်ဝင်သောပစ္စည်းများ ပါသဖြင့် ဈေးကောင်းပေးဝယ်ကြခြင်းဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။

နောက်တစ်မျိုးကတော့ ကတိုးဖြစ်သည်။

ကတိုးကောင်မှာ တစ်ကိုယ်လုံး ဆေးဖက်ဝင်သော သတ္တဝါ ဖြစ်ပြီး ပေ(၈၀၀၀)နှင့် တစ်သောင်းကျော် မြင့်မားသည့် ရေခဲတောင်များပေါ်မှာ နေလေ့ရှိသည်။

အကောင်အရွယ်အစားမကြီးလှဘဲ ဂျီကောင်၊ ဒရယ်ကောင်နှင့် တူပြီး နောက်ခြေနှစ်ချောင်းက ပိုမြင့်သည်။ ခြေထောက်မှာ ခွာများ ပါသည်။

ကတိုးကောင်အထီးများ၌ ချက်တွင် အလွန်မွှေးသော အမည်းရောင်အလုံးကလေးများ သို့မဟုတ် အမှုန့်များနှင့် ပြည့်နေသောအထုပ်ကလေးတစ်ထုပ်ကို အရည်နှင့်အသားကြားတွင် တွေ့ရှိနိုင်လေသည်။ အမများတွင်ကား မရှိပေ။

ထိုဒေသရှိ မုဆိုးများသည် ကြိုးကွင်းများ ပစ်ထောင်၍လည်းကောင်း၊ အဆိပ်လူးမြားဖြင့် ပစ်၍လည်းကောင်း၊ အကောင်များကို ရရှိသောအခါ အသားများကို စား၍ အဆိုပါ အမှုန့်များ ပါသည့်အိတ်ကလေးကို ခွဲထုတ်ယူကာ အခြောက်လှမ်းထားပြီးနောက် ရောင်းချကြ၏။

ပူတာအိုမြို့တွင် ထိုကတိုးလုံးများမှာ တစ်ကိုလာ အလေးချိန်ကို (၁၈)ကျပ်မှ (၄၀)ကျပ်ထိ ထိုစဉ်က ဈေးအရောင်း



www.burmeseclassic.com

www.burmeseclassic.com



အဝယ် ရှိကြသည်ဟု သိရလေသည်။

ၛင်းကတိုးကို လူ၌ဖြစ်တတ်သော နှာစေးချောင်းဆိုးသူများတွင် ရှူ၍လည်းကောင်း၊ လေနာရောဂါဖြစ်လျှင် ရေဖြင့်သောက်၍လည်းကောင်း စားသုံးကြသည့်အပြင် မြင်းနှင့်လားများ ရုတ်တရက် ရောဂါကျလာသောအခါတွင် ၛင်းကတိုးဆေးနှင့် ကုသကြသည်။ မြင်းနှင့်လား မွေးမြူသူများသည် ထိုဆေးကို အမြဲဆောင်ထားကြလေသည်။

ကတိုးကောင်၏အမွေးများသည် အချောင်းကြီးမားပြီး အလွန်ပေါ့ပါးလေသည်။ ၛင်းကို ခေါင်းအုံးလုပ်ရန် များစွာကောင်းမွန်သည်။ ၛင်းကို ခေါင်းအုံးလုပ်ခြင်းဖြင့် ကိုယ်အကိုက်အခဲများ ခေါင်းအကိုက်အခဲများ မဖြစ်ဟု အဆိုရှိကြ၏။

ကတိုးအသားမှာလည်း အလွန်စားကောင်း၍ မွှေးသောအနံ့ ရှိသည်ဟု သိရှိရပါ၏။

အမွေးများနှင့်ကတိုးလုံးများကို တိဗက်ဒေသနှင့်တရုတ်ပြည်ဘက်မှ ကုန်သည်များက အမြတ်တနိုး ဝယ်ယူနေခြင်းအားဖြင့် ဤကတိုးကောင်ကို လိုက်လံဖမ်းဆီးခြင်းမှာ ပူတာအိုနယ်စပ်ဒေသရှိ လူများအဖို့ စီးပွားရေးလုပ်ငန်းတစ်ခုပမာ ဖြစ်လျက်ရှိပါသည်။

တိဗက်လူမျိုးတို့သည် မချစ်ဥနှင့် ပတ်သက်၍ စီးပွား



www.burmeseclassic.com

www.burmeseclassic.com



ဖြစ် လုပ်ကိုင်လေ့ရှိကြသည်။

မြန်မာနိုင်ငံတွင်လည်း မချစ်ဥနှင့် ပတ်သက်၍ ဆေးဝါးအဖြစ် နည်းအမျိုးမျိုး သုံးစွဲကြသည်။

ကချင်ပြည်နယ်တွင် တွေ့ရသည့် ဆေးဖက်ဝင်သော သစ်မြစ်သစ်ဥတို့အနက် 'မချစ်' ခေါ် 'ကြက်သွန်ဂမုန်း' မှာ နာမည်အကြီးဆုံးဆေးဥဖြစ်သည်။

"မချစ်" မှာ ရဝမ်စကားဖြစ်သည်။ တိဗက်-မြန်မာနယ်စပ်တွင်သာ တွေ့ရသည့် ဆေးဥဖြစ်၍ ဒေသရှိ ရဝမ်တိုင်းရင်းသားများ ခေါ်ဝေါ်သုံးစွဲသည့်အတိုင်း အခြား ဂျင်းဖော၊ ခန္တီးရှမ်းလူမျိုးများကပါ 'မချစ်' ဟု ခေါ်တွင်နေကြခြင်းဖြစ်သည်။

'အဒွန်းလောင်း' နှင့် 'စိန်ခူးဝမ်' မြစ်ဝှမ်းနေ တိဗက်လူမျိုးများကမူ 'မချစ်' အား 'ယော်တော့' (Yaw Taw) ဟု ခေါ်ကြ၏။

ယူနန်နယ်မှ တရုတ်များကမူ 'မချစ်' အား 'ပိုက်မူ' (Pai-Mu) ဟု ခေါ်ကြပြန်သည်။

အနောက်နိုင်ငံသုံး ရုက္ခဗေဒစကားဖြင့် (Fritillaria Roylei)ဟု ခေါ်တွင်ကြောင်း လေ့လာတွေ့ရှိကြရလေသည်။

'မချစ်' ဆေးဂမုန်းကို အသုံးပြုရန် စတင်သိရှိကြသူများမှာ ယူနန်နယ်မှ တရုတ်ကုန်သည်ကြီးများပင်ဖြစ်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



မြန်မာပြည်မြောက်ဘက်အစွန်ဆုံး နယ်စပ်ဒေသရှိ 'မချစ်' ထွက်သောနေရာများကို စတင်သိရှိကြသူများမှာ တိဗက်များပင် ဖြစ်လေသည်။

ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီလောက်မှ မြန်မာပြည်တွင်းနေ တိုင်းရင်းသားရဝမ်၊ ထလု၊ တရုံ တိုင်းရင်းသားတို့ စတင်၍ မချစ်ရှာဖွေရကောင်းမှန်း သိရှိလာကြ၏။

ယူနန်မှ တရုတ်လားဝန်တင်ကုန်သည် 'လောပန်' ကြီးများသည် 'မချစ်' ကို စုဆောင်းဝယ်ယူသူများဖြစ်ကြသည်။

မြန်မာပြည်တောရွာများတွင် စပါးပေးယူသော အရင်းရှင်များကဲ့သို့လည်းကောင်း၊ လောပန်ကြီးများသည် 'မချစ်' ရှာဖွေတူးဖော်သူများထံသို့ ဆား၊ အဝတ်အစား၊ ဝက်ပေါင်ခြောက်၊ လက်ဖက်ခြောက်၊ ငွေ စသည်တို့ ကြိုတင်၍ပေးထားပြီး 'မချစ်' ပေါ်ချိန်တွင် လာရောက်သိမ်းဆည်းသွားကြလေ့ရှိသည်။

နှစ်စဉ် 'မချစ်' ပေါ်ချိန်ရောက်လျှင် တာရုံမြစ်ဝှမ်းမွန်ဒမ်းဘက်မှ တရုတ်လားကုန်သည် တစ်ရာနှစ်ရာဆိုသလို နမ်တမိုင် မြစ်ဝှမ်းအတိုင်း မြန်မာပြည်သို့ ဝင်ရောက်လာကြ၏။

ကုန်သည်တစ်ဦးလျှင် လားများအပြင် အထမ်းကုလီ (၇၀)ခန့် ပါလာသည်ဖြစ်ရာ 'မချစ်' ပေါ်လာချိန်တွင် နမ်တမိုင်မြစ်ဝှမ်း၏ဗဟိုဖြစ်သော ပန်နမ်းဒင်ရွာစခန်းမှာ ဈေးဆိုင်များနှင့်



www.burmeseclassic.com

www.burmeseclassic.com



အထူးစည်ကားခဲ့သောနေရာဖြစ်ခဲ့သည်။ စစ်ပြီးခေတ်နှင့် (၁၉၄၆-၄၈)ခုနှစ်လောက်ထိ ဤအတိုင်းပင်ရှိခဲ့သည်။

ယခုအခါတွင် တရုတ်ပြည်ဘက်မှ ကုန်သည်များ မရောက်လာသော်လည်း မိမိဘက်မှ နားလည်သူ တိုင်းရင်းသားများက 'မချစ်' တူးသူများထံမှတဆင့် သိမ်းယူပြီး တရုတ်ပြည် မွန်ဒမ်းမြို့သို့ သွားရောက်ကာ ပစ္စည်းချင်း ဖလှယ်ခြင်း၊ ရောင်းချခြင်းများ ပြုလုပ်လျက်ရှိသည်။

မြန်မာပြည်မှလည်း 'မချစ်' ကို အသုံးပြုရမှန်း သိလာသည့် တရုတ်များကြောင့် တရုတ်ပြည်ဘက်တွင်မက နောင်မွန်၊ ပူတာအိုမှတဆင့် 'မချစ်' အရောင်းအဝယ် စတင်ဖြစ်ပေါ်လာပြီတို့ တွေ့ရပြန်လေသည်။

'မချစ်' တူးချိန်မှာ တစ်နှစ်လျှင် သုံးလမျှသာဖြစ်၏။ 'မချစ်' ပင်ကို ရှာဖွေတွေ့ရှိမှာ တစ်နှစ်လျှင် ဇွန်၊ ဇူလိုင်၊ ဩဂုတ်လတွင်သာဖြစ်၍ အခြားအချိန်တွင် ရှာ၍တွေ့နိုင်မည် မဟုတ်ပေ။

'မချစ်' ပင်သည် ပေအမြင့် တစ်သောင်းနှစ်ထောင်ထက် နိမ့်သောနေရာတွင် မပေါက်ကြပေ။ အမြင့်ပေ(၁၂၀၀၀) နှင့် (၁၃၀၀၀)မှအထက် သာမန်သစ်ပင်များ ကောင်းစွာမပေါက်နိုင်သည့် ရေခဲဖုံးဒေသများတွင်သာ 'မချစ်ပင်' များ ပေါက်ကြပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။

'မချစ်' ရှာဖွေတူးယူကြမည့်သူများသည် 'မချစ်' ရှိမည့် စားကျက်ကွင်းသို့ ဇွန်လ (၂၀)ရက်နေ့လောက် မှန်းပြီး အရောက်,လာကြရပါသည်။

'မချစ်' ပင်မှာ ကြာကြာမခံပါ။ (၁၅)ရက်ခန့်သာ ခံသဖြင့် ဤရက်အတွင်း 'မချစ်' ပင်ကို တွေ့အောင်ရှာရမည်ဖြစ်၏။

မြင့်မားလှသည့် တောင်ပေါ်ဒေသတွင် မချစ်တူးမည့်သူများသည် (၁၀)ရက် (၁၅)ရက်စာရိက္ခာများကို သယ်ဆောင်သွားကြရမည်ဖြစ်၏။

အနီးဆုံးရွာနှင့် ဤမချစ်စားကျက်ကွင်းများမှာ အနည်းဆုံး (၄)ရက်မှ (၁၀)ရက်ခရီး ကွာဝေးကြပြန်သည်။

သို့ဖြစ်၍ 'မချစ်' ရှာဖွေရေးနှင့် တူးယူရေးမှာ ထင်သလောက် မလွယ်ကူလှပေ။

'မချစ်' ပင်များမှာ အကောင်းအဆိုး အမျိုးမျိုး ရှိကြ၏။

အပင်၏အမြင့်မှာ (၂)ပေခွဲခန့်ဖြစ်သည်။ အကောင်းဆုံးနေရာရှိ အပင်များမှာ (၃)ပေကျော်ကြ၏။ ၎င်းအပင်မျိုး၏ ပင်စည်မှာ အမျိုးသမီး၏လက်သန်းမျှသာ ကြီး၏။

'မချစ်' အပင်တစ်ပင်၏အသက်မှာ ရှေးခြောက်၍ ပေါက်



www.burmeseclassic.com

www.burmeseclassic.com



လာသည့်အချိန်မှ ရေတွက်သော် (၁၅)ရက်ခန့်သာ ခံပါသည်။

'မချစ်' ပင်မျိုးရိုးမှာ ဘိန်းပင် (Poppy Family)မျိုးနွယ်နှင့် ဆင်ကြ၏။

အရွက်မှာ ပေါ်ပီနှင့် ကွဲသည်။ မြက်ကဲ့သို့လည်းကောင်း စပါးပင်ကဲ့သို့လည်းကောင်း ရှည်လျားသေးသွယ်သောအရွက် ရှိကြ၏။

ပန်းပွင့်မှာ ပေါ်ပီကဲ့သို့ အထူးလှပပြီး အရောင်မျိုးစုံ ပွင့်ကြသည်။

ပထမ ပွင့်စတွင် အရောင်တစ်မျိုးဖြစ်၍ ကြွေကျခါနီးတွင် အရောင်တစ်မျိုး ပြောင်းကြ၏။ ပန်းများတွင် အဖြူရောင်၊ အနီရောင်၊ အပြာ၊ ခရမ်းနှင့် အဝါရောင်များ ရှိကြလေသည်။

ဘိန်းပင်ကဲ့သို့ပင် အပွင့်မှာ ရော်ရင့်လာပြီး အသီးသဖွယ် သီးကြ၏။

အသီးတွေ ရင့်လာသည်နှင့် အပင်ပါ ခြောက်ပြီး ပျောက်ကွယ်သွားတတ်ပါသည်။

ယင်းကဲ့သို့ အပွင့်များ ကြွေစအချိန်တွင် မချစ်ပင်ရင်း မြေကြီးအတွင်းမှ မချစ်ဥများကို တူးဖော်ကြရခြင်းဖြစ်သည်။

'မချစ်' ပင်တစ်ပင်လျှင် 'မချစ်' ဥတစ်ဥသာ တွေ့နိုင်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



'မချစ်' တူးသူများသည် မချစ်ပန်း၏အရောင်ကို ကြည့်ပြီး မချစ်ဥ၏အရောင်အဆင်းကို ခန့်မှန်းနိုင်ကြသည်။

'မချစ်' ဥများမှာ ကြက်သွန်ဖြူဥကလေးများနှင့် သဏ္ဌာန်တူကြသဖြင့် 'ကြက်သွန်ဂမုန်း' ဟု ခေါ်တွင်ကြခြင်းဖြစ်ပါသည်။

'မချစ်' ဥကို မြေကြီးအတွင်း ခြောက်လက်မမှ တစ်ပေခန့်အထိ တူးယူကြရသည်။ ထိုတူးဖော်ရရှိသော 'မချစ်ဥ' အစိုများကို အခြောက်လှမ်းကြရပြန်ပါသည်။

ဇွန်၊ ဇူလိုင်လမှာ မိုးတွင်းဖြစ်သဖြင့် အခြောက်လှမ်းရန် ဂရုစိုက်၍ လှမ်းကြရသည်။ အခြောက်မလှမ်းဖြစ်ဘဲ ရက်ကြာလျှင် ဥမှာပုပ်သွားတတ်၏။ သို့ဖြစ်၍ နေ့တွင် 'မချစ်ဥ' ရှာရသမျှ ညတွင် ချမ်းချမ်းနှင့် မီးလှုံရင်း အခြောက်လှန်းကြရလေသည်။

'မချစ်' ရှာဖွေသူတစ်ဦးလျှင် တနင်္ဂနွေတစ်ပတ်နှစ်ပတ် ရှာဖွေပါက ပျမ်းမျှတစ်ပိဿာခန့် ရကြ၏။ ကံကောင်းသူများမှာ 'မချစ်' ဥပေါသည့်နေရာနှင့် တိုးမိပါက ငါးပိဿာခန့် ရကြသည်။

အချို့မှာလည်း ကံမလိုက်သဖြင့် မချစ်ရာသီသာ ကုန်သွားသည်အထိ ရှာဖွေ၍မတွေ့၊ မိမိတို့ ပါသော ရိက္ခာကုန်၊ လူပန်းပြီး အချည်းနှီး ပြန်သွားကြရသည်လည်း ရှိတတ်သည်။ ယခုနှစ် ရှာဖွေ၍တွေ့သောနေရာတွင် နောင်နှစ်၌ တွေ့မည်



www.burmeseclassic.com

www.burmeseclassic.com



ဟူ၍လည်း အတပ်မပြောနိုင်ပါ။

ထို့ကြောင့် လုံ့လဝီရိယ ထုတ်ရသည့်အပြင် ကံလည်း လိုက်ပါမှ 'မချစ်' ကို တွေ့နိုင်မည်ဖြစ်သည်။

မြန်မာပြည်တွင် အကြမ်းအားဖြင့် 'မချစ်' သုံးမျိုးခန့် တွေ့ရပါသည်။

ဒေသအခေါ် အားဖြင့် 'အန်လပ်မချစ်' (Anlap)မှာ အဖိုးအတန်ဆုံး 'မချစ်' ဖြစ်၏။ ပင်စည်မှာ မြေကြီးမှ ရှည်ရှည် ထွက်လေ့ မရှိ။ မြေကြီးနှင့် လက်လေးလုံးခန့်သာ မြင့်ပြီး အရွက် နှစ်ရွက်ခန့်သာ ထွက်လေသည်။ ဤအမျိုးကို နားလည်သည့်လူ များလောက်သာ ရှာဖွေတွေ့နိုင်သည့် အကောင်းဆုံး မချစ်ပင် မျိုး ဖြစ်လေသည်။

ဒုတိယအမျိုးအစားမှာ 'အန်ကောင်းမချစ်'(Ankawng) ဖြစ်၏။ အပင်၏အမြင့်မှာ နှစ်ပေသုံးပေခန့် ရှိ၏။ အပင်တစ်ပင် လျှင် ပန်းသုံးလေးပွင့် ပွင့်လေ့ရှိပါသည်။ ပန်းအရောင်မှာ သုံးခါ လဲလေ့ရှိ၏။ ပထမ အဖြူရောင်၊ ဒုတိယ ခရမ်းရောင်ဖြစ်ပြီး ကြွေကျခါနီးတွင် အနီ သို့မဟုတ် အဝါသို့ ထူးဆန်းစွာ ပြောင်း သွားပြန်ပါသည်။

မချစ်ရှာဖွေသူများသည် ဤကဲ့သို့ ပန်း၏အရောင်အဝါ (သို့မဟုတ်) အနီသို့ ပြောင်းမှ မချစ်ဥကို စတင်တူးဖြိုရန်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။

ပထမ တူးဖော်ပြီးစ 'မချစ်' ဥမှာ ကြက်သွန်ဖြူကဲ့သို့ အဖြူရောင် မပေါ်သေးပါ။ မီးနှင့် တဖြည်းဖြည်း လိုသလောက် ကင်ပေးမှ အရောင်ကောင်းပြီး ဖြူဖွေးလာလေသည်။ 'အန် ကောင်း မချစ်' မှာ အုပ်စုနှင့် တွေ့ရတတ်ပြီး တစ်ပင်လျှင် တစ်ဥသာ ရနိုင်ပါသည်။

တစ်နေ့လုံး ရှာ၍ တစ်ပိဿာအထိ ဤ 'အန်ကောင်း မချစ်' ရသူမှာ အများဆုံး ရှာတွေ့သူပင်ဖြစ်ပေသည်။

'မချစ်' ဥကြီးတိုင်းလည်း အကောင်းစားမျိုး မဟုတ်ပါ။ နားလည်သူများသာ မည်သည့်မချစ်ဥသည် အကောင်းစား အမျိုးဖြစ်ကြောင်း ခွဲခြားပြသနိုင်ပါသည်။

မချစ်၏ပေါက်ဈေးမှာ တစ်နေရာနှင့်တစ်နေရာ တစ် နှစ်နှင့်တစ်နှစ် မတူကြပါ။ 'မချစ်' ထွက်သည့်နေရာ အနီးအဝေး ပေါ် မူတည်၍လည်းကောင်း၊ ကိုယ်တိုင်ရှာဖွေတူးသူနှင့် တဆင့် ဝယ်ရောင်းသူများ မတူညီမှုအရလည်းကောင်း ရောင်းဈေးကွာ ခြားပါသည်။

တရုတ် 'လော်ပန်' ကုန်သည်များက သာမန်အားဖြင့် အရောင်းအဝယ်ပြုကြသည့်စနစ်မှာ မြန်မာအလေးချိန်ပိဿာ နှင့် မဟုတ်ဘဲ တရုတ်အလေးချိန် 'ချိ' အားဖြင့် ဖြစ်ပါသည်။

www.burmeseclassic.com



ခန့်မှန်းခြေအားဖြင့် နှစ်ချီခွဲမှာ မြန်မာတစ်ပိဿာ ရှိ၏။

'မချစ်' ဥကို ဆေးအားဖြင့်အသုံးပြုပုံကို လေ့လာမှတ်သား အသုံးပြုနိုင်ပါက အကျိုးကျေးဇူးများပေသည်။

ရဝမ်၊ ထလု၊ တရုံလူမျိုးတို့သည် သာမန်အားဖြင့် ဗိုက်နာ၊ ဝမ်းလျှော၊ ဝမ်းကိုက်သည့်အခါ ၎င်းဆေးဥတစ်လုံးခန့်ကို ဝါး၍ ရေနှင့် မျိုချခြင်းဖြင့် ပျောက်ကင်းချမ်းသာကြသည်။

ချောင်းဆိုးရင်ကျပ် နမိုးနီးယားကဲ့သို့သောရောဂါမျိုးတွင် ပျားရည်နှင့် ရော၍သောက်ကြသည်။

ထိခိုက်ဒဏ်ရာရသည့်အခါတွင်လည်း ၎င်းဂမုန်းဥကို အမှုန့်ကြိတ်၍ အနာတွင် ထည့်ပြီး အဝတ်နှင့် ပတ်ထားခြင်းဖြင့် ပျောက်ကင်းကြသည်။

စဉ့်အိုးများတွင် ဤ'မချစ်' ဥများကို ပျားရည်နှင့်အတူ ရော၍စိမ်ထားပြီး လေလုံပိတ်ကာ တစ်နှစ်မှ သုံးနှစ်ထိ သိုလှောင်ထားပြီးမှ နေ့စဉ် နံနက် သို့မဟုတ် ညတိုင်း မှန်မှန်စားပေးခြင်းဖြင့် မည်သည့်ရောဂါမှ မဖြစ်နိုင်၊ အသက်ရှည်၍ နုပျိုကြသည်ဟု ယုံကြည်ကြသည်။

သို့ဖြစ်၍ ဤ'မချစ်' ကို 'မသေဆေး' ဟုပင် ခေါ်ဝေါ်ကြကြောင်း ကြားသိရလေသည်။

မြန်မာနိုင်ငံတွင် 'မချစ်' ရှာဖွေတွေ့ရသောနေရာများမှာ



www.burmeseclassic.com

www.burmeseclassic.com



နမ်တမိုင်မြစ်ဖျားလက်တက်များဖြစ်ကြသည့် စိန့်ခူးဝမ်မြစ်၊ အဒွန်းဝမ်မြစ် စသည်တို့ မြစ်ဖျားခံရာတောင်များနှင့် မလိခမြစ်၏ မြစ်ဖျားခံရာ မလိခူးတောင်တန်းများတွင်သာ ဖြစ်ပါသည်။

ပူတာအိုနယ်မြောက်ပိုင်းမှလွဲ၍ ကချင်ပြည်နယ်အခြား မည်သည့်နေရာတွင်မှ ဤ 'မချစ်'ကို တွေ့နိုင်မည် မဟုတ်ပါ။

'မချစ်' အကောင်းဆုံးနှင့် အများဆုံး ထွက်သောနေရာမှာ တိဗက်-မြန်မာနယ်စပ်၊ မြန်မာနိုင်ငံ၏အစွန်ဆုံးပိုင်းရှိ 'မလောင်ဝမ်' မြစ်ဖျား (Malawng Wang)ဒေသဖြစ်၏။

ဒုတိယအများဆုံး ထွက်သောနေရာများမှာ အဒွန်းဝမ်မြစ် (Adung Wang)သို့ စီးဝင်သည့် 'တဇုံဝမ်' (Tazon Wang) မြစ်နှင့် ၎င်း၏များစွာသော ချောင်းခွဲကလေးများ ရေသောက်မြစ်ခံရာ တောင်တန်းများဖြစ်သည်။

အဒွန်းဝမ်၏အခြားမြစ်လက်တက်တစ်ခုဖြစ်သော 'ဂမ်လန်မြစ်' (Gamlang Wang) မြစ်ဖျားပိုင်းဒေသနှင့် ဂမ်လန်ရာဇီတောင်တန်း (Gamalang Razi) ၊ 'စိန်ခူးဝမ်' (Seinghku Wang) မြစ်ဖျားပိုင်းဒေသ၊ မဒွန်းဝမ်မြစ်၏အခြားမြစ်လက်တက်ကြီးတစ်ခု ဖြစ်သော 'သာလာဝမ်' (Thala Wang)မြစ်ဖျားပိုင်း၊ 'ထုံဝမ်' (Htom Wang) သံလာတောင်ကြားလမ်း စသည်တို့နှင့် 'နမ်နီလခါး' (Nam Ni L Ka) တောင်ကြားလမ်းတို့တွင်လည်း



www.burmeseclassic.com

www.burmeseclassic.com



'မချစ်' ထွက်ရှိသည်။

နီမောင်တို့လို တောင်ပေါ် တက်နေသူများအတွက် မချစ်ဥကဲ့သို့ တန်ဖိုးရှိသော အခြားဆေးမြစ်တစ်မျိုးလည်း ရှိပေသေးသည်။ ၎င်းမှာ ခန်းတောက်မြစ်ပင်ဖြစ်သည်။

မချစ်ဥမှ ဥကို အသုံးပြုရသလို ခန်းတောက်မြစ်ကတော့ အမြစ်ကို အသုံးပြုရသည်။

သုံးနှစ်ကျော်သက်တမ်းရှိသော ခန်းတောက်ပင်မှ အမြစ်သည် နနွင်းတက်နှင့် ပုံသဏ္ဍာန်တူသည်။

အတွင်းသားမှာ အဝါရောင်ဖြစ်ပြီး အရသာမှာ လွန်စွာခါးသည်။ ခန်းတောက်မြစ်ရော မချစ်ဥပါ ငှက်ဖျားရောဂါနှင့် ထိခိုက်ဒဏ်ရာများကို ကုသရာတွင် လျင်မြန်စွာ ပျောက်ကင်းစေသော ဆေးပင်များဖြစ်သည်။

ခန်းတောက်မြစ်၊ မချစ်ဥတို့ကဲ့သို့ အသုံးဝင်သော ဆေးမြစ်ဥများအပြင် အခြားဆေးဖက်ဝင်သောအပင်များလည်း ရှိပေသည်။

ထိုကဲ့သို့ပင် တောင်ဆိတ်၊ ကတိုးကောင်တို့ကဲ့သို့တန်ဖိုးရှိသော အခြားသတ္တဝါတစ်မျိုးလည်း ရှိသေးသည်။

၎င်းမှာ ဒေသခံများနှင့် ရဝမ်ဘာသာအခေါ် ရှဖိုက်ဟုခေါ်သည့် တာကင်သားကောင်ပင်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



တာကင်မှာလည်း ရေခဲတောင်ပေါ်မှာ ပျော်သည့် သတ္တဝါမျိုးဖြစ်သည်။

တစ်ကိုယ်လုံး အမွေးရှည်များ ဖုံးအုပ်နေပြီး ၎င်းသား ရေနှင့်ဦးချိုမှာ များစွာဈေးကောင်းရလေသည်။

အသားကို အခြောက်ခံပြီး စားပါကလည်း ကြာကြာ ထားပြီး စားနိုင်သည်။ အရသာလည်း ရှိသည်။

တာကင်များသည် ရေခဲတောင်ပေါ်မှာ နေကြသည် ဆိုသော်လည်း ရေခဲများ အရည်ပျော်ကျသောအချိန်မှာ ဝါးရွက် နုများ စားသောက်ရန်အတွက်သော်လည်းကောင်း၊ တောင်ခြေ မှာ ရှိသော ဆားကျင်းများ ရှိရာသို့ ဆင်း၍ ဆားလျက်ရန် အတွက်သော်လည်းကောင်း၊ ရေခဲတောင်ပေါ်မှ ဆင်းလာလေ့ ရှိရာ ကျွမ်းကျင်သော မုဆိုးများက ထိုနေရာများမှ စောင့်ပြီးဖမ်း လေ့ရှိကြသည်။

ဆားတွင်းမှ ဆားလျက်ပြီး ရေသောက်ဆင်းချိန်မှာ ချောင်းမြောင်းပစ်ခတ်ရန် အကောင်းဆုံးဖြစ်သည်။

အထူးသဖြင့် လပြည့်ညလို လသာသောညများမှာ တာကင်များ မြူးတူးပျော်ပါးလေ့ရှိသည်။

ထိုအချိန်မျိုးမှာ တာကင်ကို ဖမ်းဆီးရန် အလွယ်ဆုံး အချိန်မျိုးဖြစ်သည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း များစွာသတိထားရသောအချိန်လည်း ဖြစ်သည်။ တာကင်များ ဆင်းလာသောအချိန်မျိုးတွင် လူမုဆိုးများ လာစောင့်သလို ကျား၊ ကျားသစ် စသော တောကောင်ကြီးများကလည်း လာရောက်စောင့်ဆိုင်းနေလေ့ရှိသောကြောင့် လူမုဆိုးနှင့် တောကောင်မုဆိုးများ ရင်ဆိုင်တွေ့လေ့ရှိကြသည်။

ရှဖိုက်ဟု ခေါ်သော တာကင်ကောင်များကို အမဲလိုက်ရသောအလုပ်မှာ မုဆိုးများအတွက် များစွာခက်ခဲလှသော အလုပ်ဖြစ်သည်။

တာကင်တို့သည် လူကို သိပ်ကြောက်ကြသည်။

လူ၏အနံ့ကို (၂)မိုင် (၃)မိုင်ခန့်အကွာကပင် ရနိုင်သောကြောင့် ထိုအနံ့မျိုး ရသည်နှင့် ဝေးရာသို့ ပြေးလေတော့သည်။

၎င်းတို့ကို ပစ်တော့မည်ဆိုပါက လေတိုက်နှုန်းကို ကြည့်ပြီး လေညာလေအောက် ခွဲခြားတတ်ဖို့လည်း သတိရှိရပေသည်။

နေရာကောင်းရပြီး စောင့်နေသော်လည်း ပစ်ခွင့်ရချင်မှ ရသည်။

အကယ်၍ ပစ်ခွင့်ရပြီး မြားချက်ထိသွားသော်လည်း ချက်ချင်းမသေဘဲ ကြောက်လန့်တကြားနှင့် ထွက်ပြေးသောကြောင့် နောက်မှ သွေးစက်များကို ခြေရာခံပြီး လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံ နှစ်ရက်သုံးရက်ကြာတော့မှ ရေခဲပြင်ပေါ်မှာပဲဖြစ်ဖြစ်၊ တောင်မြင့်တစ်နေရာမှာပဲဖြစ်ဖြစ် သေဆုံးနေသည်ကို တွေ့ကြရသည်။

ထိုအခါ ရွာသို့ ရောက်အောင် ပြန်သယ်ယူဖို့ အချိန်မရတော့ပေ။ မုဆိုးတစ်ဦးတည်း စခန်းချပြီး မီးရအောင် အရင်မွှေးရသည်။

မီးအရှိန်ရတော့မှ တာကင်ကောင်၏အရေခွံခွာ၊ ဦးချိုကို ဖြတ်ယူပြီး အသားများကို ခြောက်သွားစေရန် ထိုနေရာမှာပင် လေးငါးရက်ကြာအောင် လုပ်ကြပြီးမှ ရွာသို့ ပြန်ကြရသည်မျိုးလည်း ရှိသည်။

ဤ 'ရှဖိုက်' ဟူသောအမည်ကို ရဝမ်တိုင်းရင်းသားများက ခေါ်ဆိုကြသော်လည်း တိဗက်က 'ရှင်နာ' (Sing-na)ဟူ၍လည်းကောင်း၊ အချို့ တိဗက်ပြည်မကြီးကမူ 'ကျင်ယက်' (Kyinyaks) သို့မဟုတ် 'ဆီမြောက်' (Tsimyak) ဟူ၍လည်းကောင်း၊ အင်္ဂလိပ်လို 'တာကင်' (Takin)၊ မြန်မာလို 'သားမင်း'၊ တိရစ္ဆာန်ဗေဒ ဝေါဟာရအားဖြင့် (Budorcas Texicolor)ဟု ခေါ်ဆိုလေသည်။

'တာကင်' ခေါ် သားမင်းတိရစ္ဆာန်မျိုးများသည် ကမ္ဘာပေါ်တွင် အရှားပါးဆုံး အမဲလိုက်သတ္တဝါတစ်မျိုးဖြစ်သည်ဟု



www.burmeseclassic.com

www.burmeseclassic.com



ဆိုရပေမည်။ အဘယ်ကြောင့်ဆိုသော် ယင်းသားကောင်များသည် မြင့်မားလှသော ဆီးနှင်းရေခဲတောင်များပေါ်၌သာလျှင် ကျက်စားနေထိုင်လျက်ရှိကြရာ သူတို့ဌာနေသို့ လူသားများ သွားရောက်ရန်မှာ လွန်စွာမှ ခက်ခဲလှသောကြောင့်ဖြစ်သည်။

တာကင်ကောင်၏ပုံပန်းသဏ္ဍာန်မှာ ဆိတ်နှင့်နွား စပ်ထားသည်နှင့် တူ၍ ချိုများမှာ တိဗက်နွားထီး (Musk Ox)များ၏ချိုများနှင့် ဆင်သည်။

ဟိမဝန္တာတောင်တန်းများ၏အရှေ့ဘက်ပိုင်းဒေသ၊ တရုတ်ပြည်၏အနောက်ဘက် တောင်တန်းတောင်စွယ်များနှင့် တချင်ပြည်နယ် မြောက်ဖျားပိုင်း နယ်ခြားရေခဲတောင်တန်းများ၌ တွေ့ရှိနိုင်လေသည်။

သို့သော်လည်း နွေဦးပေါက်ရာသီ ရေခဲတောင်များပေါ်၌ ရေခဲများ ပျော်ကျနေသောအချိန်များတွင် အစာရေစာ ပေါသော တောင်ခြေသို့သော်လည်းကောင်း၊

ဆားတွင်းများ ရှိရာ ချောင်းများအနီးသို့သော်လည်းကောင်း ဆင်းလာလေ့ရှိသည်။

တာကင်ကောင် ဖမ်းဆီးလိုသော မုဆိုးများသည် ထိုအချိန်မျိုးကို စိတ်ရှည်လက်ရှည် စောင့်ကြရသည်။

ယခုလည်း နီမောင်တစ်ယောက် ဆားတွင်းများ ရှိသော



www.burmeseclassic.com

www.burmeseclassic.com



ချောင်းနံဘေးသို့ ရောက်နေသည်မှာ နှစ်ရက်ခန့် ကြာသွားပေပြီ။

သူသည် မုဆိုးသက်တမ်း နုနယ်သေးသော်လည်း သက်တမ်းတလျှောက်တွင် အခြားသားကောင်များကိုသာ ဖမ်းဆီးရဖူးသော်လည်း တာကင်ကောင်ကိုတော့ တစ်ကောင်တစ်လေမှပင် မရခဲ့ဖူးသေးပေ။

သို့ကြောင့် မုဆိုးချင်း ယှဉ်လိုက်လျှင် ဂုဏ်ငယ်စရာ ဖြစ်နေတော့သည်။ တာကင်ဖမ်းဆီးခဲ့ဖူးသော မုဆိုးကြီးများကလည်း လူချင်း တွေ့သည်နှင့် မခံချိမခံသာ စကားမျိုး ပြောတတ်ကြလေသည်။

“မုဆိုးတစ်ယောက် လုပ်တော့မယ်ဆိုရင် ကျားဖမ်းဖူးရတယ်၊ ကျားသစ်ရအောင် ဖမ်းဖူးရတယ်၊ နောက်ပြီး ရှဖိုက်လို့ခေါ်တဲ့ တာကင်တစ်ကောင်တော့ အနည်းဆုံး ဖမ်းဖူးရတယ်၊ ဒီလိုမဖမ်းဖူးသေးရင် မုဆိုးစာရင်းဝင် မဖြစ်နိုင်သေးဘူး”

ဟု ပြောကြသည်။

သို့ကြောင့် နီမောင်စိတ်ထဲမှာ မခံချင်စိတ်ဖြင့် တစ်နေ့တော့ တာကင်တစ်ကောင် ရအောင်ဖမ်းပြမည်ဟု အားခဲထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၄)

# ကျားနက်ပေလော နာနာဘာဝပေလော

တာကင်တစ်ကောင် ရဖို့မှာ လွယ်ကူသောကိစ္စမျိုး မဟုတ်မှန်းတော့ သူသိသည်။

သို့သော်လည်း မရရအောင် ဖမ်းမည်ဟုတော့ စိတ်ထဲမှာ ဆုံးဖြတ်ထားသည်။

သို့ကြောင့်လည်း စားနပ်ရိက္ခာနှင့် လက်နက်ပစ္စည်းများ အစုံအလင်ယူပြီး ကွမ်ဟယ်တောင်တန်းများ၏မြောက်ပိုင်းဘက်သို့ တက်လာကြခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရွာမှ ထွက်လာစဉ်က စောထီးနှင့် ငမဲအောင်တို့နှစ်ယောက်နှင့် အတူလာခဲ့သော်လည်း တောင်ပေါ်သို့ ရောက်သောအခါ လူချင်းခွဲလိုက်ကြသည်။

ဘယ်နေ့ဘယ်ရက်မှာ ဘယ်နေရာမှာ ဆုံကြမည်ဟု ချိန်းပြီး ကိုယ့်လမ်းကိုယ်သွားကြလေသည်။

မုဆိုးကောင်းတို့သည် အဖော်အပေါင်းနှင့် အမဲမလိုက်လိုကြပေ။

အဘယ်ကြောင့်ဆိုသော် တောထဲ ရောက်ကာမှ တစ်ယောက်နှင့်တစ်ယောက် သဘောထား မတူသည့်အခါ သားကောင်များ လွတ်သွားရသည်က များသောကြောင့်ဖြစ်သည်။

ထိုသို့ တစ်နေရာစီ ခွဲ၍ အမဲလိုက်ကြသော်လည်း တစ်ယောက်က အန္တရာယ်နှင့် ရင်ဆိုင်တွေ့သဖြင့် အချက်ပေးလိုက်လျှင်တော့ ကျန်လူများက ထိုနေရာသို့ အလျင်အမြန် အရောက်သွားပြီး အကူအညီပေးကြရသည်။

စောထီးနှင့်ငမဲအောင်တို့နှစ်ယောက်နှင့် လမ်းခွဲလာသောအခါ နီမောင်က တောင်ခြေစမ်းချောင်းအနီးမှာ ရှိသောဆားတွင်းများ ရှိရာသို့ ထွက်လာခဲ့သည်။

သုံးယောက်သား လမ်းမခွဲခင် ကျန်နှစ်ယောက်က သတိပေးလိုက်ကြသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"နီမောင်. . . မင်း ဆားကျင်းရှိတဲ့နေရာ သွားစောင့်မှာ မဟုတ်လား"

"အေး. . . ဟုတ်တယ်"

"သတိတော့ ထားနော်၊ ဆားကျင်းတဝိုက်မှာ ကိုယ်နဲ့ အကြံတူတဲ့ တောကောင်တွေ ရှိနေတာကိုလည်း မမေ့နဲ့"

"အေးပါ"

"ငါတို့ လွှယ်လုံတောင်ကြောထိပ်မှာ ပြန်ဆုံကြမယ်၊ မင်းက အရင်ရောက်နှင့်ရင်လည်း ငါတို့ မလာမချင်းစောင့်၊ ငါတို့က အရင်ရောက်နှင့်ရင်လည်း မင်း မလာမချင်း စောင့်မယ်"

"အေး. . . ကောင်းတယ်"

ဟု ပြောပြီး လမ်းခွဲခဲ့ကြလေသည်။

နီမောင်ထံမှာ လက်နက်ဆို၍ ဓါးတစ်လက်၊ လှံမတစ်ချောင်း၊ အဆိပ်လူးမြားဗူးနှင့် လင်းလေးတစ်လက် ပါသည်။

သူကိုင်သောလင်းလေးမှာ ကိုင်းတံရှည်ပြီး ပစ်အား၊ သုတ်ခတ်အားကောင်းလှသဖြင့် တော်ရုံသတ္တဝါမျိုးကတော့ ထုတ်ချင်းခတ်ထွက်သွားနိုင်သည်။

နီမောင်သည် လေးမြားပစ်ခတ်ခြင်းကို ဝါသနာလည်းပါ၊ ဖမုန်းထန်ထံမှာ စနစ်တကျ သင်ယူထားသောကြောင့် များစွာကျွမ်းကျင်လှသည်။



www.burmeseclassic.com

www.burmeseclassic.com



မြားတစ်ကမ်းမှာ ရှိနေသောသားကောင်ကို မလွဲအောင် ပစ်ခတ်နိုင်သည်။

လှုပ်ရှားနေသောပစ်မှတ်မျိုးကိုပင် မလွဲအောင် ပစ်ခတ်နိုင်သူဖြစ်သည်။

အသုံးပြုသောမြားဆိပ်များကိုလည်း ကိုယ်တိုင်စီမံအသုံးပြုလေသည်။

တစ်ဆွေ့ခုန်၊ တစ်တောင်ကျော်၊ ထိသေအဆိပ်များကိုပင် ကိုယ်တိုင်ဖော်စပ်လေသည်။

(ထိသေအဆိပ်ဖော်ရာမှာတော့ ရွာလူကြီးများကို အသိပေးပြီး ၎င်း၏ခွင့်ပြုချက်ရမှ အဆိပ်ပင်မှ အဆိပ်ယူပြီး စီမံဖော်စပ်ရသည်။

အဆိပ်ပင်မှ အဆိပ်ထုတ်ယူပုံများကို အခြားစာအုပ်များမှာ အသေးစိတ် ဖော်ပြပေးထားပြီးဖြစ်သောကြောင့် ထပ်မံမရေးတော့ပေ)

သာမန်တောကောင် သားကောင်များကို ဖမ်းဆီးရာမှာတော့ သားကောင်အရွယ်အစားအလိုက် သာမန်အဆိပ်များကိုသာ အသုံးပြုပြီး ပစ်ခတ်လေ့ရှိသည်။

နီမောင်တစ်ယောက်တည်း လမ်းခွဲထွက်လာခဲ့ပြီးနောက်တွင် သတိကြီးစွာထားပြီး ဆားကျင်းများ ရှိသော တောင်





ခြေဘက်သို့ ဆင်းလာခဲ့သည်။

ချောင်းအနီးမှာ ရှိသော ဆားကျင်းများ ရှိရာသို့ သားကောင် တောကောင်များ ဆင်းလာတတ်သည်ဆိုသော်လည်း အများအားဖြင့်တော့ နံနက်ပိုင်းအချိန်နှင့် ညနေပိုင်းအချိန်မှာ ပိုများလေ့ရှိသည်။

နေဝင်ကာနီးအချိန်ရောက်သောအခါ အိပ်တန်းမဝင်မီ ရေသောက်ဆင်းရင်းနှင့် ဆားကျင်းများမှာ ဆားလျက်လေ့ရှိကြသည်။

တောင်မြင့်များအပေါ်မှာ ကျင်လည်ကျက်စားသော သတ္တဝါများမှာ ဆားကို နှစ်သက်လေ့ရှိသည်။

၎င်းတို့အတွက် ဆားသည် မရှိမဖြစ်သော အာဟာရ တစ်မျိုးဖြစ်သည်။

အခြားအစားအစာများကိုသာ ရှာဖွေရနိုင်သော်လည်း ရေခဲပြင်များ အစဉ်အမြဲ ဖုံးနေသော တောင်မြင့်များပေါ်မှာ ဆားကိုတော့ မရနိုင်ပေ။

ရေခဲတောင်များပေါ်မှာ ဆားကျင်းများ မရှိပေ။

ယခုကဲ့သို့ ရေခဲများ အရည်ပျော်ကျသော နွေဦးပေါက်ရာသီရောက်လာသောအခါ ရေခဲပြင်အောက်မှ ထွက်လာသော ပင်အပါအဝင် အခြားသစ်ပင်သစ်ရွက်များမှာ ၎င်းတို့အတွက်



www.burmeseclassic.com

www.burmeseclassic.com



ခြေဘက်သို့ ဆင်းလာခဲ့သည်။

ချောင်းအနီးမှာ ရှိသော ဆားကျင်းများ ရှိရာသို့ သားကောင် တောကောင်များ ဆင်းလာတတ်သည်ဆိုသော်လည်း အများအားဖြင့်တော့ နံနက်ပိုင်းအချိန်နှင့် ညနေပိုင်းအချိန်မှာ ပိုများလေ့ရှိသည်။

နေဝင်ကာနီးအချိန်ရောက်သောအခါ အိပ်တန်းမဝင်မီ ရေသောက်ဆင်းရင်းနှင့် ဆားကျင်းများမှာ ဆားလျက်လေ့ရှိကြသည်။

တောင်မြင့်များအပေါ်မှာ ကျင်လည်ကျက်စားသော သတ္တဝါများမှာ ဆားကို နှစ်သက်လေ့ရှိသည်။

၎င်းတို့အတွက် ဆားသည် မရှိမဖြစ်သော အာဟာရ တစ်မျိုးဖြစ်သည်။

အခြားအစားအစာများကိုသာ ရှာဖွေရနိုင်သော်လည်း ရေခဲပြင်များ အစဉ်အမြဲ ဖုံးနေသော တောင်မြင့်များပေါ်မှာ ဆားကိုတော့ မရနိုင်ပေ။

ရေခဲတောင်များပေါ်မှာ ဆားကျင်းများ မရှိပေ။

ယခုကဲ့သို့ ရေခဲများ အရည်ပျော်ကျသော နွေဦးပေါက် ရာသီရောက်လာသောအခါ ရေခဲပြင်အောက်မှ ထွက်လာသော ပင်အပါအဝင် အခြားသစ်ပင်သစ်ရွက်များမှာ ၎င်းတို့အတွက်



www.burmeseclassic.com

www.burmeseclassic.com



အကောင်းဆုံး အစာအာဟာရဖြစ်ပေသည်။

ဝါးပင်ပေါက်အနုကလေးများနှင့် ဝါးရွက်နုကလေးများမှာ အကောင်းဆုံးအစာအဖြစ် ရနိုင်လေသည်။

သို့သော်လည်း ၎င်းတို့အတွက် မရှိမဖြစ်သောဆားရရန်အတွက် တောင်ခြေသို့ ဆင်းကြရသည်။

ဆားကျင်းများမှာ ချောင်းနှင့် နီးသောနေရာများ၌သာ ရှိသောကြောင့် အများအားဖြင့်တော့ တောင်ခြေနှင့် နီးသောနေရာများမှာသာ ရှိကြသည်။

ရေခဲတောင်မြင့်များပေါ်မှာ နေထိုင်ကျက်စားလေ့ ရှိသော သတ္တဝါများမှာ တောင်ခြေရောက်အောင် ဆင်းလေ့မရှိကြပေ။

တောင်ခြေသို့ ဆင်းသည်နှင့် အန္တရာယ်တွင်းသို့ ဆင်းရသကဲ့သို့ ဖြစ်သည်ကိုလည်း သူတို့ သိကြသည်။

သို့ကြောင့် မရှိမဖြစ် ဆားဓါတ်လိုအပ်သောအခါမှသာ တောင်ခြေရောက်အောင် ဆင်းလေ့ရှိကြသည်။

ပေ(၈၀၀၀)မှ ပေ(၁၀၀၀၀)ကျော်မြင့်သော ရေခဲတောင်များပေါ်မှာ ကျက်စားလေ့ရှိသော တောင်ဆိတ်၊ ကျားသိုးနှင့် တာကင်ကောင်များမှာ တစ်ပတ်လျှင် တစ်ကြိမ်နှစ်ကြိမ်လောက်သာ တောင်ခြေဆင်းပြီး ဆားလျက်လေ့ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွမ်းကျင်သောမုဆိုးများကလည်း ထိုအချိန်မျိုးကို ဖွဲ့ကောင်းကောင်းနှင့် စောင့်ဆိုင်းကာ ၎င်းတို့ အလိုရှိသော သားကောင်များကို ပစ်ခတ်လေ့ရှိသည်။

နီမောင်လည်း ထိုအကြံအစည်နှင့်ပင် တောင်ခြေ၌ ရှိသော ဆားကျင်းများ ရှိရာသို့ တစ်ယောက်တည်း ဆင်းလာခဲ့ခြင်းဖြစ်သည်။

တောင်ခြေမှာ အောက်ဖက်သို့ စီးဆင်းသွားသော စမ်းချောင်းတစ်ခုရှိသည်။

ချောင်းက အနည်းငယ် ကျယ်ဝန်းသော်လည်း ရေစူးကတော့ သိပ်မနက်လှပေ။

ကမ်းနံဘေးတစ်ဖက်တစ်ချက်မှာ သောင်ပြင်အချို့ရှိပြီး ထိုအထက်မှာတော့ ချုံနွယ်ပိတ်ပေါင်းများ ရှိလေသည်။ ကမ်းစပ်နှင့် မနီးမဝေးသောနေရာတွင် ဆားတွင်းအချို့ ရှိလေသည်။

တောထဲမှာ ကျင်လည်ကျက်စားသော တောကောင်မျိုးစုံတို့ လာရောက်ဆားလျက်ကြသည့် တွင်းများ ဖြစ်သည်။ ထိုနေရာသို့ ရောက်လာသောအခါ မွန်းလွဲပိုင်းအချိန် ရှိနေချေပြီ။

ညနေပိုင်း ရောက်လာသောအခါ သားကောင်များရောက်လာတော့မည်မို့ အချိန်က သိပ်မရှိတော့ပေ။

ထိုနေရာသို့ ရောက်သောအခါ ပတ်ဝန်းကျင်မှာ



www.burmeseclassic.com

www.burmeseclassic.com



အန္တရာယ် ပေးနိုင်သော တောကောင်များ ရှိမရှိကို သတိဖြင့် ကြည့်ရလေသည်။

ထိုသို့မကြည့်ဘဲ ဆင်းသွားပါက မုဆိုးဘဝမှ သား ကောင်ဘဝသို့ ပြောင်းလဲသွားနိုင်သည်။

ဆားကျင်းနှင့် နီးသောနေရာတပိုက်မှာတော့ မသက်ာ စရာ ဘာမှမတွေ့ရပေ။

လောလောဆယ်တော့ လူကို အန္တရာယ်ပေးနိုင် လောက်သည့် ကျား၊ ကျားသစ်၊ ဝက်ဝံများ၏အရိပ်အယောင်ကို မှ မတွေ့ရပေ။

ထို့ကြောင့် ဆားကျင်းနှင့် အနီးဆုံးနေရာမှာ ရွေးပြီး နေရာယူလိုက်သည်။

သူနေရာယူသောနေရာမှာ ဆားကျင်းသို့ သားကောင် ဆင်းလာပါက မြားတစ်ကမ်းမျှသာ ဝေးလေသည်။

ထိုနေရာရောက်ပြီးတော့မှ အစားအသောက်ကို ဝမ်း ပြည့်ရုံ စားသောက်လေသည်။

အထွေအထူးတော့ မဟုတ်၊ မိခင်ဖြစ်သူ ထည့်ပေး လိုက်သော ထမင်းနှမ်းဖတ်ချဉ်နှင့် အသားခြောက်မီးဖုတ်သို့ပင် ဖြစ်သည်။

အစာစားပြီး ရေသောက်ချလိုက်လျှင် တော်တော်နှင့်



www.burmeseclassic.com

www.burmeseclassic.com



မဆာတော့ဘဲ တစ်ညလုံး ဘာမှမစားဘဲ နေနိုင်ကြသော အစား အသောက်များပင်ဖြစ်သည်။

ထမင်းစားသောက်ပြီးသည့်အချိန် ရောက်သောအခါ တောထဲမှာ အလင်းရောင် ပျောက်သွားလေသည်။

တောတောင်ထူထပ်လှသောနေရာများ၏ သဘာဝ အတိုင်း မွန်းလွဲပိုင်းအချိန်ရောက်သည်နှင့် နေလုံးကို မမြင်ရ တော့ဘဲ ထို့ထက်ကျော်လွန်လာပါက တဖြည်းဖြည်းနှင့် အလင်း ရောင် ပျောက်သွားပြီးနောက် ညနေပိုင်း လေးနာရီအချိန် လောက် ရောက်လျှင် မှောင်ရီသမ်းစ ပြုလာတော့သည်။

ထိုအချိန်မျိုးမှာ နှင်းမှုန်နှင်းဖွဲများ ကျလာလေ့ရှိပြီး အအေးဓါတ်လည်း ပိုလာလေတော့သည်။

နီမောင်သည် အစားအသောက် စားသောက်ပြီးသည် နှင့် မီးနှင့် လက်နက်ပစ္စည်းများကို နံဘေးနားမှာ အဆင်သင့် ချထားပြီး မျက်စိမှိတ်ကာ မှေးထားလေသည်။

သို့သော်လည်း စိတ်ချလက်ချ အိပ်ပျော်ခြင်းမျိုး မဟုတ် ဘဲ သတိတော့ ထားနေရသည်။

အတန်ကြာသောအခါ နားထဲမှာ ခြေသံလိုလို ကြားလာ ရသည်။ နီမောင်က မျက်စိမဖွင့်ဘဲ နားစွင့်ကြည့်နေသည်။

လူခြေသံလား၊ တောကောင်ခြေသံလား။



www.burmeseclassic.com

www.burmeseclassic.com



လူခြေသံဆိုလျှင်တော့ သူ့လိုပင် အကြံတူနေသော မုဆိုးတစ်ယောက်ယောက် ရောက်လာတာဖြစ်မည်။

တောကောင်ခြေသံဆိုလျှင်တော့ ရေသောက်ဆင်းလာသော တောကောင်တစ်ကောင်ကောင်က လူနံ့ရသောကြောင့် သူ့ကို တစ်ကျော့ပြန်ခွေလာခြင်းမျိုးလည်း ဖြစ်နိုင်ပေသည်။

ခြေသံက တဖြည်းဖြည်းနှင့် နီးလာသည်။

တောကောင်၏ခြေသံ မဟုတ်မှန်းတော့ သိလိုက်သည်။ သို့ဆိုလျှင်တော့ လူတစ်ယောက် သူရှိရာဘက်သို့ လျှောက်လာသောခြေသံပင်ဖြစ်သည်။

ခြေသံကတော့ လျှို့ဝှက်စွာ လျှောက်လာခြင်းမျိုး မဟုတ်ဘဲ ရဲရဲတင်းတင်း လျှောက်လာသောခြေသံမျိုးပင်ဖြစ်သည်။

နီမောင်က ချထားသော လက်နက်များအပေါ်သို့ လက်တင်ထားလိုက်လေသည်။

"ချွတ်. . ချွတ်. . ချွတ်"

မျက်လုံးဖွင့်ကြည့်လိုက်တော့ ခြေသံက ရပ်တန့်သွားသည်။ စိတ်ထဲမှာ မသင်္ကာသောကြောင့် လှဲနေရာမှ ထလိုက်သည်။ အမှောင်ထုများက စောစောကထက် ပိုများလာပြီဖြစ်သောကြောင့် ပတ်ဝန်းကျင်မှာ စိုးတဝါး ဖြစ်လာချေပြီ။ ခြေသံ



www.burmeseclassic.com

www.burmeseclassic.com



ပျောက်သွားပြီးနောက် အခြားအသံတစ်သံက ရှေ့ဆင့်နောက် ဆင့် ပေါ်လာလေသည်။

"ဝေါင်း. . "

"ဟင်. . "

ထိုအသံကြားလိုက်ရတော့ မုဆိုးတို့၏ညာဉ်အတိုင်း ကြောမီ အန္တရာယ်ရှိသော သတ္တဝါတစ်ကောင်နှင့် တွေ့ရတော့ မည်ဖြစ်ကြောင်း အလိုလို သိလိုက်ပြီး လေးနှင့်မြားကို အဆင် သင့် ပြင်လိုက်သည်။

ကြားလိုက်ရသောအသံကတော့ ကျားဟိန်းသံပင်ဖြစ် သည်။ ဆိုသော် စောစောက ကြားလိုက်ရသောခြေသံကတော့ ကျားခြေသံ မဟုတ်ပေ။

ကျားလာလျှင် ခြေသံနှင့်အတူ အမြီးမြေပုတ်သံပါ ကြားရလေ့ရှိသည်။

ကျားတို့သဘာဝ အိပ်ပျော်လျှင်လည်း အမြီးက တလှုပ် လှုပ်နှင့် ရှိသဖြင့် 'ဘုတ်. . ဘုတ်' ဟူသောအသံကို ကြားရသည်။ လမ်းသွားသည့်အခါမှာလည်း နောက်အမြီးက တရွတ်တိုက် ပါလာသောကြောင့် ခြေသံအပြင် အမြီးသံပါ ကြားရလေ့ရှိသည်။

တောတွင်းမှာ အမဲလိုက်နေကြသည့် ဝါရင့်မုဆိုးများက ထိုအသံကို ကြားနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



အမြီးပုတ်သံမှာ သိပ်မကျယ်သော်လည်း တောအတွေ့ အကြုံ ရင့်ကျက်သောမုဆိုးများအဖို့ သတိပြုနိုင်သည်။

အမြီးသံ မကြားရသောသတ္တဝါမှာ ကျားသစ်ပင်ဖြစ်သည်။ ကျားသစ်က အမြီးရှည်သော်လည်း အမဲလိုက်သည့် အချိန်မှာပဲဖြစ်ဖြစ် ဒီအတိုင်း သွားလာသည့်အခါမှာပဲဖြစ်ဖြစ် အမြီးကို အပေါ်သို့ ကော့ထောင်ထားလေ့ရှိသည်။

ခြေသံကလည်း ကျားသစ်က ပိုပြီးခြေသံလုံသည်။

ကျားသစ်က ခြေဖွ၍သွားပြီး ကျားက တစ်ကိုယ်လုံး အလေးချိန်ကို ခြေထောက်ပေါ်မှာ ပုံချထားသကဲ့သို့ လမ်းသွားသည့်အခါ တဘုတ်ဘုတ်နှင့် အသံကြားနေရသည်။

"ဝေါင်း. . . ဝေါင်း"

ကျားသစ်တစ်ကောင်၏မာန်ဖီသံပင်ဖြစ်သည်။

အသံက တဖြည်းဖြည်းနှင့် ပိုနီးလာသည်။

နီမောင်က နေရာမှ ထပြီး အခြေအနေကို အကဲခတ်သည်။ သူ့ပတ်ဝန်းကျင်တဝိုက်မှာတော့ လှုပ်လှုပ်ရှားရှား ဘာမှ မတွေ့ရသေးပေ။

စောစောက ကြားရသောအသံအတိုင်းသာဆိုပါက တောကောင်က သူရှိနေသောနေရာနှင့် ချုံတကွယ်သာသာခန့် လောက်ပင် ပိုမဝေးတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



ဒီအတိုင်းဆိုလျှင်တော့ ရန်သူက မုချဝင်တိုက်တော့မည့် အနေအထားဖြစ်သည်။

ရန်သူဝင်တိုက်တော့မှ ခုခံရတာနှင့်စာလျှင် သူက ဦးအောင်တိုက်ခိုက်ချင်သောဆန္ဒ ရှိသည်။

သို့ကြောင့် ပတ်ဝန်းကျင်ကို ကြည့်လိုက်တော့ ကျောဘက် မနီးမဝေးနေရာမှာ ပျဉ်းကတိုးပင်ကြီးကို တွေ့ရသည့် အကိုင်းအခက်တွေလည်း ရှိသည်။

နီမောင့်စိတ်ထဲမှာ အတွေးတစ်ခု ပေါ်လာသောကြောင့် ဓါးလှံနှင့် လေးမြားတို့ကို ယူ၍ ထိုသစ်ပင်ရှိရာသို့ သွားသည်။

ရောက်သည်နှင့် အပေါ်သို့ ရောက်အောင် ကြိုးစားတက်လိုက်လေသည်။

ပထမတစ်ထစ်၊ ဒုတိယအဆင့် ရောက်တော့ အတော်ကလေး စိတ်ချရသောအနေအထားသို့ ရောက်သွားလေသည်။ သစ်ပင်ပေါ် ရောက်တော့မှ စောစောက အသံကြားရသောနေရာသို့ လှမ်းကြည့်လိုက်သည်။

သဲသဲကွဲကွဲတော့ မမြင်ရပေ။

သို့သော် သစ်ပင်များကြားမှ ရိပ်ကနဲ ဖြတ်သွားသော သတ္တဝါတစ်ကောင်၏ပုံရိပ်ကိုတော့ မသဲမကွဲ လှမ်းမြင်လိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဟင်. ."

သူမျှော်လင့်ထားသလို သတ္တဝါတစ်ကောင်တော့ မဟုတ်ပေ။ အသက်အရွယ်ကြီးလှသော လူတစ်ယောက်၏ သဏ္ဌာန်ဖြစ်လေသည်။

နီမောင်စိတ်ထဲမှာ ဇဝေဇဝါ ဖြစ်သွားလေသည်။

ခေါင်းပေါင်းအနက်ကြီး ပေါင်းထားပြီး ကိုယ်ပေါ်မှာ ဝတ်ဆင်ထားသောအင်္ကျီ စသောအဝတ်အစားများမှာလည်း အနက်ရောင်ပင်ဖြစ်သည်။

အမှောင်ရိပ်သမ်းနေသည့်အချိန်ဖြစ်သောကြောင့် ၎င်းကိုယ်ပေါ်မှာ ဝတ်ဆင်ထားသော အဝတ်နက်များကြောင့် မည်သူမည်ဝါမှန်းတော့ မသိလိုက်ရပေ။

ထိုလူမှာ သစ်ပင်များကြားမှ တစ်ဖက်သို့ ကူးသွားရာ ရိပ်ကနဲသာ မြင်လိုက်ရသည်။

"ငါကြားရတာ ကျွဲးဟိန်းသံပဲ၊ စောစောက တွေ့လိုက်ရတာက အဘိုးကြီးတစ်ယောက်ဆိုတော့ မဟုတ်ကာမှလွဲရော သမန်းကျားများ ဖြစ်နေရော့သလား"

သမန်းကျားနှင့် ပတ်သက်သောသတင်းများကို အမျိုးမျိုး ကြားဖူးသော်လည်း တစ်ကြိမ်တစ်ခါမှတော့ ကိုယ်တိုင်မတွေ့



www.burmeseclassic.com

www.burmeseclassic.com



ဖူးသေးပေ။

"အဘတို့ ပြောတဲ့ လူစင်စစ်ကနေ ကျားဖြစ်သွားတာ တကယ်များ ဖြစ်နေရော့မလား၊ ဒါမှမဟုတ် တိုက်ဆိုင်မှုများ လား၊ ဒါမှမဟုတ်ရင်လည်း ငါ့ကို နာနာဘာဝတွေ လှည့်စားတာ ပဲ ဖြစ်ရမယ်"

နီမောင်မှာ ကြောက်တတ်သူတစ်ယောက်တော့မဟုတ် ပေ။ သာမန်တောတိရစ္ဆာန်များနှင့် ရင်ဆိုင်ရမည်ကို မကြောက်ရွံ့ သလို နာနာဘာဝများကိုလည်း မကြောက်ပေ။

စိတ်ဝင်စားဖွယ်ကောင်းသော မြင်ကွင်းကို သစ်ပင်ပေါ် မှ လိုက်လံကြည့်နေသော်လည်း နောက်ထပ်ဘာမှ မတွေ့ရ တော့ပေ။

ကျားဟိန်းသံကို နောက်ထပ်မကြားရတော့သလို လှုပ် ရှားမှုလည်း မတွေ့ရတော့ပေ။

အံ့ချိန်က နေဝင်ချိန်ရောက်ပြီဖြစ်သောကြောင့် ပတ် ဝန်းကျင်မှာ သဘာဝ အလင်းရောင် အတန်အသင့်သာ ကျန် တော့သည်။ သစ်ရိပ်များကြောင့် တောခြေတဝိုက်မှာ မှောင်နေ ချေပြီ။

စမ်းချောင်းဘက်လှမ်းကြည့်တော့ သစ်ကိုင်းများ ကွယ် နေသောကြောင့် ဘာမှမမြင်ရပေ။



www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့် အောက်ဖက်မှအခြေအနေကို အကဲခတ်ကြည့်ပြီး စိတ်ချရတော့မှ အောက်ဖက်သို့ ပြန်ဆင်းသည်။ အောက်သို့ ရောက်ပြီး မူလနေသောနေရာမှာ အခြေအနေကို ကြည့်သောအခါ စမ်းချောင်းပတ်ဝန်းကျင်မှာ အခြေအနေက ငြိမ်သက်နေသည်။

ညဦးပိုင်းအချိန်ရောက်တော့ လရောင်ထွက်လာသည်။

သို့သော် နှင်းမှုန်နှင်းသားများ ခံနေသောကြောင့် ခပ်ပါးပါးကလေးသာ ဖြာကျနေသည်။

သစ်ပင်ရိပ်များ မရှိသောနေရာမှာတော့ လရောင်ကြောင့် အတော်အတန် မြင်နိုင်လေသည်။

တိတ်ဆိတ်နေသောအချိန်ဖြစ်သောကြောင့် စမ်းချောင်းဘက်မှ စမ်းရေစီးဆင်းနေသောအသံများကို ကြားရသည်။

ဒီလို ညဦးပိုင်းအချိန်များမှာ တောင်ပေါ်မှာ ကျက်စားကြသော တိရစ္ဆာန်များ တောင်ခြေသို့ ဆင်းပြီး ဆားကျင်းရှာလေ့ရှိကြသည်။

ယခုကဲ့သို့ ညဦးပိုင်းအချိန်မှစပြီး အအေးဓါတ် မများသေးသောသန်းခေါင်ယံ မကျော်မီအချိန်အထိ တောင်ပေါ်မှာနေသော သားကောင်များ ဆင်းလာကြသဖြင့် လေ့ရှင့်များကို



www.burmeseclassic.com

www.burmeseclassic.com



အဆင်သင့် ပြင်ထားပြီး စိတ်ရှည်ရှည်နှင့် စောင့်ရလေသည်။

သိပ်မကြာခင်မှာပင် တောင်ကြောပေါ်မှ တလှုပ်လှုပ်နှင့် ဆင်းလာသောသတ္တဝါတစ်ကောင်ကို လှမ်းမြင်ရသည်။

အနည်းငယ် ဝေးနေသေးသောကြောင့် မည်သည့်သတ္တဝါဖြစ်မှန်း မသိရသေးသော်လည်း ထိုသတ္တဝါကတော့ စမ်းချောင်းရှိရာသို့ ဦးတည်ပြီး ဆင်းလာနေသည်ကတော့ သေချာသည်။

နီမောင်က ထိုအခွင့်အရေးကို လက်လွှတ်မပေးလိုပေ။

ထိုနေရာနှင့် နီးနိုင်သမျှနီးအောင် တဖြည်းဖြည်း တိုးသွားလေသည်။

ထိုအခိုက်မှာပင် တောင်ပေါ်မှ ဆင်းလာသော သတ္တဝါကလည်း ချောင်းရှိရာသို့ ရောက်လာသည်။

ထိုနေရာရောက်တော့မှ မည်သည့်သတ္တဝါဖြစ်မှန်း သဲသဲကွဲကွဲ တွေ့လိုက်ရသောကြောင့် များစွာဝမ်းသာသွားလေသည်။

အခြားမဟုတ်ပေ. . . ။

ရှဖိုက်၊ တာကင်ဟု ဒေသအခေါ်အဝေါ်များဖြင့်အမည်ပေးထားသော သားမင်းကောင်ပင်ဖြစ်သည်။

ယခုအချိန်မျိုးမှာ တာကင်တစ်ကောင် ရလိုက်လျှင်ပင်



www.burmeseclassic.com

www.burmeseclassic.com



သူတို့မိသားစုအတွက် များစွာအကျိုးရှိပေလိမ့်မည်။

နီမောင်က လေးနှင့်မြှားကို အဆင်သင့်ပြင်လိုက်သည်။ သားကောင် ပစ်ကွင်းထဲအထိ ရောက်လာမည့်အချိန်ကို စိတ်ရှည်စွာဖြင့် စောင့်နေလိုက်သည်။

တောင်ပေါ်မှ ဆင်းလာသော တာကင်ကောင်က တောစပ်မှ ဖြတ်ပြီး သောင်ရှိရာဘက်သို့ ဆင်းလာနေသည်။

မကြာမီ သောင်ပြန့်ပေါ်သို့ ရောက်လာသည်။

လရောင်ဖြင့် အထင်းသား လှမ်းမြင်နေရသည်။

ကံကောင်းချင်တော့ နီမောင်ရောက်နေသောနေရာဘက်မှာ လေညာဘက် ဖြစ်နေသောကြောင့် တာကင်ကောင်က အနံ့မရနိုင်ပေ။ ပစ်ကွင်းနှင့် နီးလာသောအခါ နီမောင်က လေးညို့ကို ဆွဲပြီး ပစ်ခတ်ရန် ပြင်သည်။

ဒီတော့မှ မမျှော်လင့်သောဖြစ်ရပ်တစ်ခုက ပေါ်လာလေတော့သည်။

အခြားမဟုတ်ပေ။

တောစပ်မှ ချောင်းမြောင်းနေဟန်ရှိသော ကျားနက်ကြီးတစ်ကောင်က အနီးရောက်လာသော တာကင်ကောင် အပေါ်သို့ ခုန်အုပ်ချလိုက်လေသည်။

"ဝေါင်း. . ."



www.burmeseclassic.com

www.burmeseclassic.com



ထိုအခြေအနေကြောင့် နီမောင်မှာ ပစ်ခွင့်မသာတော့ပေ။ လျှပ်တပြက် အခြေအနေကြောင့် မည်သို့ပြုလုပ်ရမှန်း မသိအောင် ဖြစ်သွားသည်။

နောက်တစ်ကြိမ် တာကင်တစ်ကောင် ရဖို့ဆိုတာ လွယ်ကူသောအခြေအနေမျိုး မဟုတ်ပေ။

တစ်နှစ်လုံး ရှာလျှင်သော်မှ တစ်ကောင်တွေ့နိုင်ဖို့ အခွင့်အရေးနည်းလှသည်။

သို့ကြောင့် တစ်ခုခု ဆုံးဖြတ်ရန်သာ ရှိတော့သည်။

တာကင်ကောင်ကတော့ ကျားနက်ကိုက်သည့်ဒဏ်ရာနှင့်ပင် သေသွားဟန်ရှိသည်။

ကျားနက်ကြီးက တာကင်ကို ကိုက်ချီပြီး တောထဲသို့ ပြန်ဝင်ရန် ဟန်ပြင်လိုက်သည်။

နီမောင်က ထိုအခွင့်အရေးကို ကောင်းစွာအသုံးချလိုက်လေသည်။ တာကင်ကောင်ကို ပစ်ခတ်ရန် အဆင်သင့် ပြင်ထားသောမြားနှင့်ပင် ကျားနက်ကြီးကို လှမ်းပစ်လိုက်သည်။

"ဝှစ်"

မြားဖြတ်သွားသောအသံနှင့် မရှေးမနှောင်းမှာပင် ကျားနက်ကြီးမှာ တစ်ဖက်သို့ ဝေါကနဲ လိမ့်ကျသွားသည်။

ပါးစပ်မှာ ကိုက်ထားသော တာကင်ကောင်လည်း လွတ်



www.burmeseclassic.com

www.burmeseclassic.com



ကျသွားသည်။ အတန်ကြာသောအခါ လဲကျနေရာမှ ပြန်ထလာပြီး နီမောင်ရှိနေရာဘက်သို့ တစ်ချက်လှမ်းကြည့်သည်။

အမှောင်ရိပ်တွင်းမှာ ဖြစ်သော်လည်း နီရဲနေသော မျက်လုံးနှစ်လုံးကို ဝင်းကနဲ လှမ်းမြင်လိုက်ရသည်။

ထို့နောက် ကျနေသောသားကောင်ကိုပင် မယူတော့ဘဲ တောထဲသို့ ပြန်ဝင်သွားလေသည်။

နီမောင်လည်း အခြေအနေကို အတန်ကြာအောင် စောင့်ကြည့်နေသော်လည်း ဘာမှမတွေ့ရတော့ပေ။

သူ့စိတ်ထဲမှာတော့ အဆိပ်လူးမြားချက် ထိပြီးမှ ပြန်ထသွားသောသတ္တဝါကို ဒီတစ်ကြိမ်သာ တွေ့ဖူးလေတော့သည်။

ထို့နောက်မှာတော့ သောင်ပြင်ပေါ်မှာ လဲကျနေသော တာကင်ကောင် ရှိရာသို့ ဆင်းလာခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၅)

# နတ်ခင်ပေါ်မှ ကျားနက်ရုပ်

ထိုအဖြစ်အပျက်များ ဖြစ်ပျက်ခဲ့ပြီး တစ်ပတ်ခန့် ကြာသောအခါ နီမောင်တို့ နေထိုင်သောရွာ၌ ကြောက်မက်ဖွယ်ကောင်းသော အဖြစ်အပျက်များ တစ်ခုပြီးတစ်ခု ဖြစ်လာခဲ့လေတော့သည်။

ညဉ့်နက်ပိုင်းအချိန်ရောက်လာသည်နှင့် သုသာန်ဘက်မှ ခွေးအူသံ၊ ခွေးဟောင်သံများ အဆက်မပြတ်ကြားကြရသည်။

ထိုအသံများ ကြားရလျှင် ငှက်ဆိုးထိုးသံများပါ ကြားကြ



www.burmeseclassic.com

www.burmeseclassic.com



ရပြန်သည်။ ငှက်ဆိုးများမှာ အခြားနေရာမှ အော်မြည်နေခြင်း မဟုတ်ဘဲ ကွမ်ဟယ်ရွာအပေါ်တည့်တည့်မှ လာရောက်အော်မြည်နေခြင်းဖြစ်သည်။

ယခင်က ထိုသို့မကြားရဘဲ ယခုရက်ပိုင်းရောက်မှ ကြားရသောကြောင့် ရွာသူရွာသားများမှာ စိုးရိမ်ကြောက်လန့်မှုများ ဖြစ်ကြလေသည်။

ထိုအသံများ ကြားရပြီး ရွာမှာ ရုတ်တရက် နေထိုင်မကောင်းသူများ ရှိလာကြသည်။

နောက်သုံးရက်ခန့်ကြာသောအခါ ကွမ်ဟယ်ရွာ သုသာန် ရှိရာဘက်မှ ကျားဟိန်းသံများပါ ကြားလာရသည်။

ညဦးပိုင်းအချိန် ခွေးအူသံ၊ ခွေးဟောင်သံများ၊ ငှက်ဆိုးထိုးသံများနောက်မှ တစ်ဆက်တည်းဆိုသလို ကျားဟိန်းသံများ ကြားကြရခြင်းဖြစ်သည်။

တဝေါင်းဝေါင်းနှင့် မာန်ဖီနေသောကျားဟိန်းသံများ ကြားရသောအခါ ရွာသူရွာသားများမှာ နေစရာမရှိအောင် ကြောက်ရွံ့ကြလေသည်။

၎င်းတို့နေသောရွာနှင့် တစ်ဆက်တည်းတွင် တောတောင်များ ရှိကြသဖြင့် ထိုတောများအတွင်းမှာ တောကောင်များ ရှိကြသည်ဆိုသော်လည်း ယခုကဲ့သို့ ရွာခြေထိတော



www.burmeseclassic.com

www.burmeseclassic.com



ဆင်းမလာကြပေ။ ယခု သုသာန်အထိ ဆင်းလာပြီဆိုသောအခါ ရွာနှင့် အတော်ကလေး နီးနေချေပြီ။

ကွမ်ဟယ်ရွာသုသာန်မှာ ရွာအနောက်ဘက်တောစပ်၌ ပြီး ရွာနှင့် မဝေးလှပေ။

နောက်ပိုင်းမှာတော့ ထို့ထက်ပို၍ကြောက်စရာကောင်း သောအဖြစ်အပျက်များ ရောက်လာလေတော့သည်။

အခြားမဟုတ်ပေ။

ညဦးပိုင်းအချိန်ရောက်သည်နှင့် သုသာန်ဘက်မှ ကျား ဟိန်းသံ ကြားရပြီးနောက် တစ်ကိုယ်လုံး အဝတ်နက်ကြီး ခြုံထား သော လူတစ်ယောက်နှင့် ကျားနက်ကြီးတစ်ကောင် ရွာထဲသို့ ဝင်လာတော့သည်။

ထိုကျားနက်ကြီး ရွာထဲ ဝင်လာသည်နှင့် ခွေးဟောင်သံ နှင့် လူသံပါ တိတ်ဆိတ်ငြိမ်သက်သွားလေတော့သည်။

ထိုသင်္ချိုင်းကန်နှစ်ခုမှာ ရွာအနောက်ဘက်မှသော်လည်း ကောင်း၊ ရွာအပြင်ဘက်မှသော်လည်းကောင်း ခေါက်တုံ့ခေါက် ပြန် လျှောက်နေပြီး အသံနက်ကြီးဖြင့် အော်ပြောသံကို ကြားကြ ရသည်။

"ငါတို့အသက်ကို ယူရင် နင်တို့တစ်ရွာလုံးအသက်ကို ပေးရမယ်. . .



www.burmeseclassic.com

www.burmeseclassic.com



နင်တို့အသက်တွေ ပြန်ပေးရမယ်. . .
နင်တို့အသက်တွေ ပြန်ပေးရမယ်. . ."

ထိုအသံကြားရပြီး မရှေးမနှောင်းမှာ နီးစပ်ရာ အိမ်တစ်လုံးအပေါ်သို့ တစ်စုံတစ်ခုကျသံ ပေါ်ထွက်လာလေသည်။

"ဗုန်း. . ."

ထိုအသံကြားပြီးမှ အသံနက်ကြီးဖြင့် အော်နေသော အသံကြီးလည်း ရပ်သွားလေတော့သည်။

နောက်တစ်နေ့ နံနက်လင်းတော့မှ အသံကြားသော အိမ်ခေါင်မိုးပေါ်သို့ ကြည့်သောအခါ လူအရိုးခေါင်းခွံတစ်လုံး ရောက်နေသည်ကို ကြောက်မက်ဖွယ်ရာ တွေ့ကြရသည်။

ထိုအရိုးခေါင်းခွံ ရောက်သောအိမ်မှာ တစ်ရက်နှစ်ရက်အတွင်း လူတစ်ယောက် နှစ်ယောက်တို့မှာ အကောင်းသားမှ ပ ချက်ချင်း ဝမ်းရောဂါကဲ့သို့ ရောဂါတစ်ခုခု ဝင်ပြီး သေကြ သည်။

ထိုသို့မသေလျှင်လည်း ထိုအိမ်မှ လူတစ်ယော ယောက် ပျောက်ခြင်းမလှ ပျောက်သွားလေတော့သည်။

ဤသို့ဖြင့် နေ့စဉ်ရက်ဆက် ဖြစ်လာသောအခါ ကွ ဟယ် ရွာသူရွာသားများမှာ ညအချိန်ရောက်သောမည်ကိုပ ကြောက်ရွံ့လာကြပြီး အချို့လည်း မနေဝံ့အောင် ဖြစ်လာ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုပြဿနာများမှာ ရွာလူကြီးဦးထန်ဖုန်းရှိန်ခေါင်းပေါ်သို့ ရောက်လာတော့သည်။

တစ်နေ့တွင် ရွာမှ လူများကို တုံးမောင်းခေါက်ကာ ခေါ်ယူလိုက်လေသည်။

ရွာသူရွာသားများ ရောက်လာသောအခါ အသီးသီး ပြောဆိုတိုင်တန်းကြလေတော့သည်။

"ကျုပ်တို့ရွာမှာ အရင်က ဒီလိုအဖြစ်မျိုးတွေ မဖြစ်ခဲ့ဖူးပါဘူး၊ အခုမှ ဖြစ်တာကတော့ အမှားအယွင်းတစ်ခုခု ရှိနေလို့ ဖြစ်မယ်"

"ဒီအတိုင်းသာ ဆက်ဖြစ်နေရင်တော့ ကြာရင် ရွာပျက်တော့မယ်၊ အခုဆိုရင် ရွာအပြင်ထွက်ပြီး အလုပ်မလုပ်ဝံ့ကြတော့ဘူး"

"ကျုပ်တို့က တစ်နေ့လုပ်မှ တစ်နေ့စားရတာဆိုတော့ ဒီလိုသာ ဖြစ်နေရင် ထမင်းငတ်ပြီး သေကြရုံသာ ရှိတော့တယ်၊ လုပ်ပါဦး သူကြီးရဲ့"

"ဒါထက် ညအချိန် ရောက်ရောက်လာတဲ့ မည်းမည်း သဏ္ဌာန်ကြီးက ဘယ်သူလဲ၊ ဘယ်က ရောက်လာတာလဲ"

ထိုသို့ တစ်ယောက်တစ်မျိုး ပြောနေကြသဖြင့် ဦးထန်ဖုန်းရှိန်မှာ စိတ်မရှည်တော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . ကဲ. . အားလုံး ခဏတော်ကြဦး၊ မင်းတို့ကို အ
တုံးခေါက်ပြီး ခေါ်ရတာလည်း ဒီအကြောင်းပြောမလို့ပဲ၊ ငါတို့
မှာ အရင်က ဒီလိုပယောဂ အနှောင့်အယှက်တွေ မရှိခဲ့ဖူး
အခုမှ ဘယ်က ရောက်လာတယ်ဆိုတာလည်း သိတဲ့သူရှိရ
ပြောကြပါဦး"

ဟု ပြောလိုက်သည်။

ထိုအခါမှာလည်း ကိုယ်ထင်ရာမြင်ရာ ဝင်ပြောကြ
သည်။

"ကျုပ်အထင်ပြောရရင်တော့ နတ်စင်မှာ နတ်တင်
ကိစ္စများ အများအယွင်းဖြစ်လို့ နတ်က နှောင့်ယှက်တာများလာ

ထုံးစံအတိုင်း နတ်တင်ကြရင် ကောင်းမယ် ဆလိုင်

ဟူသောစကားကို ရွာသားအတော်များများက ပြော
လေသည်။

တောနယ်များမှာ နေကြသူများမှာ အကြောင်းတစ်
ပေါ်လာသည်နှင့် စုန်းစွဲ၊ နတ်စွဲ၊ ပယောဂစွဲများသာ ယိုးစွပ်
ရှိကြသောကြောင့် ယခုလည်း တစ်ရွာလုံးက နတ်တင်ရန်သ
ဆန္ဒရှိနေကြသည်။

သို့ကြောင့် ဦးထန်ဖုန်းရှိန်ကပင် ခေါင်းဆောင်ပြီး ရွာ
ထိပ် နတ်စင်မှာ နတ်တင်ရန်အတွက် ပြင်ဆင်တော့သည်



www.burmeseclassic.com

www.burmeseclassic.com



ထုံးစံအတိုင်း နတ်တင်ရန်ကိစ္စကို နတ်ဆရာနှင့် ရွာလူကြီးကပင် ဦးဆောင်ပြီး စီစဉ်ဆောင်ရွက်ပေးရလေသည်။

နတ်ဆရာ၏အမည်မှာ 'ဇလော်ဟီး' ဆိုသူဖြစ်သည်။

နတ်ဆရာ ဇလော်ဟီးက ထိုနေ့ညဦးပိုင်းအချိန်မှာပင် နတ်စင်ရှိရာသို့ သွားပြီး တိုင်တည်ပြောဆိုရသည်။

ရွာသူရွာသားများက ထုံးတမ်းအစဉ်အလာအတိုင်း နတ်တင်တော့မည်ဆိုပါက စီစဉ်စရာများစီစဉ်၊ ချက်ပြုတ်စရာများ ချက်ပြုတ်လုပ်ကိုင်နေကြစဉ် နတ်ဆရာက နတ်စင်ရှိရာသို့ သွားပြီး အသိပေးပြောကြားရသည်။

နောက်တစ်နေ့ မနက်ပိုင်းအချိန် နတ်တင်မြှောက်ပသမှုများ ပြုကြတော့မည်ဆိုပါက ယခုလို ညဦးပိုင်းအချိန်ကတည်းက နတ်စင်ရှိရာသို့ သွားပြီး ပင့်ဖိတ်စရာရှိလျှင် ပင့်ဖိတ်၊ အသိပေးစရာ ရှိရင်လည်း အသိပေး ပြောကြားထားရသည်။

ထိုသို့သွားရာမှာ နတ်ဆရာတစ်ဦးတည်း သွားခြင်းမျိုး မဟုတ်ဘဲ အခြားရွာသားနှစ်ယောက်သုံးယောက်ကိုပါ အဖော်ခေါ် သွားလေ့ရှိသည်။

(ထိုသို့ ကြိုတင်ပင့်ဖိတ်ခြင်းမှာ အကယ်၍ သူတို့ တင်မြှောက်မည့်နတ် အခြားနေရာ ရောက်နေပါက ပြန်ရောက်လာစေရန်ဖြစ်သည်။)



www.burmeseclassic.com

www.burmeseclassic.com



ယခုလည်း နောက်တစ်နေ့တွင် ရွာသူရွာသားများက နတ်တင်မြှောက်ကြရန် စီစဉ်နေပြီဖြစ်သောကြောင့် ညဦးပိုင်း အချိန်တွင် နတ်စင်ရှိရာ သွားရန်ပြင်လေသည်။

ညနေပိုင်းအချိန်ရောက်သောအခါ နတ်ဆရာဇလော်ဟီးက သူနှင့်အတူ စောထီးနှင့်ငမဲအောင်တို့ကိုပါ အဖော်ခေါ် သွားသည်။

ထိုအခါ နီမောင်ကပါ အခြေအနေ သိချင်နေသောကြောင့် လိုက်သွားလေသည်။

၎င်းတို့မှာ အကြောင်းရှိလျှင် အသုံးပြုရန်အတွက် ဓါး၊ လှံနှင့် လက်နှိပ်ဓါတ်မီးများပါ ယူဆောင်သွားကြသည်။

နတ်စင်ရှိသောနေရာမှာ ရွာဦးပိုင်းဘက်တွင် ရှိပြီး တောင်ကုန်းတစ်ခုပေါ်မှာ တည်ဆောက်ထားသည်။

အနောက်မှာ တောအုပ်များ ရှိပြီး ရွာဘက်မှ တက်သောလမ်းကိုတော့ ရှင်းထားပြီး လှေခါးထစ်များ ပြုလုပ်ထားသည်။ နတ်စင်မှာ လေးတိုင်စင်ဖြစ်ပြီး အမိုးအကာများ ရှိသည်။ အတွင်းမှာ သစ်သားဖြင့် ပြုလုပ်ထားသော ရိုးရာနတ်ရုပ်တစ်ရုပ် ရှိသည်။ နှစ်ပေကျော်ကျော်ခန့် မြင့်သည်။

နတ်ဆရာက ရှေ့မှ သွားပြီး နီမောင်တို့သုံးယောက်က စကားတပြောပြောနှင့် နောက်ဘက် မလှမ်းမကမ်းနေရာမှ



www.burmeseclassic.com

www.burmeseclassic.com



လိုက်သွားသည်။

စောထီးနှင့်ငမဲအောင်က နီမောင်တစ်ယောက်တည်းနှင့် တာကင်တစ်ကောင် ရလာသည်ကို ပြောဆိုနေကြသည်။

"မင်းတစ်ယောက်တည်းနဲ့ တာကင်တစ်ကောင် ဖမ်းလာနိုင်တာတော့ အံ့သြစရာပဲ"

"မင်းရလာတဲ့ တာကင်ကောင်မှာ ကျားကိုက်တဲ့ အစွယ်ရာတွေ တွေ့ရတယ်၊ ဘယ်လိုရလာသလဲဆိုတာလည်း ပြောပါဦး"

ဟု မေးသဖြင့် နီမောင်က သူတွေ့ကြုံခဲ့သော အဖြစ်အပျက်အချို့ကို ပြောပြလိုက်သည်။

"မင်း တကယ်ပဲ ကျားနက်ကြီးနဲ့ တွေ့ခဲ့ရသလား"

"အေး. . . တွေ့ခဲ့တယ်"

"တာကင်ကောင်အပြင် အဲဒီကျားနက်ကြီးပါ ရလိုက်ရင်တော့ မင်းချမ်းသာလောက်တယ်"

ဟု စောထီးက ပြောသည်။

ထိုအခါ ငမဲအောင်က ဝင်ပြောသည်။

"ချမ်းသာတာထက် အသက်အန္တရာယ်ဖြစ်မှာရော မစဉ်းစားဘူးလား၊ ငါကြားဖူးတာကတော့ ကျားနက်ဆိုတာ သာမန်မဟုတ်ဘူး၊ နတ်တွေ စီးတဲ့ စီးတော်ကျားလို့ ကြားဖူး



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဒါကြောင့် နီမောင်ပစ်တဲ့ အဆိပ်လူးမြားချက် ထိတာတောင် မသေတာ ဖြစ်မှာပေါ့"

နီမောင်ကတော့ သူတွေ့ကြုံခဲ့သောအဖြစ်အပျက်များကို စဉ်းစားရင်း တစ်စုံတစ်ခုကို သတိရမိလေသည်။

"အင်း. . . မင်းတို့ ပြောတာများ ဟုတ်နေရော့သလား မသိဘူး၊ အဲဒီနေ့က ငါ မြားနဲ့ ပစ်တော့ မသေတဲ့အပြင် မျက်လုံးနီနီကြီးတွေနဲ့ ငါရှိနေတဲ့ဘက်ကိုတောင် ပြန်လှည့်ကြည့်သွားသေးတယ်"

"ဒီလိုဆိုရင် ညဘက်တွေမှာ ငါတို့ရွာနားကို လာလာနေတဲ့ ကျားနက်ကြီးက အဲဒီကျားနက်ကြီးများ ဖြစ်နေရော့သလား"

"ဟုတ်နိုင်တာပေါ့. . . သူအော်နေတဲ့အသံကို မကြားဘူးလား၊ သူတို့အသက်ကို ယူရင် ငါတို့တစ်ရွာလုံးအသက်ကို ပြန်ယူမယ်လို့ ပြောနေတာ အဲ့ဒါများ ဖြစ်နေရော့သလား"

- ဟု သုံးယောက်သား အသံခပ်တိုးတိုးဖြင့် ပြောဆိုရင်း နတ်ဆရာနောက်ဘက် မနီးမဝေးမှ လိုက်သွားကြလေသည်။

အချိန်မှာ နေဝင်ရီတရောအချိန် ရောက်ပြီဖြစ်သောကြောင့် နတ်စင်ရှိရာတောင်ကုန်းပေါ်မှာ နေဝင်ချိန် ဆည်းဆာရောင်များ ကျဆင်းနေသည်။

တောင်ကုန်းမှာ သိပ်မမြင့်လှသော်လည်း အောက်



www.burmeseclassic.com

www.burmeseclassic.com



ဘက်မှ မော့ကြည့်လျှင် အပေါ်မှာ ရှိသော နတ်စင်ရှိရာသို့ လှမ်းမမြင်ကြရပေ။

"ဝေါင်း. . ."

တောင်ကုန်းထိပ် ရောက်ကာနီးသောနေရာသို့ ရောက်သောအခါ တောင်ကုန်းထိပ်အပေါ်ဘက်မှ ကျားဟိန်းသံ တစ်ချက် ကြားလိုက်ရသဖြင့် အားလုံးခြေလှမ်းရပ်လိုက်ကြသည်။

"ဆရာကြီး. . . ကျားဟိန်းသံ ထင်တယ်၊ သွားလို့ဖြစ်ပါ့မလား"

နီမောင်က သတိပေးလိုက်သဖြင့် နတ်ဆရာက အတန်ကြာအောင် ရပ်ပြီး ချိန်ဆနေဟန်ရှိသည်။

နီမောင်တို့သုံးယောက်ဆီမှာ ဓါး၊ လှံ၊ လက်နက်များ ပါလာသောကြောင့်လည်း ဆက်သွားရန် ဆုံးဖြတ်လိုက်ဟန်ရှိသည်။

"ဆက်သွားရမှာပဲ. . . မသွားလို့မဖြစ်ဘူး၊ မနက်ဖြန်မနက်မှာ နတ်ပူဇော်ပွဲ ကျင်းပတော့မှာဆိုတော့ ဒီကနေ့ညမှာ နတ်ကို ပင့်ဖိတ်ထားရမှာ အစဉ်အလာ ရှိတာမို့ ပျက်ကွက်လို့မဖြစ်ဘူး"

ဟု ပြောသဖြင့် နီမောင်တို့သုံးယောက်မှာလည်း လက်နက်များကို အဆင်သင့်ပြင်ပြီး ရှေ့ဆက်သွားရန် ပြင်ကြရလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

နတ်ဆရာက သူလက်ထဲမှာ ကိုင်ထားသော မီးတုတ်ကို မီးထွန်းလိုက်ပြီး ရှိုးရာဘာသာစကားဖြင့် ဂါထာမန္တန်များ ရွတ်ဆို နေသည်။ ပြီးမှ အပေါ်သို့ တက်လေသည်။

"ဝေါင်း. . ."

တောင်ကုန်းအပေါ်ပိုင်းနေရာမှာ အနည်းငယ် မတ် စောက်နေသဖြင့် အပေါ်သို့ လှမ်းမမြင်နိုင်ပေ။

အကယ်၍ ကျားတစ်ကောင် တောင်ကုန်းထိပ်ပေါ်မှာ ရှိနေလျှင် သူတို့ အပေါ်ရောက်သွားသောအချိန်တွင် အသင့် စောင့်ပြီး ရန်မူနိုင်ပေသည်။

နီမောင်တို့သုံးယောက်စလုံးမှာ တောအတွေ့အကြုံ ရှိ ကြသူများဖြစ်သဖြင့် အကယ်၍ ရန်မူမည့်သတ္တဝါနှင့် တွေ့လျှင် သော်မှ ဘေးအန္တရာယ်လွတ်အောင် ကာကွယ်နိုင်ကြသည်။

တစ်ခုပဲ စိတ်ပူစရာရှိသည်။

နတ်ဆရာမှာ တောအတွေ့အကြုံ မရှိသောကြောင့် အကယ်၍ အန္တရာယ်နှင့် ရင်ဆိုင်တွေ့လျှင် သူ့အတွက် ကာ ကွယ်ပေးရပေသည်။

လေးယောက်သား သတိကြီးစွာထားပြီး တောင်ထွဋ်ပေါ် ရောက်အောင်တက်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အချိန်ကလည်း ညနေပိုင်းအချိန်ဖြစ်လာသောကြောင့် ပတ်ဝန်းကျင်တဝိုက်မှာ အလင်းရောင် သိပ်မရှိတော့ပေ။

နတ်ဆရာလက်ထဲမှာ ကိုင်ထားသောမီးတုတ်မှအလင်းရောင်များကတော့ ပတ်ဝန်းကျင်တဝိုက် ပျံ့နှံ့လျက်ရှိသည်။

တောင်ထိပ်ပေါ် ရောက်ကာနီးသောအခါ ကျားဟိန်းသံထပ်ကြားရသည်။

ထိုအခြေအနေအတိုင်းဆိုလျှင်တော့ နတ်စင်ရှိရာတဝိုက်မှာ တောကောင်တစ်ကောင် ရောက်နေသည်မှာ သေချာလောက်ပေသည်။

ထိုနေရာရောက်သောအခါ နတ်ဆရာကို နောက်ဘက်မှာ ထားပြီး နီမောင်တို့သုံးယောက်က ရှေ့မှ သွားကြလေသည်။

သူတို့အတွက် ကံကောင်းနေသောအချက်မှာ တောင်ကုန်းပေါ်မှာ ရောက်နေသောကြောင့် နောက်ဘက်မှ ဝင်ရောက်လာမည့် အန္တရာယ်အတွက် ပူပန်စရာ မရှိပေ။ ကျားတို့မည်သည် လူနှင့် မျက်နှာချင်းဆိုင် ရှိနေသမျှ ဘယ်တော့မှ ခုန်ဝင်မလာပေ။

လူကို ခုန်အုပ်တော့မည်ဆိုပါက ကျောဘက်မှသာ အလစ်ချောင်းပြီး ခုန်အုပ်လေ့ရှိကြသည်။

တောထဲမှာ ကျားနှင့် ရင်ဆိုင်တွေ့ပါက သစ်ပင်ကို



www.burmeseclassic.com

www.burmeseclassic.com



တော့ကပ်ပြီး မျက်နှာချင်းဆိုင် ရပ်နေပါက ရုတ်တရက် ခုန်မဝင်လာဝံ့ပေ။

အာဖရိကတောနက်များထဲ၌ နေထိုင်ကြသောလူရိုင်းများမှာ တောထဲသို့ သွားကြသည့်အခါ မျက်နှာနှစ်ခုအသွင် ဖြစ်နေစေရန် နောက်စေ့ဘက်တွင် လူမျက်နှာပုံသဏ္ဌာန် ပြုလုပ်ထားသည့် မျက်နှာဖုံးများ တပ်ဆင်သွားလာလေ့ရှိသည်။

ဂုင်းတို့အယူအဆမှာ ကျားသည် လူနှင့် ရင်ဆိုင်တွေ့ပြီး မလွဲသာမှသာ ကိုက်သတ်စားသောက်လေ့ရှိကြသော်လည်း လူမျက်နှာကို များစွာကြောက်ရွံ့ကြသည်ဟု ယုံကြည်မှု ရှိကြလေသည်။

တောင်ထိပ်နား နီးသောအခါ နီမောင်က အပေါ်သို့ လှမ်းကြည့်သည်။

ကျားဟိန်းနေသံ ကြားရသော်လည်း လှုပ်ရှားမှုတော့ မတွေ့ရသေးပေ။

ထို့ထက်ပိုပြီးထူးခြားခြင်းမှာ ကျားဟိန်းသံက နတ်စင်ရှိနေသောနေရာတဝိုက်မှသာ တစ်နေရာတည်း ကြားနေရခြင်းဖြစ်သည်။ သို့ကြောင့် ရဲရဲတင်းတင်းပင် မတ်တတ်ရပ်ကြည့်လိုက်တော့ တောင်ကုန်းပေါ်မှာ ဘာမှမတွေ့ရပေ။

နတ်စင်ဆောက်ထားသောတောင်ကုန်းထိပ်မှာ သစ်

www.burmeseclassic.com



ပင်ချုံနွယ်များ ရှုပ်ထွေးခြင်း မရှိဘဲ ရှင်းနေသည်။

ထို့ပြင် အလင်းရောင်လည်း ရှိနေသေးသောကြောင့် ကောင်းစွာမြင်နေရသေးသည်။

တောင်ကုန်းပေါ်မှာ ဘယ်လိုသတ္တဝါမျိုးမှ မတွေ့ရပေ။

"အခြေအနေ ဘယ်လိုလဲ နီမောင်"

"တောင်ကုန်းပေါ်မှာ ဘာမှမရှိဘူး"

"ကျားဟိန်းသံက ဘယ်နေရာက လာနေတာလဲ"

"တောင်ကုန်းပေါ်ကပဲ"

"မင်းစကားကလည်း နှစ်လုံးတည်းနဲ့ ကပ်ရှုပ်နေပြန်ပြီ"

စောထီးနှင့်ငမဲအောင်တို့နှစ်ယောက်က စိတ်မရှည်ကြသောကြောင့် ထကြည့်ကြသည်။ ဘာမှမရှိပေ. . .။

နတ်စင်တစ်နေရာမှာ လှိုဏ်ဂူကစွာ ရှိနေလေသလားဟု ကြည့်တော့လည်း ဘာမှမတွေ့ရတော့မှ တောင်ပေါ်သို့ တက်လာကြသည်။

တောင်ပေါ် ရောက်ပြီး စိတ်မချသောကြောင့် နတ်စင်အဝိုက် လှည့်ကြည့်ပြန်တော့လည်း ကျားမဆိုထားနှင့် ကြောင်တစ်ကောင်ကိုမှ မတွေ့ရပေ။

"ငါတို့ တက်လာတာ မြင်လို့ တောထဲ ပြန်ဝင်သွားတာပဲ ဖြစ်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောပြီး နတ်စင်ရှေ့ဘက်သို့ ပြန်လာကြသည်။

"ဝေါင်း. . ."

"ဟင်. . ."

ကျားဟိန်းသံက နတ်စင်အရှေ့ဘက်မှ ပေါ်ထွက်လာသဖြင့် အားလုံးမျက်လုံးပြူးသွားကြသည်။

သို့ကြောင့် ကပျာကယာ ပြေးလာပြီး ကြည့်သောအခါမှာ နတ်စင်ရှေ့မှာ ဘာမှမရှိပြန်ပေ။

ထိုအခြေအနေကို မြင်သောအခါ နတ်ဆရာမှာ မျက်နှာပျက်သွားလေသည်။

"ဒါ နတ်ကျားဟိန်းသံပဲ ဖြစ်ရမယ်၊ တောစောင့်နတ် တောင်စောင့်နတ်တွေက မကျေနပ်လို့ သတိပေးနေတာပဲ ဖြစ်ရမယ်၊

မဖြစ်ဘူး. . . သူတို့ ကျေနပ်အောင် အမြန်တောင်းပန်ရမယ်"

ဟု ပြောပြီး နတ်ဆရာက ၎င်းလက်ထဲမှာ ကိုင်ထားသောမီးတိုင်ကို နတ်စင်ပေါ်မှာ စိုက်ထူလိုက်သည်။

"ဟင်. . ."

"ဘာအရုပ်ကလေးလဲဟ"

မီးရောင်ထွန်းလိုက်တော့မှ နတ်စင်ပေါ်မှာ တင်ထား



www.burmeseclassic.com

www.burmeseclassic.com



သော ကျားနက်ရုပ်ကလေးကို တွေ့ကြရသည်။

ကျားနက်ရုပ်ကလေးမှာ လေးလက်မအရွယ်ခန့်သာ ရှိသော်လည်း ပြုလုပ်ထားပုံမှာ လက်ရာမြောက်လှသည်။

နက်မှောင်နေသောအသားဖြင့် ပြုလုပ်ထားခြင်းဖြစ်ပြီး ဟိန်းနေသောပုံသဏ္ဌာန်ဖြစ်သည်။

အထူးခြားဆုံးမှာ မျက်လုံးနှစ်လုံးပင်ဖြစ်သည်။

ကျားမျက်လုံးနှစ်လုံးမှာ ဟင်္သာပြဒါးကဲ့သို့ ရဲရဲနီလျက် ရှိနေပြီး အသက်ဝင်နေသကဲ့သို့ရှိသည်။

"ဝေါင်း. . ."

သူတို့လေးယောက် တအံ့တဩ ကြည့်နေစဉ်မှာ ကျားနက်ရုပ်ကလေး ရှိရာမှ ကျားဟိန်းသံကြီး ပေါ်ထွက်လာသောကြောင့် လေးယောက်သား လန့်သွားကြသည်။

"ဒါ ကျားနက်ရုပ်ပဲ"

နတ်ဆရာက တုန်လှုပ်စွာ ရေရွတ်လိုက်ပြီး နတ်စင်ရှေ့မှာ ဒူးထောက်ပြီး တိုင်တည်ရွတ်ဆိုမှုများ ပြုလုပ်နေလေသည်။ နီမောင်တို့မှာ ထူးဆန်းသောမြင်ကွင်းကြောင့် တအံ့တဩ ဖြစ်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၆)

# သချိုင်းအတွင်းမှ ကျားနက်တိုက်ပွဲ

နောက်တစ်နေ့မှာတော့ ကွမ်ဟာယ်ရွာမှ နတ်ဆရာ ဇလော်ဟီး ခေါင်းဆောင်ပြီး ရွာသူရွာသားများအားလုံး နတ်ပူဇော်ပွဲများ ပြုလုပ်ကြလေသည်။

ရင်းတို့သည် နတ်စင်ပေါ်မှာ တင်ထားသော နတ်ရုပ်ကြီးအား အမွှေးနံ့သာများဖြင့် ပက်ဖြန်းပြီး အမဲသား၊ ငါးစား သောက်ဖွယ်ရာများဖြင့် ပူဇော်ပသကြလေသည်။ ထို့ပြင် ရင်းတို့



www.burmeseclassic.com

www.burmeseclassic.com



ရွာမှာ ကျရောက်နေသော ဘေးအန္တရာယ်များ ကင်းစင်ပပျောက်စေရန် ဆုတောင်းကြလေသည်။ သို့သော်လည်း ညအချိန်ရောက်သောအခါ အန္တရာယ်ဆိုးများက ရောက်လာမြဲရောက်လာပြန်လေသည်။

ညဉ့်နက်ပိုင်းအချိန်ရောက်လာသောအခါ ရွာအနောက်ဘက်မှ သုသာန်ရှိရာမှ ခွေးအူသံ၊ ခွေးဟောင်သံ၊ ငှက်ဆိုးထိုးသံများ ပေါ်လာသည်။

ပြီးလျှင် ကျားဟိန်းသံများ ကြားကြရသည်။

ကျားဟိန်းသံများ ကြားရပြီး မရှေးမနှောင်းမှာပင် ရွာနှင့်မနီးမဝေး အမှောင်ရိပ်ထဲမှာ သွားလာနေသော မည်းမည်းသဏ္ဌာန်များကို လှမ်းမြင်ကြပြန်သည်။

အဝတ်မည်းကြီး ခြုံထားသောလူတစ်ယောက်နှင့် ကျားနက်ကြီးတစ်ကောင်တို့ပင် ဖြစ်သည်။

ကျားနက်ကြီး ရောက်လာပြီးနောက် ကျားဟိန်းသံများပေါ်ထွက်လာပြီးနောက်တွင် ကြောက်မက်ဖွယ်ကောင်းသောအသံကြီးကလည်း ပေါ်ထွက်လာပြန်သည်။

"ငါတို့အသက်ကို ယူရင် နင်တို့တစ်ရွာလုံးအသက်ကိုပေးရမယ်၊

နင်တို့အသက်ကို ပြန်ပေးရမယ်. . .၊



www.burmeseclassic.com

www.burmeseclassic.com



နင်တို့အသက်ကို ပြန်ပေးရမယ်. . . ”

ဟူသောအသံဆိုးကြီးပင်ဖြစ်သည်။

ထိုအသံဆိုးကြီး ကြားရပြီးနောက်တွင် အိမ်တစ်လုံးပေါ်သို့ ပစ်တင်လိုက်သော အသံဆိုးကြီးကလည်း ပေါ်ထွက်လာပြန်လေသည်။

“ဗုန်း. . . ”

ထိုအသံကြားရပြီးနောက်မှာ မိမိတို့ အိမ်ခေါင်မိုးပေါ်သို့ လူအရိုးခေါင်းတစ်လုံး ရောက်လာပြီကို သိကြရပြီး နောက်တစ်နေ့မှာ ထိုအိမ်မှ လူတစ်ယောက် ရုတ်တရက် သေဆုံးသွားလေတော့သည်။

နောက်တစ်ရက်မှာတော့ ရွာမှ မိန်းကလေးတစ်ယောက် ပျောက်ချင်းမလှ ပျောက်သွားလေတော့သည်။

ဦးမွန်ထော်၊ ဒေါ်ကျင်စာရီတို့၏သမီးဖြစ်သူ မြနန်းမှုံဆိုသောမိန်းကလေးဖြစ်ပြီး အသက်နှစ်ဆယ်အရွယ်ခန့်ရှိလေသည်။

မြနန်းမှုံမှာ ရုပ်ရည်ချောမောလှပသူဖြစ်သဖြင့် ချစ်သူနောက်သို့ လိုက်သွားလေရော့သလားဟု ထင်စရာရှိသော်လည်း ထိုသို့မဟုတ်ပေ။

ထိုညက ခွေးအူသံ၊ ကျားဟိန်းသံများ ကြားရပြီးနောက်



www.burmeseclassic.com

www.burmeseclassic.com



ဦးမွန်ထော်တို့ အိမ်ခေါင်မိုးပေါ်သို့ ဗုန်းကနဲ မြည်သံနှင့်အတူ တစ်စုံတစ်ခု ကျလာသံကို ကြားကြရသည်။

ညအချိန် ဖြစ်သောကြောင့် ထွက်မကြည့်ဝံ့ကြဘဲ နောက်တစ်နေ့ မနက်ပိုင်းအချိန်ရောက်မှ ထွက်ကြည့်သောအခါ အိမ်ခေါင်ပေါ်မှာ တင်နေသော လူ့အရိုးခေါင်းတစ်လုံးကို တွေ့ကြရသည်။

ထိုအခါမှ အိမ်ထဲမှာ မြနန်းမှူး မရှိတော့မှန်း သိကြရခြင်း ဖြစ်သည်။

ဦးမွန်ထော်တို့မှာ တစ်ဦးတည်းသောသမီးကလေး ဖြစ်သောကြောင့် များစွာပူဆွေးသောက ရောက်ကြရလေသည်။ အနီးပတ်ဝန်းကျင်တဝိုက်သို့ နေရာအနှံ့ လိုက်လံရှာဖွေကြသော်လည်း မြနန်းမှူး၏သတင်းကတော့ အစအနမျှပင် မတွေ့ရတော့ပေ။

ထိုသတင်းကြားသော ကွမ်ဟယ်တစ်ရွာလုံး များစွာ တုန်လှုပ်ကြောက်ရွံ့ကြလေသည်။

မိမိတို့အလှည့် ဘယ်တော့ ရောက်လာလေမလဲဟု တွေးသူကတွေး၊ အချို့ကလည်း ကွမ်ဟယ်ရွာမှာ ဆက်မနေဝံ့ကြတော့သဖြင့် ရွှေ့ပြောင်းပြေးသူများပင် ရှိလာကြသည်။

ထိုအန္တရာယ်ဆိုးများ နေ့စဉ်ရက်ဆက် ဝင်လာသော



www.burmeseclassic.com

www.burmeseclassic.com



အခါ နီမောင်စိတ်ထဲမှာ သံသယတစ်ခု ဝင်လာလေတော့သည်။

"ငါ တောထဲမှာ ကျားနက်တစ်ကောင်ကို မြားနဲ့ ပစ်လိုက်မိတယ်၊ ငါပစ်လိုက်တဲ့ကျားနက်ဟာ ရိုးရိုးကျားမှ ဟုတ်ရဲ့လား၊ နတ်ကျားများ ဖြစ်နေရော့သလား၊

နတ်ကျားကို ပစ်မိလို့ အခုလို ငါတို့တစ်ရွာလုံးအန္တရာယ်ဆိုးတွေနဲ့ ကြုံတွေ့နေရတာလား၊

ငါ့ကြောင့်များ ရွာကလူတွေ ဒုက္ခရောက်နေတာလား"

ထိုအတွေး တွေးမိသောအခါ များစွာထိတ်လန့်တုန်လှုပ်သွားမိလေသည်။

သူ့နားထဲမှာလည်း ညအချိန်မှာ ရွာအပြင်ဘက်မှ အော်ပြောနေသော အသံနက်ကြီးကိုလည်း ကြားယောင်နေမိသည်။

"ငါတို့အသက်ကို ယူရင် နင်တို့တစ်ရွာလုံးအသက်ကို ပြန်ပေးရမယ်၊

နင်တို့အသက်တွေ ပြန်ပေးရမယ်. . .

နင်တို့အသက်တွေ ပြန်ပေးရမယ်. . ."

ဟူသောစကားသံများက နားထဲမှာ ကြားယောင်နေမိလေသည်။

"တကယ်လို့သာ ငါ့အတွက်ကြောင့် ရွာသူရွာသားတွေ



www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခရောက်ရတယ်ဆိုရင်တော့ ငါ့မှာ အပြစ်ရှိတာ အမှန်ပဲ”

ဟုလည်း နောင်တရနေသည်။

တလောက ကျားနက်ကြီး သတ်ဖြတ်ခဲ့သော တာကင်ကောင်ကို မြားဖြင့် ပစ်ခတ်ယူခဲ့သဖြင့် တာကင်ကောင်၏ဦးခေါင်းနှင့် သားရေကို ရောင်းချခဲ့သဖြင့် ငွေအတော်များများ ရရှိခဲ့သောကြောင့် သူတို့မိသားစု အဆင်ပြေခဲ့ကြလေသည်။

ထိုသို့အဆင်ပြေသဖြင့် ဝမ်းသာ၍မှမဆုံးမီ အန္တရာယ်ဆိုးများက ဝင်ရောက်လာကြခြင်းဖြစ်ပေသည်။

“တကယ်လို့သာ ငါ မြားနဲ့ ပစ်လိုက်တဲ့ကျားနက်ကြီးဟာ နတ်ကျား ဒါမှမဟုတ် မကောင်းဆိုးဝါးတစ်ကောင်ဖြစ်နေခဲ့ရင် ငါတို့ရွာတော့ ဒုက္ခရောက်တော့မှာပဲ၊ ဒီအကြောင်းကို တစ်ယောက်ယောက်ကို အသိပေးပြီး တစ်ခုခု လုပ်မှဖြစ်မယ်”

ဟု တွေးမိလေသည်။

ပထမတော့ နတ်ဆရာ ဗလော်ဟီးထံ သွားပြီး အကူအညီတောင်းဖို့ စိတ်ကူးလိုက်မိသေးသည်။

“မဖြစ်သေးပါဘူး. . . သူ့ကို သွားပြောလိုက်ရင် တစ်ရွာလုံးက သိသွားပြီး ဒုက္ခရောက်သွားနိုင်တယ်၊ လူတွေလည်း ငါတို့မိသားစုအပေါ် အပြစ်မြင်ပြီး ရွာထဲကပါ နှင်ထုတ်ကြလိမ့်မယ်”



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့စဉ်းစားမိပြီး နတ်ဆရာထံ မသွားတော့ဘဲ ဆေးဆရာကြီးဦးဗန်ကောင်းထံ သွား၍ အကျိုးအကြောင်း ပြောပြ တိုင်ပင်ရန် ဆုံးဖြတ်လိုက်လေသည်။

ဦးဗန်ကောင်းမှာ ကွမ်ဟာယ်ရွာအရှေ့ဘက်တွင် သီးခြား ခြံဝန်းဖြင့် နေထိုင်သော မြန်မာဆေးဆရာကြီးတစ်ဦးပင်ဖြစ်၏။

သူသည် အသက်ငါးဆယ်ကျော်အရွယ်ခန့်ရှိပြီး ခြံဝန်း ထဲမှာ တဲအိမ်တစ်လုံးဖြင့် တစ်ဦးတည်း နေထိုင်သူဖြစ်သည်။

၎င်းနေသောအိမ်ပေါ်မှာ ရှေးဟောင်းဆေးကျမ်းများ၊ ပုရပိုဒ်များ ရှိပြီး ဆေးဖော်သည့်ကိရိယာများနှင့် ဆေးဖော်ရန် အရံသင့် ပြင်ထားသော ဆေးပင်ဆေးဥများစွာတို့လည်းရှိသည်။

အိမ်နံဘေးမှာတော့ အဆောင်သဘောမျိုး ပြုလုပ်ထား ပြီး ထိုအခန်းထဲမှာ ဖိုထိုးသောပစ္စည်းများ ပြင်ဆင်ထားလေ သည်။

ဦးဗန်ကောင်းသည် အင်္ဂလိပ်ရတ်ပညာမှာ အတော်အတန် ခရီးပေါက်နေပြီး ဓါတ်ဆေးပညာမှာလည်း ကျွမ်းကျင်သူတစ်ဦး ဖြစ်သည်။

ကွမ်ဟာယ်ရွာမှာ နေထိုင်ကြသူများမှာ ရှေးအယူအဆရှိ များဖြင့် ရိုးသားစွာ နေထိုင်ကြသူများဖြစ်သောကြောင့် ဦးဗန် ကောင်း၏ဓါတ်ဆေးပညာကို နားမလည်ကြပေ။



www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့် အချို့က ထိုပညာကို စုန်းကဝေတို့၏ပြုစား တတ်သောပညာဟု ထင်မှတ်ကြလေသည်။

အချို့ကလည်း ကြောက်ရွံ့ကြသည်။

သို့ကြောင့် ရောဂါတစ်ခုခုဖြစ်လာလျှင် အချို့က ဦးဇန် ကောင်းနှင့် မကုဝံ့ကြဘဲ နတ်ဆရာဇလော်ဟီးနှင့်သာ ကုသကြ လေသည်။

နီမောင်ကတော့ ဦးဇန်ကောင်းအပေါ် ယုံကြည်လေး စားမှု ရှိလေသည်။ ဦးဇန်ကောင်းအသုံးပြုသော ဓါတ်ဆေးပညာ များကိုလည်း စိတ်ဝင်စားသည်။

သို့ကြောင့် တောတောင်ထဲ သွားတော့မည်ဆိုလျှင် ဦး ဇန်ကောင်းကို အသိပေးပြီး ၎င်းအလိုရှိသောဆေးပင်၊ ဆေးမြစ်၊ ဆေးဥ၊ ဂမုန်းပင်များကို ရှာဖွေပြီး တကူးတက ယူဆောင်လာ ပေးလေ့ရှိသည်။

နီမောင်ရောက်သွားတော့ ဦးဇန်ကောင်းက ဖိုဆွဲနေရာ မှ ရပ်ခဲ့ပြီး နေရာမှ ထလာသည်။

"ဘယ်က လာတာလဲ နီမောင်"

"အဘဆီကိုပဲ လာတာပါပဲ"

"မျက်နှာလည်း သိပ်မကောင်းပါလား. . . ဘာဖြစ်လာ လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



နီမောင်က ဦးဇန်ကောင်းအနီးမှာ ဝင်ထိုင်လိုက်သည်။

"တခြားတော့ မဟုတ်ပါဘူး၊ အဘကို မေးစရာရှိလို့ပါ"

"ဘာမေးမှာလဲ. . . မေးလေကွာ"

"အခုတလော ရွာထဲမှာ ဖြစ်နေတာတွေက ဘာတွေ ဖြစ်နေတာလဲ အဘ"

"ဘာဖြစ်ရမှာလဲကွ. . . အမှောင့်ပယောဂတွေ နှောင့်ယှက်နေတာပဲပေါ့"

ဦးဇန်ကောင်းက တိုတိုတုတ်တုတ်သာ ပြန်ပြောပြီး ကွမ်းအစ်အတွင်း ကွမ်းတစ်ယာ ယူစားနေသည်။

"အမှောင့်ပယောဂဆိုတာ တစ္ဆေသရဲတွေကို ပြောတာ လား အဘ"

"အကုန်ပါတာပေါ့ကွ. . . အမှောင့်ပယောဂ ဆိုမှ တော့ မိစ္ဆာတွေ နှောင့်ယှက်တာကို ပြောတာပေါ့။ စုန်း၊ ကဝေ၊ နတ်မိစ္ဆာ၊ ဘီလူး၊ သရဲ၊ သဘက်တွေအားလုံး ပါတာပဲပေါ့"

"ဟို. . ဟို. . ကျားနက်ကြီးကရော မိစ္ဆာကောင်ပဲလား ဟင်"

"သူလည်း မိစ္ဆာပဲပေါ့။ ဒါပေမယ့် သူ့အလိုအလျောက် လာလုပ်နေတာတော့ မဟုတ်ဘူး၊ တစ်ယောက်ယောက်က သူ့ကို အရင်လုပ်ပြီး စေခိုင်းနေလို့သာ လာပြီးနှောင့်ယှက်နေတာပဲလို့



www.burmeseclassic.com

www.burmeseclassic.com



ငါထင်တယ်"

ထိုစကားကြားသောအခါ နီမောင်မှာ များစွာစိတ်ပူပန်မှု ဖြစ်သွားပြီး တောနက်ထဲမှာ တွေ့ကြုံခဲ့ရသော ကျားနက်ကြီး အကြောင်းကို ပြန်ပြောပြလိုက်လေသည်။

"အဘပြောပုံအရဆိုရင် ကျွန်တော်က မိစ္ဆာကောင်တွေကို ရန်စသလို ဖြစ်သွားတာနဲ့ တူတယ်နော် အဘ"

"အမှန်ပေါ့ကွာ. . . ကျားနက်ဆိုတာ နောက်ကလူတွေ စီရင်ထားတဲ့ နာဂနာဘာဝရုပ်ပဲ၊ မင်းက မြားနဲ့ ပစ်လိုက်တော့ သူတို့ကို သွားပြီးရန်စသလို ဖြစ်နေတာပေါ့"

"အဲ့ဒါ ဘယ်သူတွေလဲဟင်"

ထိုသို့မေးသောအခါ ဦးဗန်ကောင်းက ကွမ်းတမြုံ့မြုံ့ ဝါးရင်းနှင့် အတန်ကြာအောင် စဉ်းစားနေသည်။

"ငါ့အထင်ပြောရရင်တော့ တောနက်ထဲမှာ နေတဲ့ နာဂတွေရဲ့လက်ချက်ဖြစ်မယ်ထင်တာပဲ၊ တောထဲမှာ လူတွေ့မခံတဲ့ နာဂတွေ ရှိတယ်၊ အဲဒီအထဲမှာ ဂျွှာန်နာဂနဲ့ ဗျူဟနာဂတွေလည်း ပါတယ်၊ ဂျွှာန်နာဂတွေက ဘီလူးစိတ် ဘီလူးမာန် သွင်းပြီး တောကောင်တွေကို သတ်ဖြတ်နိုင်သလို ဗျူဟမျိုးနွယ်တွေက လည်း ကျားစိတ်ကျားမာန် သွင်းပြီး သားကောင်တို့ ဖမ်းဆီး သတ်ဖြတ်လေ့ရှိကြတယ်. . . သမန်းကျားလိုမျိုးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ကျားနက်ကြီးက လူကနေ ကျားအသွင် ပြောင်းထားတာလားဟင်"

"ဒီလိုလည်း အတပ်တော့ ပြောလို့မရဘူး၊ သူတို့ စီရင်ထားတဲ့အရုပ်တစ်ခုခုကို အသက်သွင်းပြီး စေခိုင်းတာလည်း ဖြစ်နိုင်တယ်"

ထိုစကားကြားသောအခါ နီမောင်က နတ်စင်ပေါ်မှာ တွေ့ခဲ့ရသော ကျားရုပ်ကလေးကို သတိရလိုက်မိသည်။

"အဘပြောမှ သတိရတယ်၊ ဟိုတစ်နေ့က တောင်ကုန်းပေါ်က နတ်စင်ကို သွားတုန်းက နတ်စင်ပေါ်မှာ ကျားနက်ရုပ်တလေးတစ်ရုပ် တွေ့ခဲ့တယ် အဘ"

ထိုစကားကြားသောအခါ ဦးဗန်ကောင်းမှာ စိတ်ဝင်စားသွားဟန်ရှိလေသည်။

"မင်း တကယ်တွေ့ခဲ့တာလား"

"တွေ့ခဲ့တယ် အဘ၊ အဲဒီအရုပ်ကလေးက ကျားဟိန်းသံလည်း ကြားနေရတယ်"

"သူက အသက်ဝင်နေလို့ ဖြစ်မှာပေါ့၊ လာ. . . သွားကြည့်ကြရအောင်"

ဟု ပြောပြီး ဦးဗန်ကောင်းက နီမောင်ကိုပါ ခေါ်ပြီး နတ်စင်ရှိသော တောင်ပေါ်သို့ တက်ခဲ့ကြလေသည်။ သူတို့ တက်



www.burmeseclassic.com

www.burmeseclassic.com



လာစဉ်က မည်သည့်အသံမှ မကြားရသော်လည်း တောင်ကြော ထိပ်အပေါ်သို့ ရောက်ကာနီးတော့မှ ကျားဟိန်းသံ ကြားရသည်။

"သူရှိနေသေးတယ်"

"ကောင်းတာပေါ့"

ဟု ပြောပြီးတက်လာကြရာ နတ်စင်ရှိရာသို့ ရောက်သောအခါ နတ်စင်ပေါ်မှာ နတ်ရုပ်သာ တွေ့ရပြီး ကျားရုပ်က တော့ မရှိတော့ပေ။

"စောစောက အသံကြားရသေးတယ်၊ အခု မတွေ့ရ တော့ဘူး အဘ"

"သူတို့ပညာကလည်း အဆင့်အတန်းတော့ မနည်းလှ ဘူး၊ ပညာနဲ့ ကွယ်ဖျောက်ထားတာပဲ ဖြစ်ရမယ်၊ အခု မတွေ့ပေ မယ့် ဒီနေရာမှာ ရှိနေတယ်ဆိုရင် တွေ့အောင်တော့ ရှာယူရမှာ ပဲ"

ဟု ပြောပြီး တောင်ခြေသို့ ပြန်ဆင်းလာလေသည်။

ဦးဇန်ကောင်းက နီမောင်ကို အစီအစဉ် ပြောပြသည်။

"ဒီည အဲဒီကျားနက်ကို ရအောင်ဖမ်းရမယ်၊ မင်းအပြ[illegible] အခြားအဖော်နှစ်ယောက်လောက် သွားရှာလာခဲ့၊

ဒါပေမယ့် ဒီအကြောင်းတွေကိုတော့ ဘယ်သူ့မှ မ[illegible] ကြစေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါ. . ."

ဟု ပြောပြီး စောထီးနှင့်ငမဲအောင်တို့နှစ်ယောက်ကို တိုးတိုးတိတ်တိတ် ပြောပြီး ခေါ်လာခဲ့သည်။

"ဒီည လကွယ်နေ့ညဆိုတော့ မိစ္ဆာတွေ မြူးကြမယ့်အချိန်ပဲ၊ တကယ်လို့ မိစ္ဆာတွေနဲ့ တွေ့ရင်လည်း မကြောက်ကြနဲ့ ကြားလား"

"ကျွန်တော်တို့ မကြောက်ပါဘူး အဘ"

ထို့ကြောင့် ညဦးပိုင်းအချိန်မှာပင် တောင်ခြေရောက်အောင် သွားကြလေသည်။

ညအချိန်ရောက်လာလျှင် မကောင်းဆိုးဝါးများ ရွာတွင်းဝင်ပြီး နှောင့်ယှက်နေသောကြောင့် နေဝင်ရီတရောအချိန်ရောက်လာသည်နှင့်ပင် ရွာအပြင်မှာ လူသွားလူလာ မရှိတော့ပေ။

တောပေါ်တောင်ပေါ် တက်ပြီး အလုပ်သွားလုပ်နေကြသူများမှာလည်း အလုပ်စောစောသိမ်းကာ နေမဝင်မီကတည်းက ဘဲ့၊ နွား၊ တိရစ္ဆာန်များကို သိမ်းပြီး ရွာအရောက်ပြန်ကြလေသည်။

နေဝင်ချိန်ရောက်လာသည်နှင့် ကလေးခေါ် သူခေါ်၊ ...ခေါ်ပြီး လူစုသောအသံများလည်း ကြားရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နေဝင်သွားပြီး အမှောင်ရိပ်သမ်းလာသည်နှင့် မိမိတို့ မိသားစုများ အိမ်တွင်းသို့ အစုံအလင် ပြန်ရောက်နေကြစေရန် ထိုကဲ့သို့ အော်ဟစ်ခေါ်နေကြခြင်းဖြစ်၏။

မိမိတို့မိသားစုများ အိမ်တွင်းသို့ ရောက်သောအခါ တံခါးပိတ် မီးမှိတ်ပြီး ရင်တထိတ်ထိတ်နှင့် ငြိမ်သက်စွာ နေကြရလေသည်။

မှောင်စပျိုးသောအချိန် ရောက်သည်နှင့် တစ်ရွာလုံး တိတ်ဆိတ်ငြိမ်သက်နေတော့သည်။

အနည်းဆုံး ခွေးဟောင်သံ၊ ကလေးငိုသံပင် မကြားရတော့ပေ။ နီမောင်တို့မှာ တောင်ခြေပြန်ဆင်းပြီး မိုးချုပ်သည် အထိ စောင့်နေကြပြီး အနည်းငယ် မှောင်တော့မှ တောင်ပေါ် တက်ရန် ပြင်ကြလေသည်။

ထိုနေ့ညမှာတော့ ထူးထူးခြားခြား တိတ်ဆိတ်ငြိမ်သက် နေလေသည်။

ခါတိုင်းညများမှာ ထိုကဲ့သို့ အမှောင်ဖုံးစပြုသော ညဦး ပိုင်းအချိန်ရောက်လာလျှင် သုသာန်ဘက်မှ ခွေးဟောင်သံ၊ ခွေး အူသံများ ကြားရလေ့ရှိသည်။

ယနေ့ညတော့ ငြိမ်သက်နေသည်။

သို့ကြောင့် အနည်းငယ် မှောင်လာသည်နှင့် နတ်စင်



www.burmeseclassic.com

www.burmeseclassic.com



ရှိရာ တောင်ပေါ်သို့ တိတ်တဆိတ် ပြန်တက်လာကြသည်။

ထိုသို့တက်ရာမှာတော့ ခြေသံလုံလုံထားပြီး သတိကြီးစွာထား၍ တက်ကြရလေသည်။

တောင်ထိပ်နှင့် နီးသည့်နေရာ ရောက်သောအခါ ကျားဟိန်းသံ ကြားရလေသည်။

"ဝုန်း . . . ဝုန်း"

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသဖြင့် ဦးဗန်ကောင်းက အသံမထွက်ကြစေရန် အချက်ပြလိုက်သည်။

တောင်ထိပ်ပေါ်မှ ကျားဟိန်းသံ ပေါ်ထွက်လာပြီး မဝေးမနီးဆိုသလို ကွမ်ပယာဦးသချိုင်း ရှိရာဘက်ဆီမှ ခွေးဟောင်သံများ ကြားရသည်။

"သူတို့ တောင်အောက်ဆင်းတော့မယ်၊ အပေါ်ရောက်အောင် အမြန်တက်ကြစို့"

ဦးဗန်ကောင်းက လေသံတိုးတိုးဖြင့် ပြောပြီး ရှေ့မှ ခပ်သုတ်သုတ် တက်သွားရာ နီမောင်တို့သုံးယောက်လည်း နောက်မှ လိုက်သွားကြသည်။

သူတို့ တောင်ထိပ်ပေါ် ရောက်သောအခါ နတ်စင်ရှိရာဘက်မှ ကျားဟိန်းသံ ထပ်ကြားရသည်။

တဆက်တည်း နတ်စင်အနီးမှ သုတ်ကနဲ ပြန်ထွက်



www.burmeseclassic.com

www.burmeseclassic.com



သွားသော မည်းမည်းသဏ္ဍာန်တစ်ခုကိုလည်း ဝိုးတဝါး မြင်လိုက်သည်။

"ဝေါင်း. . . ဝေါင်း"

"တိုက်ကျား အသက်ဝင်စပြုနေပြီ. . . မြန်မြန်လာကြ"

ဟု ပြောပြီး နတ်စင်အနီးသို့ တိုးကပ်ကြည့်သောအခါ အမှောင်ရိပ်ထဲမှာ လှုပ်ရှားစပြုနေပြီဖြစ်သော တိုက်ကျားရုပ်ကလေးကို တွေ့ကြရသည်။

အထူးခြားဆုံးမှာ ထိုအရုပ်ကလေး၏မျက်လုံးအစုံမှာ ဟသ်ာပြဒါးကဲ့သို့ ရဲရဲနီလျက်ရှိပြီး တကယ့်အသက်ရှိနေသော ကျားတစ်ကောင်၏မျက်လုံးမျိုး ဖြစ်နေချေတော့သည်။

ဦးဗန်ကောင်းက အိတ်အတွင်းမှ ဆေးပုလင်းတစ်လုံး ယူပြီး ဆေးရည်များကို ကျားနက်ရုပ်အပေါ်သို့ လောင်းချလိုက်ရာ အတန်ကြာသောအခါ တဖြည်းဖြည်းနှင့် ငြိမ်ကျသွားလေတော့သည်။

မရှေးမနှောင်းမှာပင် နီရဲနေသောမျက်လုံးနှစ်လုံးမှာလည်း တဖြည်းဖြည်းနှင့် မှိန်ကျသွားလေတော့သည်။

"ကျားရုပ်ကလေးတော့ ငြိမ်ကျသွားပြီ ဆရာကြီး. . . ယူလိုက်ရမလား"

"မယူနဲ့ဦး. . . လုပ်စရာရှိသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောပြီး မီးတိုင်တစ်ချောင်းကို ထွန်းပြီး နတ်စင်ကို တစ်ပတ်,ပတ်ကြည့်သည်။

အနောက်ဘက်တိုင်မှာ ချည်ထားသော ကြိုးနီစ တစ်ချောင်းကို တွေ့သဖြင့် ဖြုတ်ယူလိုက်သည်။

ပြီးမှ အရှေ့ဘက်သို့ ပြန်လာပြီးနောက် နတ်ရုပ်ကို ဆေးရည်များဖြင့် တောက်လိုက်သည်။

ခဏကြာတော့ 'ဝုန်း' ကနဲ အသံတစ်ချက် ကြားလိုက်ရပြီး နတ်စင်ပေါ်မှာ အခန့်သား ရှိနေသော ကျားနက်ရုပ်မှာ နောက်ဘက်မှ တစ်စုံတစ်ယောက်က ကန်ချလိုက်သကဲ့သို့ အောက်သို့ ဒလိမ့်ခေါက်ကွေး ကျသွားလေတော့သည်။

"ဆရာကြီး. . . ကျားနက်ရုပ် ကျသွားပြီ"

"အေး. . . ကောက်ယူလိုက်ပေတော့"

ဟု ပြောသဖြင့် နီမောင်က မြေပေါ်မှာ ကျနေသော အရုပ်ကလေးကို ကောက်ယူလိုက်သည်။

ကျားရုပ်ကလေးမှာ နက်မှောင်နေသော သစ်ကနက်သားလို အသားမျိုးဖြင့် ထုလုပ်ထားဟန်ရှိပြီး ထုလုပ်ထားပုံမှာ လက်ရာမြောက်လှလေသည်။

မျက်လုံးနှစ်ဖက်မှာ ထည့်ထားသောအရာမှာ ပတ္တမြားကဲ့သို့ နီရဲနေသည့် ကျောက်တုံးကလေးများဖြစ်သည်။



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



အရွယ်မှာ သိပ်မကြီးလှသော်လည်း အသက်ဝင်နေသကဲ့သို့ ရှိလေသည်။

ထိုကျားရုပ်ကလေး နတ်စင်အောက် ကျသွားပြီးနောက်တွင် သုသာန်ဘက်မှ စူးစူးဝါးဝါး အူနေသော ခွေးအူသံများလည်း ငြိမ်သက်သွားတော့သည်။

"ဆရာကြီးအရုပ်က သေးသေးလေးပေမယ့် ဟိန်းနေတဲ့အသံကတော့ တကယ့်ကိုးတောင်ကျားကြီးအတိုင်းပါပဲလား"

စောထီးက ပြောသည်။

"ဖြစ်မှာပေါ့ကွယ့်. . . ပညာနဲ့ စီရင်ထားတဲ့အရုပ်ကိုးအသက်သွင်းလို့ အသက်ဝင်လာတဲ့အခါ တကယ့်ကျား အရွယ်အစား ဖြစ်လာပြီး စေခိုင်းတဲ့အတိုင်း လုပ်နိုင်တယ်"

"တယ်လည်း ကြောက်စရာကောင်းပါလား၊ အသက်သွင်းတော့ ဘယ်လိုသွင်းတာလဲဟင်"

"သူ့ကို အသက်သွင်းတော့မယ်ဆိုရင် လူတစ်ယောက်ဆီက ဝိညာဉ်ကို နှုတ်ယူပြီး ထည့်လိုက်တာပေါ့၊ ဒါပေမယ့် အချိန်အကန့်အသတ်နဲ့တော့ လုပ်ရတာပေါ့၊ ခိုင်းချင်တဲ့ကိစ္စပြီးရင် သူ့ကိုယ်ထဲက ဝိညာဉ်ကို ချက်ချင်းပြန်နှုတ်ပြီး လူကိုယ်ထဲပြန်သွင်းပေးရတယ်၊ ကျားရဲ့ကိုယ်ထဲမှာ ဝိညာဉ်ထည့်ထားတဲ့အချိန်မှာ လူက လူသေကောင်လို ဖြစ်နေတယ်၊ ကျားကိုယ်ထဲက



www.burmeseclassic.com

www.burmeseclassic.com



ဝိညာဉ်ကို ပြန်နှုတ်ပြီး သူ့ရဲ့ကိုယ်ထဲ ပြန်ထည့်ပေးလိုက်ရင် လူက အသက်ပြန်ရှင်လာပြီး ကျားက အရုပ်ပြန်ဖြစ်သွားတယ်"

"အတော်ဆန်းကြယ်တဲ့ပညာပါလား"

"ရုပ်ပြောင်းနာမ်ခွာ အတတ်ပညာလို့ ခေါ်တယ်၊ ဒါမျိုးတွေက အောက်လမ်းပညာလိုက်စားသူတွေမှသာ သင်ယူလေ့ရှိကြတယ်၊ ဒါပေမယ့် လွယ်တော့မလွယ်ဘူး၊

အသက်သွင်းထားတဲ့ကျား ရုတ်တရက် သေသွားရင်တိုမှာ ကျန်တဲ့လူလည်း အသက်မရှင်နိုင်တော့ဘဲ သေတာပဲ"

ဦးဇန်ကောင်းစကား ကြားသောအခါ တအံ့တဩ ဖြစ်သွားကြလေသည်။

"ကျွန်တော်ပစ်လိုက်တဲ့ကျားနက်ကြီး တကယ်လို့ သေသွားခဲ့ရင် ဝိညာဉ်နှုတ်ထားတဲ့လူက သေမှာပေါ့နော်"

"ကျားသေရင်တော့ အဲ့ဒီလူလည်း သေမှာပဲ"

ထိုစကားကြောင့် နီမောင်မှာ များစွာစိုးရိမ်မှု ဖြစ်သွားမိလေသည်။

အဘယ့်ကြောင့်ဆိုသော်. . .

ညအချိန်ရောက်လာလျှင် ရွာအပြင်ဘက်မှ အသံနက်ကြီးဖြင့် ပြောနေသောအသံမှာ သူ့ကို လာပြောနေသလားဟုပင် ဆင်မိလိုက်သောကြောင့်ဖြစ်သည်။

www.burmeseclassic.com



"ငါ့အသက်ကို ယူရင် နင်တို့အသက်ကိုလည်း ပြန်ပေးရမယ်"

ဟူသောအသံကြီးဖြစ်သည်။

"ဒါထက် ဒီကျားနက်ရုပ်က နတ်စင်ပေါ်မှာ ဘယ်လိုရောက်နေတာလဲ အဘ"

ငမဲအောင်က ဝင်မေးသည်။

"အစီအရင် ပြုလုပ်တဲ့လူက လာတင်ထားတာပေါ့"

"မကောင်းတဲ့အကြံအစည်နဲ့ လာတင်ထားတာတောင် နတ်က ဒီအတိုင်းပဲ ကြည့်နေသလား"

"ကြည့်ချင်လို့ ကြည့်နေရတာ မဟုတ်ဘူး၊ လုပ်တဲ့လူက ပညာနဲ့ ချုပ်ထားတော့ နတ်လည်း မလှုပ်နိုင်အောင် ဖြစ်နေတယ်လေ၊ စောစောက ချုပ်ထားတဲ့ပစ္စည်းတွေကို ဖယ်လိုက်မှ နတ်က လှုပ်ရှားခွင့် ရလာတာနဲ့ စင်ပေါ်က ကျားနက်ရုပ်ကို ကန်ချလိုက်တာပဲ"

ဟု ရှင်းပြသည်။

ဦးဖန်ကောင်း ရှင်းပြသောဆေးမှာ မှော်ဆရာ၊ အောက်လမ်းဆရာများသာ အသုံးပြုလေ့ရှိသော 'နတ်ဦးနှိမ်ဆေး' ပင်ဖြစ်သည်။

"အခု ဘယ်လိုလုပ်မလဲ အဘ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီကျားနက်ရုပ်က တို့လက်ထဲ ရောက်လာပြီဆိုတော့ သူ့ကျားနဲ့သူ ရန်သူကို ပြန်ရှာရမယ်"

"ဘယ်လိုရှာမလဲ အဘ"

"သူ့ကိုပဲ ရှာခိုင်းရမှာပေါ့"

"ကျားနက်ရုပ်က သေးသေးလေးနဲ့. . . ရနိုင်ပါ့မလား"

"တကယ့်ကျားအစစ်အတိုင်းဖြစ်အောင် အသက်ပြန်သွင်းရမှာပေါ့. . . နောက်ဆုတ်နေကြ"

ဟု ပြောသဖြင့် နီမောင်တို့သုံးယောက်က နတ်စင်ရှိရာဘက်သို့ ဆုတ်ပေးလိုက်ကြသည်။

ဦးဇန်ကောင်းက ကျားနက်ရုပ်ကလေးကို ယူပြီး တောစပ်သို့ လျှောက်သွားလေသည်။

ထိုနေရာမှာ မှောင်နေသောကြောင့် သူ ဘာလုပ်နေသည်ကို မမြင်ရပေ။

အတန်ကြာသောအခါ ကျားဟိန်းသံ ပေါ်ထွက်လာသည်။

"ဝေါင်း. . . ဝေါင်း"

အတန်ကြာတော့ ဦးဇန်ကောင်း ပြန်ထွက်လာသည်။ သူ့လက်ထဲမှာ ကျားနက်ရုပ်ကလေး မပါလာတော့ပေ။

"ကွမ်ဟာယ်သချိုင်းဘက်ကို လိုက်ကြစို့ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောပြီး လေးယောက်သား တောင်ပေါ်မှ ပြန်ဆင်းလာကြသည်။

အမှောင်ထဲမှာပင် ကွမ်ဟယ်သချိုင်းရှိရာသို့ သွားကြရာ လမ်းတလျှောက်လုံး မည်သည့်အနှောင့်အယှက်နှင့်မှ မတွေ့ရပေ။

ထိုနေရာရောက်သောအခါ သချိုင်းတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသည်ကို သတိပြုမိသည်။

ဦးဗန်ကောင်းက နေရာမှ ရပ်ပြီး အခြေအနေကို နားစွင့်နေသည်။

ခဏကြာတော့မှ တစ်နေရာမှ ကျားဟိန်းသံများ ဆက်တိုက်ထွက်ပေါ်လာသည်။

"ဝေါင်း. ."

"ဝေါင်း. ."

ကျားဟိန်းသံက တစ်ကောင်တည်းအသံမျိုး မဟုတ်ပေ။ တစ်ကောင်နှင့်တစ်ကောင် မာန်ဖီနေကြသောအသံမျိုး ဖြစ်လေသည်။

"သတိတော့ ထားကြဟေ့၊ သူတို့အချင်းချင်း ပြန်တွေ့နေပြီ၊ အဲဒီဘက်ကို သွားကြစို့"

ဟု ပြောပြီး သစ်ပင်ချုံများကို အကာအကွယ်ယူပြီး



www.burmeseclassic.com

www.burmeseclassic.com



အသံကြားရာဘက်သို့ သွားကြလေသည်။

တစ်နေရာရောက်သောအခါ မြေပုံများအနီးတွင် တစ်ကောင်နှင့်တစ်ကောင် မာန်ဖီနေသော ကျားနက်ကြီးနှစ်ကောင်တို့ လှမ်းမြင်ရသဖြင့် မလှမ်းမကမ်းမှ အခြေအနေ စောင့်ကြည့်နေကြသည်။

ကျားနက်ကြီးနှစ်ကောင်မှာ တစ်ကောင်နှင့်တစ်ကောင် မာန်ဖီနေရာမှ သတ်ပုတ်တိုက်ခိုက်ကြလေတော့သည်။ မာန်ဖီသံ၊ တိုက်ခိုက်သတ်ပုတ်သံများမှာ ကြောက်စရာကောင်းလောက်အောင် ပေါ်ထွက်လာလေတော့သည်။ ထိုအခြေအနေကို ကြည့်ရင်း ဦးဗန်ကောင်းမှ မန်းမှုတ်ရွတ်ဆိုမှုများ ပြုလုပ်နေလေသည်။

နီမောင်တို့စိတ်ထဲမှာ ကျားနက်နှစ်ကောင် သဲကြီးမဲကြီးတိုက်ခိုက်သတ်ပုတ်နေကြသည်မှာ မည်သည့်အကောင်က ကိုယ်လွှတ်လိုက်သည့်အကောင်ဖြစ်မှန်း မသိရသော်လည်း မိမိတို့ဘက်မှ တိုက်ခိုက်ပေးနေသောကျားနက် အနိုင်ရပါစေဟုသာ ဆုတောင်းနေကြသည်။

အတန်ကြာသောအခါ ကျားနက်တစ်ကောင်က ထွက်ပြေးသွားပြီး ကျန်တစ်ကောင်က နောက်မှ ပြေးလိုက်သွားသည်ကို လှမ်းမြင်လိုက်ရသည်။

ဆူညံသံများလည်း ပြန်လည်တိတ်ဆိတ်သွားလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ အခြေအနေ စောင့်ကြည့်သော်လည်း မထူးခြားတော့မှ လေးယောက်သား တောစပ်သို့ သွားကြည့်ကြလေသည်။

ထိုအခါမှာတော့ မီးတုတ်မီးတိုင်များ မီးညှိပြီး လိုက်သွားကြခြင်းဖြစ်သည်။

တောစပ်သို့ ရောက်သောအခါ ကျားနက်ကြီးနှစ်ကောင်ကို မတွေ့ကြရတော့သဖြင့် ပတ်ဝန်းကျင်တဝိုက် လိုက်လံရှာဖွေကြရာ သစ်တုံးတစ်တုံးပေါ်မှာ အခန့်သား ရှိနေသည့် ကျားနက်ရုပ်ကလေးကို ပြန်တွေ့ကြရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၇)

# ကွမ်ဟယ်အရာတော်နှင့် တွေ့ကြုံရခြင်း

ထိုအဖြစ်အပျက်များ ဖြစ်ပျက်ပြီးနောက် နောက်ပိုင်းတွင် ကွမ်ဟယ်ရွာမှာ တစ်နေ့တခြား အန္တရာယ်များက ပိုမိုများလာလေတော့သည်။

ညအချိန်ရောက်လာလျှင် ခွေးအူသံ၊ ကျားဟိန်းသံများကြားရပြီး လူအရိုးခေါင်းများ လာရောက်ပစ်တင်သွားလေသည်။ ထိုသို့ အပစ်တင်ခံရသောအိမ်မှာ နောက်တစ်နေ့တွင် အိမ်သား



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ယောက် သေဆုံးသွားလေသည်။

နောက်ပိုင်းမှာတော့ တစ်အိမ်မှ အသုဘ ရက်မလည်ခင် နောက်တစ်အိမ်မှ လူသေပြန်လေသည်။

ထို့ထက်ပိုဆိုးသည်က လူများ တစ်ယောက်ပြီးတစ်ယောက် ပျောက်သွားခြင်းဖြစ်သည်။

ပထမဆုံး ပျောက်သွားသူမှာ ကွမ်းဟယ်ရွာမှ ဦးမွန်ထော်၏သမီး မြနန်းမှုံဖြစ်သည်။

မြနန်းမှုံ ပျောက်သွားပြီးနောက်ပိုင်းမှာလည်း ရက်ခြားဆိုသလို တစ်ယောက်ပြီးတစ်ယောက် ပျောက်သွားကြလေရာ မနည်းလှတော့ပေ။

ကြာတော့ ရွာပျက်ရတော့မည့်အခြေအနေသို့ ရောက်နေတော့သည်။

ဦးဇန်ကောင်းအနေနှင့်လည်း တတ်နိုင်သမျှ ကာကွယ်စောင့်ရှောက်ပေးနေသော်လည်း တစ်ယောက်တည်း ဖြစ်နေသောကြောင့် မနိုင်အောင်ဖြစ်နေတော့သည်။

သူက အရှေ့ပိုင်းမှာ အကာအကွယ်ပေးဖို့ ရောက်နေလျှင် အန္တရာယ်က အနောက်ပိုင်းဘက်မှ ရောက်လာသည်။ အနောက်ပိုင်းဘက်မှာ အကာအကွယ်ပေးရန် ရောက်နေပြန်တော့ အခြားနေရာများမှ ဝင်လာပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဦးဇန်ကောင်းက နီမောင်ကို ခေါ်ပြောသည်။

"နီမောင်. . . အခြေအနေကတော့ အတော်ကလေး ဆိုးလာနေပြီ၊ ဒီအတိုင်း ဆက်သွားရင် ကြာရင် ရွာပျက်လိမ့်မယ်"

"ဒီတော့ ဘယ်လိုလုပ်မလဲ အဘ"

"မဖြစ်ဖြစ်တဲ့နည်းနဲ့ အန္တရာယ်တွေ တားဆီးနိုင်မှ ဖြစ်မယ်၊ ငါတစ်ယောက်တည်းနဲ့တော့လည်း တားဆီးဖို့ မနိုင်,နိုင်ဘူး"

"ဘယ်လိုလုပ်ရင် ကောင်းမလဲ"

"ဒီအန္တရာယ်တွေကို နိုင်အောင်တားဆီးနိုင်တာ တစ်ဦးတော့ ရှိတယ်"

"ဘယ်သူလဲ"

"ကွမ်ဟယ်ဆရာတော်ပဲ"

နီမောင်လည်း ကွမ်ဟယ်ဆရာတော်အကြောင်းကို ကြားဖူးသည်။ ကိုယ်တိုင်မတွေ့ဖူးသော်လည်း လူကြီးများ ပြောသဖြင့် ထိုအကြောင်းများကို သိတန်သလောက် သိနေသည်။

ကွမ်ဟယ်ဆရာတော်မှာ တောထဲမှာ တစ်ပါးတည်း တောရဆောက်တည်ပြီး သိဒ္ဓိပေါက်နေသော ဆရာတော်တစ်ပါး ပင်ဖြစ်သည်။

၎င်းကို တွေ့ချင်သဖြင့် တကူးတက သွားရှာသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



တွေ့ခွင့်ရချင်မှရသည်။

တွေ့ထိုက်ကြသူများဆိုလျှင်တော့ တောထဲတောင်ထဲ သွားလာရင်းနှင့်ပင် မမျှော်လင့်ဘဲ ဖူးတွေ့ခွင့် ရကြလေသည်။

"ကွမ်ဟယ်ဆရာတော်က လူတွေနဲ့ မတွေ့ဘူးလို့ ပြောသံကြားတယ်၊ သွားရင်ကော တွေ့ခွင့်ရပ့ါမလား အဘ"

"ငါတို့က ကိုယ်ကျိုးအတွက် သွားကြတာမှ မဟုတ်တာ၊ အများအကျိုးအတွက် ဆောင်ရွက်ကြမှာပဲ၊ သစ္စာစိဋ္ဌာန်ပြုပြီး သွားကြတာပေ့ါ"

"ဘယ်သူတွေ ခေါ်ဦးမလဲ အဘ"

"တခြားလူတွေ သိလို့မကောင်းဘူး၊ မင်းနဲ့ငါနဲ့ နှစ်ယောက်ထဲ သွားကြတာပေ့ါ"

"ကျွဲနက်ရုပ်ကလေးကိုရော တပါတည်း ယူခဲ့ရမလား"

"အေး. . . ယူခဲ့ပေ့ါကွာ၊ အကြောင်းရှိတော့လည်း အသုံးချရတာပေ့ါ"

ဟု ပြောဆိုကာ နှစ်ယောက်သား လိုအပ်သောပစ္စည်းများ ယူဆောင်ပြီး တောင်ပေါ်တက်ရန် ပြင်ကြလေသည်။

ကွမ်ဟယ်ရွာမှ နောက်တစ်နေ့နံနက်စောစောခရီး ထွက်ခဲ့ကြရာ နေ့ဝက်ခရီးမျှ သွားကြရာ ကွမ်ဟယ်ဆရာတော်



www.burmeseclassic.com

www.burmeseclassic.com



သီတင်းသုံးနေသည့် လွယ်လုံတောင်ခြေသို့ ရောက်သွားကြလေသည်။

လွယ်လုံတောင်ခြေတွင် ခေတ္တနားပြီး အသင့်ပါလာသော အစားအသောက်များကို စားသောက်ကြသည်။ ပြီးမှ တောင်ထိပ်ရောက်အောင် တက်ကြသည်။

အမှန်တော့ ကွမ်ဟယ်ဆရာတော်မှာ ကွမ်ဟယ်ရွာကို အစွဲပြုပြီး ထိုအမည်တွင်နေသော်လည်း ကွမ်ဟယ်တောင်ပေါ်မှာ ပင်မနေဘဲ လွယ်လုံတောင်ပေါ်မှာသာ သီတင်းသုံးနေလေသည်။

ထိုတောင်ကြောမှာ နယ်မြေကြမ်းလှသော နေရာဒေသတစ်ခုဖြစ်သည်။

သဘာဝတောနက်ကြီးများ ဖုံးလွှမ်းထားပြီး လူကို အန္တရာယ်ပေးနိုင်သော ကျားနှင့်တောဆင်ရိုင်းအုပ်များ ရှိသည်။

လွယ်လုံတောင်ပေါ်မှာ အပေါ်များဆုံးမှာ အကောင်အရွယ်အစား ကြီးမားလှသည့် ဝက်ဝံနက်ကြီးများပင်ဖြစ်သည်။ ဝက်ဝံနက်ကြီးများမှာ ကျားထက်ပင် ပို၍ကြောက်စရာကောင်းလှသည်။

ကျားကမှ လူနှင့် ရင်ဆိုင်တွေ့ပြီး အရေးမသာပါက ရှောင်သည့်အခါ ရှောင်သွားတတ်သေးသည်။ ဝက်ဝံနက်ကြီး



www.burmeseclassic.com

www.burmeseclassic.com



များကတော့ လူနှင့် ရင်ဆိုင်တွေ့သည့်အခါ ဘယ်တော့မှ မရှောင်ဘဲ အသေအကျေ လိုက်လံတိုက်ခိုက်လေ့ရှိကြသည်။

ထို့ပြင် လွယ်လုံတောင်ကြောထိပ်တွင် လွယ်လုံဘုရား ငုတ်တိုနှင့် ဇရပ်ဟောင်းကြီးတစ်ဆောင်လည်း ရှိသည်။ ထိုနေရာ တဝိုက်တွင် လွယ်လုံဘုရားသိုက်ရှိပြီး သိုက်စောင့်များက ထိုနေ ရာသို့ လူများ ရောက်လာသည့်အခါ လိုက်လံနှောင့်ယှက်ကြ သဖြင့် တော်ရုံလူတို့ မလာဝံ့ မသွားဝံ့သောနေရာလည်းဖြစ် သည်။

နီမောင်နှင့်ဦးဗန်ကောင်းတို့မှာ စကားတပြောပြောနှင့် တက်သွားရာ လမ်းတလျှောက်လုံးမှာ မည်သည့်အန္တရာယ် အနှောင့်အယှက်နှင့်မှ မတွေ့ကြရပေ။

တောင်ထိပ်နား ရောက်ကာနီးသောအခါ မလှမ်းမကမ်း နေရာ၌ ဝက်ဝံနက်ကြီးတစ်ကောင်ကို တွေ့ရသော်လည်း သူတို့ ကို ရန်မမူဘဲ အေးအေးဆေးဆေး အမူအယာနှင့် တောထဲ ပြန်ဝင်သွားသည်။

နီမောင်တို့မှာ လက်နက်ဆို၍ ဘာမှမပါဘဲ ချုရှင်းရှင်း ဓါးတစ်လက်သာ ပါလာကြသည်။

အကယ်၍ ဝက်ဝံက လာရောက်တိုက်ခိုက်ပါက မည်သို့ မှ ခုခံတိုက်ခိုက်နိုင်မည် မဟုတ်ဘဲ ဘေးလွတ်ရာသို့ ထွက်ပြေးရ



www.burmeseclassic.com

www.burmeseclassic.com



သာ စိတ်ကူးထားကြသည်။

သို့သော် အန္တရာယ်က ဖယ်ရှောင်သွားလေသည်။

နှစ်ယောက်သား တဖြည်းဖြည်းနှင့် တက်သွားကြရာ ညနေပိုင်းအချိန်ရောက်သောအခါ တောင်ကြောထိပ် တောင်ထိပ်ပေါ်သို့ ရောက်သွားကြလေသည်။

တောင်ထိပ်ပေါ် ရောက်တော့မှ ဝက်ဝံနက်ကြီးတစ်ကောင်နှင့် ထပ်မံတွေ့ကြရပြန်သည်။ ဝက်ဝံကြီးက သူတို့နှစ်ယောက်ကို တမင်စောင့်နေဟန်ရှိလေသည်။

အခြေအနေကို အကဲခတ်ကြည့်သောအခါ ရန်မူလိုသော အရိပ်အယောင်မျိုး မတွေ့ရပေ။

သူတို့နှစ်ယောက် တောင်ကြောထိပ်ပေါ်သို့ ရောက်သောအခါ ဝက်ဝံကြီးက အေးအေးဆေးဆေး အမူအယာနှင့် တစ်ဖက်တောထဲသို့ ဝင်သွားလေသည်။

"သူ ငါတို့ကို တမင်စောင့်နေတာဖြစ်မယ်၊ လာ. . . သူဝင်သွားတဲ့ဘက်ကို လိုက်ကြည့်ကြရအောင်"

"ဖြစ်ပါ့မလား အဘ"

"ဖြစ်ပါတယ်. . . ဘာမှမစိုးရိမ်ပါနဲ့၊ သူကသာ ရန်မူချင်တယ်ဆိုရင် ငါတို့ တောင်ပေါ် ရောက်လာတာနဲ့ ပြေးလာပြီး တိုက်ခိုက်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောပြီး ဝက်ဝံ ဝင်သွားသောနေရာဘက်သို့ လိုက်ကြည့်ကြရာ တစ်နေရာရောက်သောအခါ ဖောင်းရစ်အထက်ပိုင်းတစ်ခုလုံး ပြိုကျနေသော စေတီပျက်တစ်ဆူကို တွေ့ရသည်။

ထိုနေရာတဝိုက်တွင် အုတ်ကျိုးအုတ်ပိုင်းများက ပြန့်ကျဲလျက်ရှိနေကြသည်။

"ဒါ လွယ်လုံဘုရားပဲ"

နီမောင်အနေနှင့် တောင်ပေါ်မှာ လွယ်လုံဘုရားပျက်ရှိနေသည်ဟုသာ ကြားဖူးသော်လည်း ထိုနေရာသို့ တစ်ခေါက်မှ မရောက်ခဲ့ဖူးသေးပေ။

ဘုရားပျက်နှင့် မနီးမဝေး၌ ဇရပ်ပျက်ကြီးတစ်ဆောင်ကိုလည်း တွေ့ရသည်။

ဇရပ်ကြီးမှာ အမိုးအကာပင် မရှိတော့ပေ။

ကျွန်းသားတိုင်ဟောင်းများနှင့် အခင်းအချို့သာ ကျန်တော့သည်။ ဇရပ်ပေါ်မှာလည်း ငှက်ချေးများ၊ တိရစ္ဆာန်များ စွန့်ပစ်ထားသော မစင်ပုံများနှင့် သစ်ရွက်ခြောက်၊ သစ်ကိုင်းခြောက်များ ရှုပ်ပွနေသည်။

"အဘ. . . ဘယ်လိုလုပ်ကြမလဲ၊ အချိန်ကလည်း မ[illegible] တော့ဘူး၊ ကွမ်ပဟယ်ဆရာတော်ကို ဘယ်နေရာ လိုက်ရှာ[illegible] မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီကနေ့ညတော့ ဒီဇရပ်ပေါ်မှာပဲ စခန်းချပြီး စောင့်ကြတာပေါ့၊ ငါတို့နဲ့ ထိုက်ရင်တော့ ဒီကနေ့ညပဲ ကွမ်ဟယ်ဆရာတော်ကို ဖူးတွေ့ရနိုင်ပါတယ်"

"ဆရာတော်က ကျွန်တော်တို့ဆီမှာ ရောက်နေတာကို ဘယ်နေရာက ဘယ်လိုသိမလဲ"

"အမိဋ္ဌာန်ပြီးမြောက်နေတဲ့ ပုဂ္ဂိုလ်တွေဟာ ဘယ်အရာဆို သိမြင်နိုင်တယ်၊ အခုလောက်ဆိုရင် ငါတို့ ဒီနေရာ ရောက်နေတာ သူသိနေလောက်ပြီ၊

ကဲ . . မင်းက ဇရပ်အောက်မှာ မီးဖိုကြီးတစ်ဖို ရအောင်မွှေးပေတော့၊ ငါက ဒီဇရပ်ပေါ်က အမှိုက်တွေ ရှင်းလိုက်ဦးမယ်"

ဟု ပြောပြီး ဦးဗန်ကောင်းက သစ်ကိုင်းခြောက်များကို အမြက်စည်းကဲ့သို့ စုစည်းပြီး ဇရပ်ပေါ်မှ အမှိုက်သရိုက်များကို ရှင်းလင်းနေသလို နီမောင်ကလည်း အနီးမှာ ရှိသော သစ်ကိုင်းခြောက်များ၊ သစ်တုံးခြောက်များကို စုဆောင်းပြီး မီးမွှေးနေလေသည်။

ညဦးပိုင်းအချိန်ရောက်သောအခါ ပါလာသော အစားအသောက်များကို စားသောက်ကြသည်။

မီးပုံမှ အလင်းရောင်များက ပတ်ဝန်းကျင်အထိ ပျံ့နှံ့ပြီး အနွေးဓါတ်လည်း ရနေသည်။



www.burmeseclassic.com

www.burmeseclassic.com



နီမှောင်က တောတက်သူတို့ ပြုလုပ်နေကျအတိုင်း အခေါင်းပွ ဝါးဆစ်ပိုင်းတစ်ခုကို ရှာပြီး အထဲသို့ ရေအပြည့်ထည့်ကာ မီးပုံအနီးမှာ ထောင်ထားသည်။

အတန်ကြာ၍ အပူရှိန်ဖြင့် ရေငွေ့များ ဆူပွက်လာသောအခါ လက်ဖက်ခြောက် ခပ်ပြီး လက်ဖက်ရည်ခါးခါးအဖြစ် သောက်ရင်း စကားပြောနေကြသည်။

"အဘ. . . ကျွမ်ဟယ်ဆရာတော်က ဘာကြောင့် လူတွေနဲ့ မနေဘဲ လူတွေ့မခံတာလဲဟင်"

"လူတွေနဲ့ အတွေ့မခံတာက လောကီကိစ္စတွေ ပ[...] သက်မှာစိုးလို့၊ လူတွေဆီက အပူတွေ ကူးမှာစိုးလို့ တောထဲမှာ[...] နေတာပေါ့ကွာ"

"ဒါဖြင့် ရပ်ရွာတွေမှာ နေတဲ့ဘုန်းကြီးတွေဆိုရင် ဒီဒု[...] တွေကို ခံရမှာပေါ့နော်"

"လူတွေနဲ့ နေမှတော့ အနည်းနဲ့အများတော့ ခံရ[...] ပေါ့၊ ဒါပေမယ့် ဒီလိုနေကြတဲ့ပုဂ္ဂိုလ်တွေထဲမှာ နှစ်မျိုးနှစ်[...] ရှိကြတယ်"

"ဘယ်လိုမျိုးလဲ အဘ"

"တစ်မျိုးက လူတွေရဲ့အကျိုး သာသနာတော်အကျိုး[...] ဆောင်ရွက်ဖို့ နေကြရတာ ရှိတယ်၊ နောက်တစ်မျိုးက ကျေ[...]



www.burmeseclassic.com

www.burmeseclassic.com



သက်န်း၊ ဆွမ်း မပူပန်ရအောင် လူတွေနဲ့ နီးစပ်တဲ့နေရာတွေမှာ နေကြရတာ ရှိတယ်၊

တောရဆောက်တည်ပြီး တစ်ပါးတည်း ကျင့်ကြံအား ထုတ်ချင်တဲ့ပုဂ္ဂိုလ်တွေကတော့ လူတွေနဲ့ ဝေးတဲ့ တောထဲမှာ နေပြီး ကျင့်ကြံအားထုတ်မှုပြုကြတယ်၊

ကွမ်ဟယ်ဆရာတော်ကတော့ တစ်ပါးတည်း တောရ ဆောက်တည်နေတဲ့ ပုဂ္ဂိုလ်မျိုးပေါ့ကွယ်”

ညဉ့်နက်ပိုင်းအချိန် ရောက်လာသောအခါ နှင်းများ ကျလာပြီး အအေးဓါတ်က ပိုလာသောကြောင့် လွယ်အိတ်ထဲမှာ အသင့်ထည့်လာသောစောင်ကြမ်းများကို ထုတ်ပြီး ပတ်ခြုံထား ကြရသည်။

အတန်ကြာသောအခါ တောထဲမှာ တောတိုးလာသော ခြေသံကြားရပြီး မရှေးမနှောင်းမှာပင် သစ်ချုံများကြားမှ ကျား တစ်ကောင်၏ဦးခေါင်းပိုင်းကြီး တိုးထွက်လာသည်။ နီမောင်တို့ ကို မြင်တော့ တစ်ချက်လှမ်းကြည့်ပြီး ခြေလှမ်းတန့်သွားသည်။

ပြီးမှ ရှေ့သို့ ဆက်တိုးလာပြီး မီးပုံနှင့် မနီးမဝေးမှာ ဘုန်းကနဲ လှဲအိပ်ချလိုက်လေသည်။

“သူလည်း ချမ်းရှာပေမပေါ့”

ဟု ဦးဇန်ကောင်းက ရေရွတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



နီမောင်ကတော့ ကြောက်စရာကောင်းလှသော တောကောင်ကြီးတစ်ကောင်က လူနှင့် နီးသောမီးပုံနံဘေးမှာ စိတ်ချလက်ချ လာလှဲအိပ်နေသည်ကို မြင်သောကြောင့် စိတ်ထဲမှ အံ့ဩနေမိလေသည်။

"သိပ်လည်း အံ့ဩမနေပါနဲ့ကွာ၊ ငါတို့ကမှ သူ့အပေါ် မစေတ္တာမှ မပျက်တာ၊ သူကလည်း ငါတို့အပေါ်မှာ ဘယ်မှာ ရန်မူပါ့မလဲ၊ တောထဲမှာ နေကြတဲ့ သူတော်ကောင်းတွေဆိုရင် မေတ္တာပွားပြီး နေကြတော့ တိရစ္ဆာန်တွေဟာ သူတို့ကို ဘယ်မှာ ရန်မူကြတော့မလဲ"

ဟု ပြောပြသည်။

ဤသို့ဖြင့် နှစ်ယောက်သား လက်ဖက်ရည်ကြမ်းသောက်ရင်း စကားပြောရင်းနှင့် စောင့်ကြရာ သန်းခေါင်ယံအချိန်ကျော်လာသည်အထိတော့ မည်သည့်ထူးခြားမှုမျိုးမှ မတွေ့ရပေ။

ညဥ့်နက်ပိုင်းရောက်လာလေလေ အအေးဓါတ်ကလည်း ပိုလာလေသည်။

ညဦးပိုင်းက ကြားနေရသော တောတိရစ္ဆာန်များအသံများပင် တိတ်ဆိတ်ငြိမ်သက်နေကြလေသည်။

နီမောင်တို့နှစ်ယောက်မှာ မီးဖိုမှ အပူရှိန်ဖြင့် စော



www.burmeseclassic.com

www.burmeseclassic.com



ကြမ်းတစ်ထည်စီ ပါလာသောကြောင့်သာ အအေးဒဏ်ကို အတန်အသင့် ခံနိုင်ကြခြင်းဖြစ်၏။

သန်းခေါင်ယံ လွန်သောအခါ တောစပ်မှာ ရပ်နေသော ဝိုးတဝါး ပုံရိပ်တစ်ခုကို လှမ်းမြင်ရသည်။

"အဘ. . ဟိုမှာ. ."

ထိုသဏ္ဍာန်က နေရာမှာ အတန်ကြာအောင် ရပ်နေပြီးမှ သူတို့ရှိရာဘက်သို့ ခြေလှမ်းမှန်မှန်ဖြင့် လျှောက်လာလေသည်။

မီးရောင်ရှိသောနေရာရောက်မှ သဲသဲကွဲကွဲ မြင်ကြရသဖြင့် နှစ်ယောက်သား မျက်လုံးပြူးသွားကြသည်။

အခြားမဟုတ်ပေ. . .။

အညိုရောင် သစ်ခေါက်ဆိုးသင်္ကန်းကို ဝတ်ရုံထားပြီး လက်ထဲမှာ ပုတီးတစ်ကုံး ကိုင်ထားသော ဘုန်းကြီးတစ်ပါးပင် ဖြစ်သည်။

"ကွမ်ဟယ်ဆရာတော် ကြွလာပြီ"

ဦးဗန်ကောင်းက တိုးတိုးကလေး ရေရွတ်လိုက်ပြီး နေရာမှ ထကာ လက်အုပ်ချီလျက် ခရီးဦးကြိုပြုလေသည်။

"ဇရစ်ပေါ် ကြွပါဘုရား"

ကွမ်ဟယ်ဆရာတော်က တည်ငြိမ်သောဣန္ဒြေဖြင့် ဦး



www.burmeseclassic.com

www.burmeseclassic.com



ဗန်ကောင်း ခင်းပေးသောနေရာမှ ဝင်ထိုင်သောအခါ နှစ်ယောက်သား ကန်တော့လိုက်ကြသည်။

ဆရာတော်က ခပ်တိုးတိုး ဆုပေးသည်။

ဦးဗန်ကောင်းက လက်ဖက်ရည်ကြမ်းတစ်ပန်းကန် ဖြည့်ပြီးကပ်တော့ ယူပြီး တစ်ငုံသောက်သည်။ ပြီးမှ. . .

"ဘယ်အတွက် ရောက်လာတာလဲ"

"တပည့်တော်တို့ရွာမှာ အန္တရာယ်ဆိုးတွေ ကျရောက်နေလို့ လူတွေ သေကျေပျက်စီးကြရပါတယ် ဘုရား၊ အရှင်ဘုရား ကယ်နိုင်ရင် ကယ်မ,ပေးပါ"

ထိုစကားကြားတော့ ဘာမှပြန်မပြောဘဲ လက်ဖက်ရည်ကိုသာ သောက်နေလေသည်။

"ဝဋ်ကြွေးရှိတော့လည်း ဒီလိုပဲ ပေးဆပ်ရတာပေါ့၊ အချိန်တန်တော့လည်း ပြီးသွားမှာပါ၊ ဒါပေမယ့် နောက်ထပ် အန္တရာယ်တွေ မကျရောက်ဖို့တော့ ဘုန်းကြီးကာကွယ်ပေးပါ့မယ်"

"ဝမ်းသာလှပါတယ်ဘုရား"

"ဒါပေမယ့် ဘုန်းကြီးဆီမှာတော့ ဆေးဝါးပစ္စည်း ဘာ တစ်ခုမှ မရှိပါဘူး၊ ရှိတဲ့ဆီက အလှူခံပေးလိုက်ပါ့မယ်"

ဟု ပြောပြီး နေရာမှ ထသည်။



www.burmeseclassic.com

www.burmeseclassic.com



"တပည့်တော်တို့မှာ အခြားလှူစရာပစ္စည်း မပါတဲ့အတွက် အရှင်ဘုရားနဲ့ ကြံ့ကြိုက်တုန်း တစ်ခုခု လှူပါရစေဘုရား၊ ဟောဒီစောင်ကို ပံ့သကူသင်္ကန်းအဖြစ် အလှူခံတော်မူပါဘုရား"

ဟု ပြောပြီး ဦးဗန်ကောင်းနှင့်နီမောင်တို့မှာ ၎င်းတို့ခြုံထားသော စောင်ကြမ်းနှစ်ထည်ကို လှူသောအခါ ကွမ်ဟယ်ဆရာတော်က လက်ခံယူပြီး 'သာဓု' ခေါ်သည်။

"ဒကာတို့ လိုရာဆန္ဒအဝဝနဲ့ ပြည့်စုံကြပါစေ"

ဟု ဆုပေးသည်။

"ဒကာတို့ရဲ့သဒ္ဓါတရားကို ချီးမြှောက်ပေးတဲ့အနေနဲ့ ဘေးအန္တရာယ်တွေကို ကာကွယ်တားဆီးပေးနိုင်တဲ့ သိုက်ဝင်ဆေး ရှိတဲ့နေရာကို ခေါ်သွားပေးပါ့မယ်၊ ဟိုရောက်တဲ့အခါ သက်ဆိုင်ရာ အစောင့်အရှောက်တွေထံမှာ မေတ္တာရပ်ခံပြီးတော့ ပေးလိုက်ပါ့မယ်"

"ကျေးဇူးကြီးလှပါတယ်ဘုရား"

"ဒါပေမယ့် ဒကာတို့က ပုထုဇဉ်လောကသားတွေ ဖြစ်ကြလေတော့ စိတ်မခိုင်ကြမှာစိုးလို့ ကြိုတင်ပြီး အသိပေးထားပါ့မယ်"

"အမိန့်ရှိပါဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"တခြားတော့ မဟုတ်ပါဘူး၊ အခုသွားမယ့်နေရာက လွယ်လုံဘုရားသိုက်ရဲ့အတွင်းကို သွားမှာဆိုတော့ အထဲရောက်တဲ့အခါ ရွှေငွေရတနာအမြောက်အများကို တွေ့ကြရလိမ့်မယ်၊ ဘုရားအတွက် ရည်စူးထားတဲ့ပစ္စည်းတွေ ဖြစ်တာမို့ စိတ်နဲ့တောင် မပြစ်မှားမိကြစေနဲ့"

"တပည့်တော်တို့ စောင့်ထိန်းပါ့မယ်ဘုရား"

"ကောင်းပြီ . . . ဘုန်းကြီးနောက်ကသာ လိုက်ခဲ့ကြပေတော့"

ဟု ပြောပြီး ဇရပ်ပေါ်မှ ပြန်ဆင်းသွားလေရာ နီမောင်နှင့် ဦးဇန်ကောင်းတို့လည်း ပစ္စည်းများကိုပင် မယူအားတော့ဘဲ နောက်မှ လိုက်သွားကြတော့သည်။

အချိန်က အရုဏ်တက်ချိန်ရောက်ရန် နီးကပ်လာချေပြီ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၈)

# လှည်းလုံးသိုက်အတွင်းမှ ရွှေခေတ်

အချိန်မှာ အရုဏ်တက်ချိန်သို့ နီးလာချေပြီ။

သို့သော် အလင်းရောင်ကတော့ မလာသေးပေ။ နှင်းများကတော့ မိုးရွာနေသကဲ့သို့ တဖြောက်ဖြောက်နှင့် ကျဆင်းနေသည်။

တောတစ်ခုလုံး နှင်းကျသံမှလွဲပြီး အခြားအသံများ မကြားရသလောက် တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကွမ်ဟယ်ဆရာတော် ဦးတည်သွားနေသောလမ်းမှာ လွယ်လုံဘုရားပျက် ရှိသောဘက်ဖြစ်သည်။ ဘုရားပျက်နား ရောက်တော့ အနောက်ဘက်သို့ ဦးတည်၍ သွားပြန်လေသည်။

လမ်းတလျှောက်လုံးမှာလည်း သတ္တဝါတစ်ကောင် တလေမှ မတွေ့ရဘဲ ငြိမ်သက်နေလေသည်။

အတန်ငယ် သွားမိသောအခါ ကျောက်တောင်နံရံ တစ်ခု ရှိသောနေရာသို့ ရောက်သွားလေသည်။

ထိုနေရာမှာ ဂူပေါက်ကျယ်ကြီးတစ်ခုလည်း ရှိသည်။ ဂူပေါက်ဝသို့ ရောက်သောအခါ ကွမ်ဟယ်ဆရာတော်က ရပ်ပြီး သတိပေးသောစကား ပြောသည်။

"အတွင်းရောက်တဲ့အခါ ဘယ်အရာကိုမှ ပြစ်မှားလို စိတ် မရှိကြစေနဲ့"

"တပည့်တော်တို့ သတိထားပါ့မယ် ဘုရား"

ဟု ကတိပေးလိုက်မှ ဂူကြီးအတွင်းသို့ စတင်ဝင်လေ သည်။ ဂူမှာ အတော်ကျယ်ဝန်းပြီး အတွင်းဘက်မှာ အလင်း ရောင် မရှိသော်လည်း မီးရောင်များ ရှိနေသကဲ့သို့ ရှင်းလင်းစွာ မြင်နေရသည်။

အတန်ငယ် ဝင်သွားသောအခါ နောက်ထပ်ဂူပေါက် တစ်ခုကို တွေ့ရပြီး အပေါက်ဝမှာလည်း တင်းပုတ်ကမ်းလျက်



www.burmeseclassic.com

www.burmeseclassic.com



မတ်တတ်ရပ်နေသော ဘီလူးကြီးနှစ်ကောင်ကို တွေ့ရသည်။ တောင့်တောင့်ကြီး ရပ်နေကြသောကြောင့် ကျောက်ရုပ်ကြီးများ ဖြစ်မည်ဟု ထင်မိသော်လည်း အနားရောက်တော့မှ မဟုတ်မှန်း သိရလေသည်။

သူတို့အနားရောက်သည်နှင့် အသက်ဝင်လာသကဲ့သို့ လှုပ်လှုပ်ရှားရှား ဖြစ်လာလေသည်။

နီမောင်မှာ ထိုအတွေ့အကြုံမျိုးနှင့် မကြုံဖူးသေးသော ကြောင့် စိတ်ထဲမှာ ကြောက်ရွံ့သလို ဖြစ်လာမိသည်။

သို့သော် ကွမ်ဟယ်ဆရာတော်နှင့် ဦးဗန်ကောင်းတို့ ပါလာသောကြောင့် စိတ်ကို ထိန်းထားနိုင်ပေသည်။

အတန်ကြာတော့ တင်းပုတ်ထမ်းထားသော ဘီလူးတစ် ကောင်က ရှေ့မှ ဦးဆောင်ခေါ်သွားသောကြောင့် နောက်မှ လိုက်သွားကြလေသည်။

သူတို့နောက်မှ နောက်ဘီလူးတစ်ကောင်က တင်းပုတ် ထမ်းပြီး လိုက်လာသည်။

အတွင်းပိုင်း ရောက်သောအခါ ပိုမိုကြောက်စရာ ကောင်းသောမြင်ကွင်းအချို့ကို တွေ့ရသည်။

သူတို့သွားနေသောလမ်း၏ဘေးတစ်ဖက်တစ်ချက် အမှောင်ရိပ်ထဲမှာ တန်းစီရပ်နေသော နာနာဘာဝများ၊ ပရ



www.burmeseclassic.com

www.burmeseclassic.com



လောကသားများကို ဗိုးတဝါး တွေ့ရသည်။

သဲသဲကွဲကွဲ မမြင်ရသော်လည်း ကြောက်မက်ဖွယ် ကောင်းသော ပုံပန်းသဏ္ဍာန်များချည်း ဖြစ်ကြသည်ကိုတော့ သိနိုင်လေသည်။

တကယ်တော့ စောစောက သူတို့ရောက်မလာခင် အချိန်က ထိုလမ်းတလျှောက်မှာ မကောင်းဆိုးဝါးများဖြင့် ပြည့် နေဟန်ရှိပြီး ယခု ကွမ်ဟယ်ဆရာတော် ကြွလာတော့မှ နံဘေး သို့ ကပ်ပြီး လမ်းဖယ်ပေးကြဟန်ရှိသည်။

အတွင်းဘက်သို့ သွားသောလမ်းတလျှောက်လုံး အ လင်းရောင်များ ကောင်းစွာရနေသော်လည်း မီးတိုင်များ ထွန်းညှိ ထားခြင်းမျိုး မဟုတ်ဘဲ မည်သည့်နေရာမှ လာသော အလင်း ရောင်ဖြစ်မှန်း မသိရပေ။

ဂူလမ်းတလျှောက်မှာ အချို့နေရာများမှာ ကျယ်ဝန်း သဖြင့် ချောင်ချိစွာ သွားလာနိုင်သော်လည်း အချို့နေရာများမှာ ကျဉ်းမြောင်းလှသောကြောင့် ကျောက်စွန်းကျောက်ချွန်များဖြင့် မတိုက်မိစေရန် သတိဖြင့် သွားကြရသည်။ တစ်နေရာသို့ ရောက် သောအခါ ရှေ့ဆက်သွားစရာလမ်း မရှိတော့ဘဲ ကျောက်သား နံရံကြီး ပိတ်ဆီးနေလေတော့သည်။

ထိုနေရာရောက်သောအခါ ရှေ့မှ လမ်းပြခေါ်သွား


www.burmeseclassic.com

www.burmeseclassic.com



သောဘီလူးက ကျောက်နံရံကို လက်ဖြင့် သုံးကြိမ်ပုတ်လိုက်သော အခါ တဂျိမ်းဂျိမ်းနှင့် အသံများ ထွက်ပေါ်လာပြီး ကျောက်တံခါး ချပ်ကြီး ပွင့်သွားလေတော့သည်။

ထိုအခါ အတွင်းမှ အစောင့်ဘီလူး ထွက်လာပြီး ဆရာ တော်ကို လမ်းပြခေါ်သွားသဖြင့် အတွင်းသို့ ဝင်လိုက်သွားလေ သည်။

အပြင်ပေါက်မှ ကျောက်တံခါးအထိ လိုက်ပို့ပေးခဲ့သော ဘီလူးက တင်းပုတ်ထမ်းလျက် နောက်ကြောင်းပြန်လှည့်သွား လေတော့သည်။

အတွင်းရောက်သောအခါမှ အံ့ဩဖွယ်ရာကောင်း သောမြင်ကွင်းကို တွေ့မြင်ရသည်။

အတွင်းပိုင်းမှာ ကျောက်ဂူမဟုတ်တော့ဘဲ ဟော်နန်း ဆောင်ကြီးသဖွယ် ကြီးကျယ်ခမ်းနားလှသော အဆောက်အဦး ကြီးတစ်ခုဖြစ်နေသည်ကို တွေ့ကြရသည်။

သလင်းကျောက်ကဲ့သို့သော ဖြူဝင်းသောကျောက်သား များဖြင့် ထုဆစ်ဆောက်လုပ်ထားခြင်းဖြစ်မျိုး ရတနာများဖြင့် စီခြယ်မွမ်းမံထားရာ အရောင်တဝင်းဝင်းတလက်လက် ထွက်နေ လေတော့သည်။

မည်သည့်မီးရောင်မှ မထွန်းရဘဲ ထိုကျောက်များမှ



www.burmeseclassic.com

www.burmeseclassic.com



ထွက်သည့်အလင်းရောင်များဖြင့်ပင် ဝင်းလက်တောက်ပနေ လေတော့သည်။

အခန်းပေါက်ဝရောက်တော့ လိုက်ပို့ပေးသောဘီလူးက ပျောက်ကွယ်သွားပြီး သူတို့သာကျန်ခဲ့တော့သည်။

နီမောင်က အံ့ဩဖွယ်ကောင်းသောမြင်ကွင်းကို မျက်တောင်မခတ် ကြည့်နေလေ့သည်။

အခန်းတွင်းမှာ ပြင်ဆင်ထားသော အသုံးအဆောင် ပစ္စည်းများမှာ ဟော်နန်းကြီးတမျှ ကြီးကျယ်ခမ်းနားလှသည်။ ထိုအခန်းထဲမှာ သင်းပျံ့သောရနံ့များလည်း ပျံ့နှံ့လျက်ရှိလေသည်။

ခန်းမဆောင်အတွင်းမှာတော့ မည်သူ တစ်ဦးတစ်ယောက်မှ မတွေ့ရပေ။

ထိုနေရာတွင် အစောင့်များလည်း မရှိကြပေ။

ဆရာတော်က အခန်းပေါက်ဝမှာပင် ရပ်တန့်နေသဖြင့် နီမောင်တို့လည်း နောက်မှ ငြိမ်သက်စွာ ရပ်နေကြရလေသည်။

အတန်ကြာတော့မှ အတွင်းခန်းမှ လိုက်ကာစကို ဖယ်၍ အမျိုးသမီးတစ်ဦး ထွက်လာလေသည်။

ထိုအမျိုးသမီးမှာ အသက်နှစ်ဆယ်ကျော်အရွယ်ခန့်ရှိပြီး စော်ဘွားသမီးတော်များ ဝတ်ဆင်လေ့ရှိသော အဝတ်အစားများ



www.burmeseclassic.com

www.burmeseclassic.com



ကို ဝတ်ဆင်ထားသည်။

ထို့ပြင် အဖိုးတန်ကျောက်မျက်ရတနာများဖြင့် စီခြယ်ထားသော လက်ဝတ်ရတနာများကိုလည်း ဝတ်ဆင်ထားလေသည်။ ရှမ်းအမျိုးအနွယ်တစ်ဦး၏သွင်ပြင်လက္ခဏာမျိုးရှိပြီး ချောမောလှပသူတစ်ဦးဖြစ်သည်။

သူမက ကွမ်ဟယ်ဆရာတော် ရှိရာသို့ လက်အုပ်ချီလျက် လျှောက်လာသည်။

အနီးသို့ ရောက်သောအခါ ချိုသာသောအသံဖြင့် လျှောက်သည်။

"သလွန်ပေါ်သို့ ကြွပါဘုရား"

"ဆရာတော်က ဒီလိုနေရာမျိုးဖြင့် မအပ်စပ်ပေဘူး"

"ဒီလိုဖြင့် ဟိုဘက်အခန်းကို ကြွပါဘုရား"

ဟု ပြောဆိုလျှောက်ထားပြီး တစ်ဖက်အခန်းရှိရာသို့ ခေါ်သွားလေသည်။

ထိုအခန်းမှာတော့ သာမန်အခန်းသာဖြစ်ပြီး ဝါးကွပ်ပျစ်၊ ကြိမ်ဖြင့် ပြုလုပ်ထားသော ကွပ်ပျစ်များသာရှိသည်။

ဆရာတော်က ကြိမ်ကွပ်ပျစ်ပေါ်မှာ နေရာယူသောအခါ နီမောင်နှင့်ဦးဇန်ကောင်းတို့နှစ်ယောက်က သင့်တော်သောနေရာမှာ ဝင်ထိုင်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးက ဆရာတော်ရှေ့မှာ ထိုင်ပြီး ကန်တော့လေသည်။

"တပည့်တော်တို့နေရာကို အခုလိုကြွလာတာ ဝမ်းသာလှပါတယ်ဘုရား"

"အကြောင်းကိစ္စ ရှိတော့လည်း ကြွလာရတာပေါ့"

"နေ့စဉ်နေ့တိုင်း တပည့်တော်မ ပို့ပေးတဲ့ အရုဏ်ဆွမ်း နေ့ဆွမ်းတွေကိုရော လက်ခံရရှိပါရဲ့လားဘုရား"

"ရရှိပါတယ်. . . ဒီအတွက်လည်း နန်းစောမူတို့ အားလုံးကို သာဓုခေါ်ပါတယ်"

"ဆရာတော်ရဲ့တန်ခိုး၊ သီလဂုဏ်၊ မေတ္တာတရားတွေနဲ့ လွှမ်းခြုံပေးထားလို့ တပည့်တော်မတို့တတွေ အန္တရာယ်အနှောင့် အယှက်တွေရဲ့ရန်ဘေးက ကင်းဝေးနေတယ်ဆိုတာ သိပါတယ် ဘုရား"

"ဒီလိုပေါ့လေ. . . မြတ်စွာဘုရားအတွက် ရည်စူးထားတဲ့ ပစ္စည်းတွေကို စောင့်ရှောက်နေကြတာဆိုတော့လည်း ဆရာတော်တို့လည်း တတ်အားသမျှ အကူအညီပေးရမှာပေါ့လေ"

"ဒီအတွက် ကျေးဇူးတင်လှပါတယ်ဘုရား"

"ဆရာတော်ဆီကို နေ့စဉ်ရက်ဆက် ဆွမ်းကပ်စရာ မလိုပါဘူး၊ သင့်တင်မျှတရုံလောက်ဆိုရင် ရပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"တပည့်တော်တို့က ကုသိုလ်ယူချင်လို့ပါဘုရား၊ တပည့်တော်တို့မှာ ကုသိုလ်ယူစရာဆိုလို့ ဒါပဲရှိပါတယ်၊ ဒီလိုကုသိုလ်ကောင်းမှုတွေ ရမှ ဒီလိုဘဝမျိုးတွေက ကျွတ်လွတ်ခွင့် ရကြမှာပါဘုရား"

နန်းစောမူဆိုသော အမျိုးသမီး၏အသံမှာ ဝမ်းနည်းသံတလေးများ ပါနေလေသည်။

"သံသရာခရီးလမ်းက မလွတ်ကင်းနိုင်သေးသမျှတော့ လောကဓံရှစ်ပါးနဲ့ တွေ့ကြကြုံကြရမှာပဲလေ၊ အချိန်တန်တော့ သည်း ပြီးသွားမှာပါပဲ၊ အရေးကြီးတာက လက်ရှိရောက်နေတဲ့ ဘဝမှာ အကုသိုလ် ဒုစရိုက်မှုတွေ နည်းနိုင်သမျှနည်းအောင် ကြိုးစားပြီး ကောင်းမှုကုသိုလ်တွေ များနိုင်သမျှများအောင် ကြိုးစားဖို့ပဲ အရေးကြီးပါတယ်"

"တပည့်တော် ကြိုးစားပါ့မယ်ဘုရား"

ထိုသို့ပြောနေကြစဉ် အခန်းပေါက်ဝမှာ လင်ဗန်းကိုယ်စီ ကိုင်ထားကြသော အမျိုးသမီးများ ရောက်လာကြသည်။

"အရုဏ်တက်ပြီမို့ အရုဏ်ဆွမ်း ဘုဉ်းပေးဖို့အချိန်ရောက်ပါပြီ၊ အခုလိုကြုံကြိုက်တဲ့အခါမှာ တပည့်တော်ကိုယ်တိုင် လှူပါရစေဘုရား"

ဟု ပြောပြီး မိန်းကလေးတစ်ဦးလက်ထဲမှ ဆွမ်းလင်ဗန်း



www.burmeseclassic.com

www.burmeseclassic.com



ကို လှမ်းယူပြီး နန်းစောမူကိုယ်တိုင် ကပ်လှူရာ ဆရာတော်က လက်ခံပြီး ဣန္ဒြေရစွာဖြင့် ဘုဉ်းပေးလေသည်။

ဆရာတော်ဆွမ်းဘုန်းပေးပြီး အချိုပွဲများ၊ သစ်သီးများ ကပ်သဖြင့် အနည်းငယ် ဘုဉ်းပေးနေစဉ် နီမောင်နှင့်ဦးဇန် ကောင်းတို့ကို ထမင်းဟင်းများ ကျွေးလေသည်။

"ဒီကမောင်ကြီးတို့လည်း အခုလို မမျှော်လင့်ဘဲ ရောက် လာကြတဲ့အချိန်မှာ ထမင်းဟင်းတွေနဲ့ ညှော်ခံပါရစေရှင်. . . သုံးဆောင်ကြပါ"

ဟု ပြောပြီး လာပေးသဖြင့် စားသောက်ကြရသည်။

ထမင်းပူပူနွေးနွေး၊ ပဲငပိ၊ သီးစုံဟင်းတို့မှာ လိုက်ဖက်လှ သဖြင့် သက်သက်လွတ် အစားအသောက်များဖြစ်စေကာမူ အရသာ ရှိလှသည်။

ထမင်းစားပြီးတော့ ပေါက်ပေါက်ဆုပ်၊ ထန်းလျက်ခဲနှင့် သစ်သီးများကို စားကြရပြန်သည်။

နီမောင်စိတ်ထဲမှာတော့ ထိုမျှ အရသာရှိသော ထမင်း ဟင်းမျိုး မစားဖူးသေးသောကြောင့် စိတ်ထဲမှာ ကျေနပ်နှစ်သက် မှုများ ဖြစ်နေမိသည်။

ထိုသို့ညှော်ခံကျွေးမွေးသော နန်းစောမူဆိုသော အမျိုး သမီးကိုလည်း စိတ်ထဲမှ ကျေးဇူးတင်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားသောက်ပြီးသောအခါမှ နန်းစောမူက မေးလေသည်။

"တပည့်တော်ဆီ ကိုယ်တိုင်ကြွလာတာ ဘာများ အလိုရှိလို့ပါလဲဘုရား"

"ဆရာတော်ကတော့ ဘာမှအလိုမရှိပါဘူး၊ ဟောဒီဒကာနှစ်ယောက်အတွက် အကူအညီပေးရအောင် လာခဲ့တာပါ။ သူတို့က ဖြူစင်သူတွေ ဖြစ်ပါတယ်"

ဆရာတော်စကားကြားသောအခါ နန်းစောမူက ပြောသည်။

"တပည့်တော် သိပါတယ်ဘုရား၊ တကယ်လို့ ဖြူစင်သူတွေ မဟုတ်ရင် ဒီအထဲအထိ ဝင်ခွင့်မရနိုင်ပါဘူး၊ အစောင့်အရှောက်တွေကလည်း ဝင်ခွင့်ပေးကြမှာ မဟုတ်ပါဘူး"

"သူတို့ ဖြူစင်တယ် မဖြူစင်ဘူးဆိုတာ ကမ္ဗဇ္ဈိတန်ခိုးနဲ့ သိနိုင်ကြတာလား"

"မဟုတ်ပါဘူး ဘုရား။ ကိုယ်က ထွက်နေတဲ့အရောင်ကို ကြည့်ပြီး ခွဲခြားသိနိုင်ကြတာပါ"

"လူချင်း တူပေမယ့် ကိုယ်က ထွက်တဲ့အရောင်ချင်းက မတူပါဘူးဘုရား၊ ဆင်းရဲပေမယ့် စိတ်ထားဖြူစင်တဲ့လူတွေရဲ့ ချမ်းသာပေမယ့် စိတ်ထားယုတ်ညံ့တဲ့သူတွေရဲ့ ကိုယ်အရောင်



www.burmeseclassic.com

www.burmeseclassic.com



ထွက်တာချင်း မတူကြပါဘူး"

ဆရာတော်က ခေါင်းတစ်ချက်ညိတ်ပြသည်။

"စိတ်ထားဖြူစင်သူတွေ၊ သူတော်ကောင်းတွေရဲ့ကိုယ်က ထွက်တဲ့အရောင်က အဖြူရောင် အဝါရောင်တွေသာ ဖြစ်ပါတယ်၊ စိတ်ထားကောက်ကျစ်ယုတ်မာသူတွေကိုယ်က ထွက်တဲ့အရောင်က အညိုရောင် အမည်းရောင်တွေသာ ဖြစ်ပါတယ်"

"ပြောပြပါဦး"

"လူတစ်ယောက်မှာ ကိုယ်ခန္ဓာက ထွက်နေတဲ့အရောင်ရှိပါတယ်၊ သေဆုံးသွားမှသာ ဒီအရောင်က ပျောက်ကွယ်သွားတာပါ၊ ကိုယ်ခန္ဓာက ထွက်တဲ့အရောင်ကို သာမန်မျက်စိနဲ့ မမြင်နိုင်ကြရပါဘူး၊ ဒီအရောင်တွေကို မြင်နိုင်တာက သူတော်ကောင်းတွေ၊ သိဒ္ဓိပေါက်နေတဲ့လူတွေ၊ နတ်တွေနဲ့ ပရလောကသားတွေက မြင်ကြရပါတယ်ဘုရား"

"မှန်ပါတယ်"

"နတ်သိကြားတွေက ကိုယ်က ထွက်တဲ့အရောင်ကို မြင်ရုံနဲ့ သူတော်ကောင်း၊ သူယုတ်မာဆိုတာ ခွဲခြားသိနိုင်ကြသလို ပရလောကသားတွေကလည်း မြင်နိုင်သိနိုင်ကြပါတယ်၊ ဒါ ကြောင့် စိတ်ထားဖြူစင်တဲ့သူ၊ အကျင့်သီလ ကောင်းတဲ့ သူတော်ကောင်းတွေဆိုရင် အိပ်မက်ထဲမှာတောင် မနှောင့်ယှက်ဝံ့ကြပါ



www.burmeseclassic.com

www.burmeseclassic.com



ဘူးဘုရား"

ဟု ရှင်းပြလေသည်။

(တိပိဋကဘုန်းတော်ကြီးများသည်လည်း လူတစ်ယောက် သေသည် အသက်ရှင်နေသေးသည်ကို ကိုယ်မှ ထွက်နေသည့် အရောင်ကို ကြည့်ပြီး သိနိုင်ကြကြောင်း အခြားစာအုပ်တစ်အုပ်၌ ဖော်ပြပေးခဲ့ပြီးဖြစ်သဖြင့် ထပ်မံမဖော်ပြတော့ပြီ)

ထိုစကားကြားသောအခါ နီမောင်စိတ်ထဲမှာ များစွာ ကျေနပ်သွားမိလေသည်။

ဘဝပေး ကံအကျိုးမကောင်းခဲ့သဖြင့် လူဆင်းရဲနေ သော်လည်း စိတ်ထားဖြူစင်သူအဖြစ် အသိအမှတ်ပြုခံရသဖြင့် ကျေနပ်ဝမ်းသာနေခြင်းပင်ဖြစ်၏။

"နန်းစောမူ ပြောတဲ့စကားတွေက မှန်ပါတယ်၊ အခု လာတဲ့ကိစ္စက တခြားမဟုတ်ပါဘူး၊ သူတို့အတွက် အကူအညီ ပေးချင်လို့ လာခဲ့တာပါ၊ ကဲ. . . ဒကာတို့က အကျိုးအကြောင်း ပြောပြလိုက်ကြပါ"

ဟု ဆရာတော်က ပြောသဖြင့် နီမောင်က ကွမ်းဟယ်ရွာ မှာ ကြုံတွေ့နေရသော အန္တရာယ်ဆိုးများအကြောင်းကို ပြောပြ လိုက်လေသည်။

"ဒီလိုဆိုရင်တော့ ကူညီပေးပါ့မယ်၊ ကျွန်မနဲ့အတူ လွယ်



www.burmeseclassic.com

www.burmeseclassic.com



လုံဘုရားလည်း ဖူးရင်းနဲ့ ဂူအတွင်းကို လိုက်ခဲ့ကြပါ”

ဟု ခေါ်သဖြင့် ဆရာတော်ပါ နေရာမှ ထပြီး သူမခေါ်ရာ နောက်သို့ လိုက်သွားကြလေသည်။

ခန်းမဆောင်တစ်ခုအတွင်းမှ ဖြတ်သွားကြပြီး အစောင့်က တံခါးဖွင့်ပေးသဖြင့် အတွင်းသို့ ဝင်သွားကြသည်။

အတွင်းသို့ ရောက်သောအခါ သဘာဝလိုဏ်ဂူကြီး တစ်ခုအတွင်းသို့ ရောက်သွားကြသည်။

ဂူနံရံများအားလုံးကို ရွှေရောင်များ သုတ်ထားသောကြောင့် ဝင်းလက်နေသည်။

တစ်နေရာရောက်သောအခါ ဂူကြမ်းပြင်ပေါ်မှ သူ့နေရာနှင့်သူ ပုံထားသော ရွှေပုံ၊ ငွေပုံ၊ ကျောက်မျက်ရတနာပုံ၊ လက်ဝတ်တန်ဆာရတနာပုံများ သူ့အပုံနှင့်သူ မြောက်များစွာ ရှိနေကြသည်။

အလင်းရောင်များမှာ ထိုရတနာပစ္စည်းများမှ ထွက်နေသောအရောင်များလည်း ပါလေသည်။

နီမောင်စိတ်ထဲမှာ စပါးပုံများကဲ့သို့ တောင်ပုံရာပုံ ဖြစ်နေသော ရတနာပစ္စည်းများကို မြင်တွေ့နေရသော်လည်း စိတ်နှင့်ပင် မပြစ်မှားဝံ့ပေ။

ထိုနေရာမှ လွန်သောအခါ ဂူအလယ်လောက်တွင်



www.burmeseclassic.com

www.burmeseclassic.com



တည်ထားသော ရွှေစေတီတစ်ဆူကို ဖူးတွေ့ရသည်။

ဉာဏ်တော်ကိုးတောင်ခန့် အမြင့်ရှိပြီး တစ်ဆူလုံး ရွှေသားအတိဖြင့် ပြုလုပ်ထားဟန်ရှိလေသည်။

"ဒီစေတီဟာ ရွှေသားအစစ်နဲ့ သွန်းလုပ်ပူဇော်ထားတဲ့ လှွယ်လုံရွှေစေတီဖြစ်ပါတယ်၊ ဖူးထိုက်လို့ ဖူးကြရတာမို့ လိုရာဆုများလည်း တောင်းယူနိုင်ကြပါတယ်"

မှ နန်းစောမူက ပြောသဖြင့် ဆရာတော်က ရှေ့ဆုံးမှ ထိုင်ပြီး နီမောင်နှင့်ဦးဗန်ကောင်းတို့က နောက်မှာ ထိုင်ကာ ကန်တော့ကြလေသည်။

နီမောင်စိတ်ထဲမှာတော့ အခြားဆုမျိုး မတောင်းဘဲ ကွမ်ဟယ်ရွာမှာ ကြုံတွေ့နေရသော ဘေးအန္တရာယ်ဆိုးများ အမြန်ဆုံး ကင်းဝေးပပျောက်စေရန် ဆုတောင်းလိုက်လေသည်။

ရွှေစေတီအား ဖူးပြီးနောက် နန်းစောမူက နောက်တစ်နေရာသို့ ခေါ်သွားပြီး ရွှေကြုတ်တစ်လုံးကို ဦးဗန်ကောင်းလက်သို့ ပေးလေသည်။

"ဒါ ကျွန်မတို့လှွယ်လုံသိုက်ရဲ့ဆေးတော်ကြီး ဖြစ်ပါတယ်၊ ရွှေကြုတ်ထဲမှာ ထည့်ထားပါတယ်၊ ဆရာကြီးတို့ အလိုရှိရာ သုံးနိုင်ပါတယ်"

ဦးဗန်ကောင်းက လှမ်းယူလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အခုလို အကူအညီပေးတာ ကျေးဇူးတင်ပါတယ်၊ ဒီဆေးတော်ကို ကိုယ်ကျိုးအတွက် အသုံးမပြုပါဘူးလို့ ကတိပေးပါတယ်၊ ဒီဆေးတော်ကို အသုံးပြုပြီး ကွမ်ဟယ်ရွာသားတွေရဲ့ အသက်ကို ကာကွယ်ပေးပါ့မယ်"

ထိုဆေးတော်ကို လက်ခံရရှိပြီးသည့်နောက်တွင် ဆရာတော်ကပင် ရှေ့မှ ဦးဆောင်ပြီး လှိုဏ်လုံဘုရားသိုက်အတွင်းမှ ပြန်ထွက်ခဲ့ကြလေသည်။

အပြင်သို့ ပြန်ရောက်တော့ နံနက်ပိုင်း အလင်းရောင်များပင် ထွန်းလင်းပျံ့နှံ့လျက်ရှိနေကြလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၉)

# ယက္ခလေလား ရုပ္ပလေလား

နီမောင်နှင့်ဦးဇန်ကောင်းတို့မှာ သိုက်ဝင်ဆေးတောင့် ရလာပြီးနောက်တွင် ဦးဇန်ကောင်းက အစီအရင်များ ပြုလုပ်ပြီး ကွမ်ဟယ်ရွာအပြင်ဘက်မှ ကာရံထားလိုက်လေသည်။

ဆေးရည်များ ပြုလုပ်ပြီး တစ်အိမ်တက်ဆင်း ဝေငှပေး ထားပြီးသည့်နောက်မှာ ရွာအနီးသို့ အန္တရာယ်များ မကပ်နိုင်ကြ တော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



ညအချိန်ရောက်လာသောအခါ သချိုင်းရှိသောနေရာဘက်မှ ခွေးအူသံများသော်လည်းကောင်း၊ ကျားဟိန်းသံများသော်လည်းကောင်း ကြားရသော်လည်း ရွာအနီးသို့ မကပ်ဝံ့တော့ပေ။

ပထမဆုံး အစီအရင်များ ပြုလုပ်စနေ့က မည်သို့မည်ပုံထူးခြားလေမလဲဟု နီမောင်၊ ဦးဇန်ကောင်း၊ ရွာလူကြီး ဦးထန်ဖုန်းရှိန် အပါအဝင် ရွာသူရွာသားအတော်များများက အခြေအနေကို စောင့်ကြည့်ကြလေသည်။

ထုံးစံအတိုင်းပင် ညဦးပိုင်းအချိန်ရောက်သောအခါ သုသာန်ဘက်မှ ခွေးအူသံ၊ ကျားဟိန်းသံများကြားရသည်။

နောက် မရှေးမနှောင်းမှာပင် အဝတ်မည်းကြီး ခြုံထားသော မည်းမည်းသဏ္ဍာန်ကြီးနှင့် ကျားနက်ကြီးများ ရွာအခြေအနီးသို့ ကပ်လာကြလေသည်။

ထိုအခြေအနေအထိ စောင့်ကြည့်နေကြသူများမှာ အသက်မရှူဝံ့အောင် ရင်တမမနှင့် ရှိနေကြသည်။

ထုံးစံအတိုင်း ရွာအတွင်းသို့ ဝင်လာပြီး အရိုးခေါင်းများ ပစ်တင်သွားလေမလားဟု စိုးရိမ်နေကြသည်။

သို့သော် သူတို့ ထင်သလိုတော့ ဖြစ်မလာချေ။ ကျား နက်ကြီးနှင့် အရိပ်မည်းကြီးများ ရွာအနီးသို့ ရောက်လာသော



www.burmeseclassic.com

www.burmeseclassic.com



အခါ မည်သည့်နေရာမှ ထွက်လာမှန်း မသိသော ဘီလူးကဲ့သို့ အရွယ်အစား ကြီးမားလှသော လူမည်းကြီးများ နေရာအသီးသီးမှ ထွက်လာကြသည်။

ဂှင်းတို့လက်ထဲမှာ အရွယ်အစားကြီးမားသော တင်းပုတ်ကြီးများ ကိုင်ထားပြီး လိုက်လံထုနှက်လေရာ ကျားနက်ကြီးနှင့် အဝတ်မည်း မြုံထားသောလူတို့မှာ အဝေးသို့ ထွက်ပြေးသွားကြလေတော့သည်။

"နင်တို့အကြံအစည် ဦးသွားမှတော့ နေနှင့်ကြဦးပေါ့ကွာ"

ဟု အော်ဟစ်ကြိမ်းမောင်းသွားလေသည်။

နောက်တစ်ညနှစ်ညမှာလည်း ရွာခြေသို့ ကပ်ရန် ကြိုးစားသေးသော်လည်း တင်းပုတ်ကိုင်ထားသောလူများက လိုက်လံ ထုနှက်ကြသောကြောင့် ထွက်ပြေးကြရပြန်ရာ နောက်ညများမှာ မလာဝံ့တော့ပေ။

သို့သော် ညစဉ်ညတိုင်း သုသာန်ဘက်မှ ခွေးအူသံ၊ ကျားဟိန်းသံများ ကြားကြရသည်။

ရွာမှာ လူအသေအပျောက် မရှိသလောက် ဖြစ်သွားသောအခါ ရွာမှလူများ ရွာအပြင်ထွက်ပြီး တောင်ယာအလုပ်များ လုပ်ကိုင်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း တစ်ဦးချင်း တစ်ယောက်ချင်းတော့ မသွားဝံ့ကြသေးဘဲ အဖော်အပေါင်းနှင့်သွား၊ အဖော်အပေါင်းနှင့် လာကာ လုပ်ကိုင်ကြရလေသည်။

ထိုကဲ့သို့သောအန္တရာယ်များ ကင်းသွားသဖြင့် နီမောင်နှင့် ဦးဗန်ကောင်းတို့ကို များစွာကျေးဇူးတင်ကြလေသည်။

ရွာမှ အန္တရာယ်ကင်းသွားသောအခါ ဦးမွန်ထော်တို့ မိသားစုအပါအဝင် အခြားမိသားစုများကပါ အကူအညီတောင်း လာကြပြန်သည်။

အခြားမဟုတ်ပေ. . .။

ရွာမှ ပျောက်သွားသူများကို လိုက်လံရှာဖွေပေးရန် ပြော လာကြခြင်းဖြစ်သည်။

"နီမောင်ရယ်. . . မင်းတို့ အကူအညီပေးတာနဲ့ ရွာမှာ တော့ အန္တရာယ်တွေ ရှင်းတန်သလောက် ရှင်းသွားတာ ကျေးဇူး တင်ပါတယ်ကွာ၊ ပျောက်နေတဲ့ ငါ့သမီးလေးနဲ့ အခြားသူတွေကို လည်း လိုက်ရှာပေးပါဦး၊

မင်းတို့ရဲ့ကျေးဇူးကို တစ်သက်မမေ့ပါဘူး"

ဟု ဦးမွန်ထော်က အကူအညီတောင်းလာသည်။

မိမိတို့အိမ်မှ လူများ ပျောက်ဆုံးနေသော အခြားမိသား စုများကလည်း ဝိုင်းဝန်းအကူအညီတောင်းလာကြသောအခါ



www.burmeseclassic.com

www.burmeseclassic.com



ရွာလူကြီး ဦးထန်ဖုန်းရှိန်ကိုယ်တိုင်ကပင် ဝင်ပြောရလေသည်။

"ကျုပ်တို့ရွာအတွက် ဆရာကြီးနဲ့နီမောင်တို့ အကူအညီပေးတာ အများကြီး ကျေးဇူးတင်ပါတယ်၊ တတ်နိုင်ရင်တော့ ပျောက်နေတဲ့လူတွေက ရှာပေးစေချင်တယ်၊ ဒီအတွက် လိုအပ်တာတွေကိုလည်း ကျုပ်တို့ လုပ်ပေးပါ့မယ်"

ဟု ပြောလာသဖြင့် နီမောင်တို့လည်း တတ်နိုင်သမျှ ရှာဖွေပေးပါ့မည်ဟု ကတိပေးလိုက်ကြသေလည်။

အားလုံးရှင်းသွားသောအခါ နီမောင်က ဦးဗန်ကောင်းကို မေးသည်။

"ဘယ်လိုလုပ်ကြမလဲ အဘ"

"ကတိပေးလိုက်ပြီးပြီဆိုတော့ ကြိုးစားကြည့်ရမှာပေါ့၊ ဒါပေမယ့် ဒီအလုပ်က အန္တရာယ်များတာတော့ အမှန်ပဲ"

"အများအတွက် လုပ်တာပဲ အဘရယ်၊ သေသွားတော့လည်း ဝမ်းနည်းစရာတော့ မရှိပါဘူး"

"မင်းရဲ့စိတ်ဓါတ်ကတော့ ချီးကျူးစရာပါပဲ၊ ဒီလိုဆိုတော့လည်း စီစဉ်စရာလေးတွေ စီစဉ်ပြီးတော့ ငါတို့ သွားကြတာပေါ့"

"ဘယ်နေရာကို သွားမလဲ အဘ"

"ငါ့အထင်ပြောရရင်တော့ ဗျွဟနာဂတွေ အစီအရင်နဲ့ လုပ်နေတာ ဖြစ်မယ်ထင်တော့ သူတို့ရှိတဲ့နေရာပဲ သွားရှာရမှာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့"

"အဲဒီနေရာကို အဘရောက်ဖူးသလား"

"မရောက်ဖူးလည်း ဒီလိုပဲ မေးကြည့်ရမှာပေါ့"

"ဟင်. . . တောထဲတောင်ထဲမှာ ဘယ်သူ့ကို သွားမေးမှာလဲ"

"အများကြီး ရှိတာပေါ့ကွ၊ တောစောင့်နတ် တောင်စောင့်နတ်တွေ ဒါမှမဟုတ် ပရလောကသားတွေကို မိတ်ဆွေဖွဲ့ပြီး မေးကြည့်ရင် သိရမှာပေါ့"

ထိုအခါမှ သဘောပေါက်သွားလေတော့သည်။

"ကျွန်တော်တို့နှစ်ယောက်တည်း သွားမှာလား အဘ"

"အဖော်ရအောင် စောထီးနဲ့ငမဲအောင်ကိုပါ ခေါ်လာခဲ့ပေါ့ကွ၊ နောက်ပြီး မင်းသိမ်းထားတဲ့ ကျားနက်ရုပ်ကလေးကိုပါ ယူလာခဲ့ဖို့ မမေ့နဲ့နော် နီမောင်"

နီမောင်က ခေါင်းညိတ်ပြလိုက်လေသည်။

ထို့နောက်မှာတော့ လိုအပ်သောပစ္စည်းများကို ရှာဖွေစုဆောင်းပြီးနောက် ခရီးထွက်ကြရန် ပြင်လေသည်။

စုစုပေါင်း လေးယောက်ဖြစ်သည်။

ဦးဗန်ကောင်း၊ နီမောင်၊ စောထီး၊ ငမဲအောင်တို့ဖြစ်ကြသည်။ ဦးဗန်ကောင်းထံမှာ ဆေးလွယ်အိတ်တစ်လုံးနှင့် တောင်



www.burmeseclassic.com

www.burmeseclassic.com



ထုံးတစ်ချောင်းသာ ပါသော်လည်း နီမောင်တို့သုံးယောက်ထံမှာ တော့ တောတက်သည့်အခါ ယူဆောင်သွားလေ့ရှိသော လေး များ၊ ဓါးလှံလက်နက်နှင့် အခြားပစ္စည်းများ ယူဆောင်ကြသည်။

ရေဘူးနှင့်ရိက္ခာခြောက်များကို ထုပ်ပိုးပြီး မမေ့မလျော့ ယူဆောင်သွားကြသည်။

သူတို့တတွေ ခရီးစထွက်သောအခါ ကွမ်ဟယ်သုသာန် ရှိရာသို့ အရင်ဝင်ပြီး ခြေရာလက်ရာ ကြည့်သည်။

ထိုနေရာတဝိုက်မှာ လူခြေရာများအပြင် ကြီးမားသော ကျားခြေရာကိုပါ တွေ့ကြရသည်။

ဂုင်းတို့အကြံအစည်က ထိုကျားခြေရာများကို ခြေရာခံ လိုက်သွားရန်ဖြစ်သည်။

တစ်နေ့လုံး ခရီးဆက်ကြရာ အချို့နေရာများမှာ သွေး စက်များ၊ အချို့နေရာများတွင် အကျီလုံချည် အစုတ်အပြဲများ ကို တွေ့ကြရသည်။

ခြေရာများက အနောက်ဘက်တောင်တန်းများဘက်သို့ ဦးတည်လျက်ရှိသည်။

ထိုအနောက်ဘက်တောင်မှာ လွယ်လုံတောင်ကြောနှင့် တဆက်စပ်တည်းဖြစ်ပြီး လွယ်လုံစေတီဟောင်း ရှိသောနေရာ ကျောက်လှော်ကားကြီး ရှိသောနေရာနှင့်လည်း မဝေးလှပေ။



www.burmeseclassic.com

www.burmeseclassic.com



နီမောင်တို့လေးယောက်မှာ သတိဝီရိယထားပြီး ခရီးဆက်ခဲ့ကြရာ လွယ်လုံတောင်ကြော လွန်ပြီး တောနက်တစ်ခုသို့ ရောက်သွားကြသည်။

ထိုတောနက်ကြီးမှာ လူသူအရောက်နည်းသော နေရာဒေသလည်းဖြစ်ပေသည်။

ညနေပိုင်းအချိန်ရောက်သောအခါ တောင်ကြောတစ်ခုပေါ်သို့ ရောက်သွားကြပြီး ထိုနေရာမှာပင် စခန်းချကြရန် ပြင်ဆင်ကြသည်။

မီးဖိုသူကမီးဖို၊ အစားအသောက် စီစဉ်သူကစီစဉ်၊ ရေရှာသူ၊ ထင်းရှာသူနှင့် မအားကြအောင် လုပ်ကြလေရာ အမှောင်ရိပ် သမ်းလာသောအချိန်၌ အားလုံး အဆင်သင့် ပြီးသွားလေသည်။

ထို့ကြောင့် အစားအသောက်များ စားသောက်ကြပြီး မီးပုံနံဘေးမှာ ဝိုင်းထိုင်ရင်း စကားပြောနေကြသည်။

"ရွာက ပျောက်သွားတဲ့လူတွေကို ဘယ်များ ခေါ်သွားကြသလဲ မသိဘူးနော်"

"ငါကြားဖူးတာကတော့ တောနက်တွေထဲမှာ နေကြတဲ့ လူရိုင်းတွေဟာ လူတွေကို ဖမ်းမိသွားရင် ယဇ်ပူဇော်ပြီး သတ်စားတယ်လို့ ကြားဖူးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် အရင်ရက်က ငါတို့ရွာနားတွေ လာပြီး ဒုက္ခပေး နေတာ အဲဒီလူရိုင်းတွေများ ဖြစ်နေမလား မသိဘူးနော်"

"ဖြစ်နိုင်တာပေါ့. . . မကောင်းဆိုးဝါးတွေက ဒီလို တော့ လူတွေကို ဖမ်းခေါ်သွားပါ့မလဲ"

"ဒီလိုဆိုရင် ဖမ်းခေါ်သွားတဲ့လူတွေ အသက်ရှင်နေ လျက်မှ ရှိကြသေးရဲ့လား မသိဘူးနော်"

"ဒါကတော့ ကံတရားပဲပေါ့ကွာ"

"ဒါထက် အဘကို မေးရဦးမယ်၊ အရင်ကတော့ လူသူ မရောက်တဲ့ တောနက်တွေမှာ အဲဒီလို အသားစားတဲ့ နာဂလူရိုင်း တွေ ရှိနေကြသေးတာပဲလားဟင်"

ဦးဗန်ကောင်းက ကွမ်းတမြုံ့မြုံ့ ဝါးရင်း ခေါင်းညိတ်ပြ သည်။

"နာဂမျိုးနွယ်တွေဆိုတဲ့နေရာမှာ အမျိုးအစား အများ ကြီး ရှိတယ်၊ မူလမျိုးနွယ်တွေက ခွဲထွက်သွားတဲ့ မျိုးနွယ်ပေါင်း အများကြီးရှိတယ်၊ ဒီတော့ လူတွေနဲ့ နီးတဲ့နေရာမှာ နေကြတဲ့ နာဂမျိုးနွယ်တွေက ယဉ်ကျေးပြီး အချို့လူသူအရောက်အပေါက် မရှိနိုင်တဲ့ တောတောင်တွေထဲမှာ နေကြတဲ့ မျိုးနွယ်တွေကတော့ ရက်စက်ကြမ်းကြုတ်ကြတယ်၊ တခြားလူစိမ်းမပြောနဲ့၊ သူတို့ အချင်းချင်း တိုက်ခိုက်ကြရင်တောင် နိုင်တဲ့လူက ရှုံးတဲ့လူ



www.burmeseclassic.com

www.burmeseclassic.com



ဦးခေါင်းကို ဖြတ်ပြီးသတ်ရမှ ကျေနပ်ကြတယ်"

ထိုစကားကြားတော့ သုံးယောက်သား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ပခုံးတွန့်လိုက်ကြသည်။

"အတော်ရက်စက်ကြတာပဲနော်"

"ဒါကလည်း သူတို့ နေထိုင်ကြီးပြင်းကြတဲ့ ပတ်ဝန်းကျင်ဓလေ့စရိုက်တွေက ဒီလိုမှ မရက်စက်ရင် မဖြစ်တော့ ရက်စက်ကြရတာလည်း ဖြစ်မှာပေါ့၊ တစ်ဦးနဲ့တစ်ဦး တိုက်ခိုက်ကြလို့ကိုယ်က ဦးအောင် ခေါင်းမဖြတ်ရင် သူက ဖြတ်မှာဆိုတော့နိုင်တဲ့လူက ဖြတ်ကြတာ မဆန်းလှပါဘူး"

"အဘပြောသလိုဆိုရင် နာဂတွေထဲမှာလည်း ကောင်းတဲ့နာဂတွေ ရှိသလို ဆိုးတဲ့နာဂတွေလည်း ရှိမှာပေါ့နော်"

"အများကြီး ရှိတာပေါ့၊ အဲဒီထဲမှာမှ ယက္ခနာဂနဲ့ ဗျွ နာဂတွေက အဆိုးဆုံးပဲ"

"အဲဒါ ဘယ်လိုမျိုးတွေလဲ အဘ"

"ယက္ခနာဂဆိုတာ ဂမ္ဘာန်နာဂတွေကို ပြောတာ၊ ရုပ်ပြောင်းနာမ်ခွာပညာတွေ တတ်ပြီး သားကောင်လိုက်တဲ့အခါမှာပဲဖြစ်ဖြစ် လူတွေနဲ့ တိုက်ခိုက်ကြတဲ့အခါမှာပဲဖြစ်ဖြစ် ဘီလူးစိုင်ဘီလူးမာန်တွေ သွင်းပြီး တိုက်ခိုက်လေ့ရှိကြတယ်၊ ဒါကြောင့်သူတို့ကို ယက္ခနာဂလို့ ခေါ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဗျူဟနာဂဆိုတာ ဘယ်လိုမျိုးလဲ အဘ"

"ဗျူဟဆိုတာ ပါဠိအခေါ် အဝေါ်ပဲ၊ အဓိပ္ပါယ်ကတော့ 'ကျား' လို့ ခေါ်တယ်၊ ဗျူဟနာဂတွေကလည်း ရုပ်ပြောင်းနာမ်ခွာ ပညာတွေကို တတ်ကြတယ်၊ ကျားနက်ရုပ်ကလေးကို ဝိညာဉ်သွင်းပြီး ကျားနက်ကြီးတစ်ကောင်ဖြစ်လာအောင် စီရင်နိုင်ကြတယ်"

"အတော်ဆန်းကြယ်တဲ့ပညာတွေပဲ"

"ဒီပညာတွေဟာ ရှေးနှစ်ပေါင်းများစွာကတည်းက ပေါ်ထွန်းခဲ့တဲ့ပညာတွေပဲ၊ ရှေးအခါက ဒီသာပါမောက္ခ ဆရာကြီးထံမှာ ပညာသင်တဲ့အခါ အဋ္ဌာရသ(၁၈)ရပ်အပြင် အသက်သွင်းတဲ့ပညာနဲ့ ရုပ်ပြောင်းနာမ်ခွာပညာတွေကိုပါ သင်ခဲ့ကြရတယ်"

"သူတို့က ဒီပညာတွေကို ဘယ်လိုရလာသလဲ မသိဘူးနော်"

"နာဂမျိုးနွယ်အတော်များများဟာ အိန္ဒိယနဲ့ မွန်ဂိုလီးယား တောင်တန်းတွေဘက်က လာကြတာဆိုတော့ အဲဒီပညာမျိုးတွေက အိန္ဒိယနဲ့ မွန်ဂိုလီးယားဘက်မှာ အများကြီး ရှိတယ်၊ အဲဒီက အမွေရလာတာလည်း ဖြစ်မှာပေါ့"

လေးယောက်သား စကားပြောနေကြစဉ် ညဉ့်နက်ပိုင်း အချိန်ရောက်သောအခါ ကင်းစောင့်သူက စောင့်ပြီး အိပ်သူက



www.burmeseclassic.com

www.burmeseclassic.com



အိပ်ကြရန် ပြင်လေသည်။

ကျန်သုံးယောက်ကို အိပ်ခိုင်းပြီး နီမောင်က ကင်းစောင့်ပေးလေသည်။

သူ့အကျႌအိတ်ထဲမှာ ကျားနက်ရုပ်ကလေး ပါလာသည်။

သူသည် ထိုကျားနက်ရုပ်ကလေးကို လက်ဖြင့် စမ်းကြည့်ရင်း ရှေ့မှာ တွေ့ကြုံနေရသော အန္တရာယ်များအကြောင်းကို တွေးတောနေသည်။

စိတ်ထဲမှာလည်း ရွာမှ ဖမ်းခေါ်သွားသူများ ဘေးမသီရန်မခ ရှိကြပါစေဟု ဆုတောင်းနေမိသည်။

ညဥ့်နက်ပိုင်းရောက်လာသောအခါ နှင်းများက တဖြောက်ဖြောက် ကျလာပြီး အအေးဓါတ်က ပိုလာသည်။

ပတ်ဝန်းကျင်တဝိုက်ရှိ သစ်ရွက်ခြောက်များပေါ်သို့ နှင်းစက်ကျသံများက ဆူညံစွာ ပေါ်ထွက်နေသည်။

ထိုသို့အတွေးကောင်းနေစဉ် နားထဲမှာ ထူးခြားသောအသံအချို့ကို ကြားလိုက်ရသည်။

ပထမ နှင်းစက်ကျသံဟု ထင်မိသော်လည်း ဂရုစိုက်ပြီးနားထောင်ကြည့်သောအခါမှ နှင်းစက်ကျသံအပြင် အခြားအသံအချို့ပါ ကြားလာရသည်။



www.burmeseclassic.com

www.burmeseclassic.com



အခြားမဟုတ်ပေ. . .။

ဖွဖွကလေး နှင်းလျှောက်လာသည့် ခြေသံများပင်ဖြစ်သည်။ နီမောင်က အိပ်နေသူများကို နှိုးလိုက်သဖြင့် ထလာကြသည်။

"ဘာလဲ နီမောင်"

နီမောင်က တောစပ်ဘက်သို့ မျက်ရိပ်ပြလိုက်သည်။ သို့ကြောင့် ကျန်လူများက နံဘေးမှာ ချထားသောလက်နက်များကို ကောက်ယူပြီး အဆင်သင့် ပြင်ထားလိုက်ကြသည်။ နားစွင့်ကြည့်တော့ တဖြည်းဖြည်း တိုးကပ်လာသောခြေသံများကို ကြားရပြီး မလှမ်းမကမ်းနေရာ ရောက်သောအခါ ရပ်တန့်သွားကြသည်။

ရှေ့ဆက်တိုးမလာကြတော့ပေ။

နီမောင်က အသံကြားရာဘက်သို့ လှမ်းကြည့်လိုက်တော့ တောစပ်၌ ရပ်နေသော မည်းမည်းသဏ္ဌာန်များကို ဝိုးတဝါး လှမ်းမြင်ရသည်။

သဲသဲကွဲကွဲတော့ မရှိလှပေ။

အတန်ကြာတော့ အဝတ်မည်း ခြုံထားသော လူတစ်ယောက်က မနီးမဝေးနေရာ ရောက်သည်အထိ ရှေ့သို့ တိုးလာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသဏ္ဌာန်ကို မြင်တော့ မိမိတို့ရွာခြေသို့ မကြာခဏ ရောက်လာလေ့ရှိသော မည်းမည်းသဏ္ဌာန်ဖြစ်မှန်း သိလိုက်ကြသည်။

"နင်တို့ ဘယ်သူတွေလဲ"

အသံဗလုံးဗထွေးဖြင့် မေးလိုက်သော်လည်း မိန်းမတစ်ယောက်၏အသံဖြစ်မှန်း ချက်ချင်းသိလိုက်ကြသဖြင့် အံ့ဩသွားကြလေသည်။

"ငါတို့ ကွမ်ဟယ်ရွာသားတွေပဲ"

နီမောင်က ပြန်ပြောလိုက်သည်။

"ဒီနေရာက ငါတို့ပိုင်နက်ပဲ၊ ဘာကြောင့် လာတာလဲ"

ဟု လေသံမာမာဖြင့် မေးသည်။

"ငါတို့ရွာက လူတွေ ပျောက်လို့ လိုက်ရှာနေတာ"

ထိုစကားကြားတော့ အတန်ကြာအောင် ငြိမ်သက်သွားလေသည်။

"ငါတို့ရွာသားတွေကို နင်တို့ ဖမ်းထားသလား"

"ဟုတ်တယ်"

"ဘာကြောင့် ဖမ်းထားတာလဲ"

"ငါတို့လူတစ်ယောက်ကို သတ်လို့ ကလဲ့စားပြန်ချေဖို့ ဖမ်းခေါ်ထားတာပဲ"


www.burmeseclassic.com

www.burmeseclassic.com



"နင်တို့လူကို ဘယ်သူသတ်တာလဲ၊ ဘယ်နေရာမှာ သတ်တာလဲ"

"ဆားကျင်းတွေ ရှိတဲ့ ချောင်းနံ့ဘေးမှာ တာကင်ကောင် ဖမ်းရင်းနဲ့ မြားနဲ့ ပစ်သတ်ခံရတာပဲ၊ ဒါကြောင့် ကလဲ့စားချေတဲ့ အနေနဲ့ နင်တို့တစ်ရွာလုံးကို သတ်ပစ်ရမယ်"

ဟု ဒေါသသံဖြင့် လှမ်းပြောလေသည်။

ထိုစကားကြားသောအခါမှ နီမောင်မှာ သဘောပေါက် သွားလေတော့သည်။

ကျန်သုံးယောက်ကလည်း ထိုအကြောင်းများကို နီ မောင်က ပြောပြထားသဖြင့် သိနေကြသောကြောင့် သူ့အတွက် စိုးရိမ်သွားကြလေသည်။

"နင်တို့အထဲမှာ ငါ့မောင်ကို သတ်တဲ့သူ ပါသလား"

မိန်းကလေးက ဒေါသသံဖြင့် လှမ်းမေးသည်။

"ပါတယ်"

"ဘယ်သူလဲ"

"ငါပဲ"

နီမောင်က ရဲရဲဝံ့ဝံ့နှင့်ပင် ပြန်ပြောလိုက်သည်။ ထို စကားကြားသောအခါ ရှေ့မှ ရပ်နေသော မိန်းကလေးနှင့် နောက်မှာ ရပ်နေကြသည့် မည်းမည်းသဏ္ဍာန်များက ရှေ့သို့



www.burmeseclassic.com

www.burmeseclassic.com



တိုးလာကြသည်။

"နင် ဘာကြောင့် ငါတို့လူကို သတ်တာလဲ"

"ငါပစ်တာ လူကို ပစ်တာမှ မဟုတ်တာ၊ ကျားတစ်ကောင်ကို ပစ်တာပဲ၊ တောထဲမှာ မုဆိုးတစ်ယောက်က ကျားတစ်ကောင်ကို ပစ်တာ အပြစ်ရှိသလား"

"အို့ . . ဘာပဲဖြစ်ဖြစ် ငါတို့လူကို သတ်ပစ်တဲ့အတွက် နင့်မှာ အပြစ်ရှိတယ်၊ နင့်ရဲ့အသက်ကို ပြန်ပေးရမယ်"

"ငါ့မှာ အပြစ်ရှိလို့ ပြန်သတ်ရင်လည်း အသေခံဝံ့ပါတယ်၊ ဒါပေမယ့် အပြစ်မရှိတဲ့ ငါတို့ရွာသားတွေကိုတော့ ပြန်လွှတ်ပေးရမယ်"

"ကောင်းပြီ. . . နင့်ကို သတ်ရရင် ကျေနပ်ပြီ၊ ငါတို့နေရာကို လိုက်ခဲ့ကြပေတော့"

ဟု ခေါ် သဖြင့် နီမောင်တို့လည်း နေရာမှ ထကာ ပစ္စည်းများကို ယူပြီး ၎င်းတို့ခေါ် ရာနောက်သို့ လိုက်သွားကြရလေသည်။

လမ်းရောက်တော့ ငမဲအောင်က လေသံတိုးတိုးဖြင့် အပြစ်တင်သောလေသံဖြင့် ပြောသည်။

"မင်းက ဘာကြောင့် အဖြစ်မှန်ကို ပြောလိုက်ရသလဲ၊ သူတို့က မင်းကို သတ်ကြလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"သတ်တော့လည်း သတ်ပေါ့ကွာ၊ ငါ့အတွက်နဲ့ အပြစ်မရှိတဲ့ရွာသားတွေ အပြစ်မရောက်စေချင်ဘူး၊ သူတို့ အသက်ချမ်းသာရာရမယ်ဆိုရင် ငါသေရလည်း အရေးမကြီးပါဘူး"

"မင်းကို သတ်ပြီး ကျန်တဲ့လူတွေကိုရော လွှတ်ပေးမယ်လို့ ထင်လို့လား၊ ဒီလူရိုင်းတွေရဲ့စကားကိုမျှား မင်းက စိတ်ချလက်ချ ယုံနေသေးတယ်"

နီမောင်က ဘာမှပြန်မပြောတော့ပေ။

လူရိုင်းများက သူတို့ကို လှိုဏ်ကြီးအတွင်းမှ ဂူပေါက်ကျယ်ကြီးတစ်ခု ရှိရာသို့ ခေါ်ဆောင်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၀)

# အကျဉ်းသားအဝသို့ ရောက်ကြရလေပြီ

လူရိုင်းများက နီမောင်တို့လေးယောက်ကို ကျောက်ဂူကြီးတစ်ဂူအတွင်းမှာ ဖမ်းဆီးချုပ်နှောင်ထားလေသည်။ ဝင်ပေါက်တစ်ပေါက်သာ ရှိပြီး အပေါက်ဝကို ကျောက်တုံးဖြင့် ပိတ်ဆို့ထားလေသည်။

အတွင်းမှာ ဘာမှမရှိဘဲ ရေသောက်ရန်အတွက် ကျောက်စက်ရေအိုင်များသာ ရှိလေသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



မနက်ပိုင်းအချိန်ရောက်တော့ လူဝံများနှင့် ပုံပန်းသဏ္ဍာန်တူသည့်လူရိုင်းများ ရောက်လာပြီး သူတို့လေးယောက်ကို အပြင်သို့ ခေါ်ထုတ်သွားသည်။

ထိုအခါမှ အလင်းရောင်နှင့် တွေ့ရပြီး အသက်ဝအောင် ရှူကြရသည်။

သူတို့မှာ ပါလာသော လေးမြှားဓါးလှံများကိုတော့ လူရိုင်းများက သိမ်းယူသွားကြသည်။

အပြင်ဘက်ရောက်တော့မှ လူရိုင်းအများအပြား တွေ့ရသည်။ ၎င်းတို့မှာ သာမန်လူများနှင့် မတူကြပေ။ တစ်ကိုယ်လုံးအသားအရေက နက်မှောင်နေပြီး အမွေးအမှင်အရှည်များ ရှိကြသဖြင့် ရုတ်တရက် ကြည့်လျှင် မျောက်ဝံ၊ လူဝံများနှင့် တူလေသည်။

သို့သော်လည်း ဆံပင်ရှည်များ ကျိုးတိုကျဲတဲ ဖုံးထားသော ၎င်းတို့မျက်နှာများကတော့ ရုတ်တရက်ကြည့်လျှင် ကြောက်စရာကောင်းလှသည်။

၎င်းတို့မျက်နှာမှာ ပြည့်ပြည့်ဝဝ မရှိဘဲ အရိုးခေါင်းခွံတစ်ခုနှင့်ပင် တူသည်။

မျက်လုံးအိမ်များက အတွင်းသို့ ချိုင့်ဝင်နေပြီး မျက်လုံးများက အနီရောင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



နှာခေါင်းက သာမန်နှာခေါင်းမျိုး မဟုတ်ဘဲ မျောက်နှာခေါင်းနှင့် တူပြီး အပေါ်သို့ လန်တက်နေသည်။

မျက်နှာပေါ်မှာ အပေါ်လွင်ဆုံးကတော့ ပါးစပ်ပေါက်ဖြစ်သည်။ ပါးစပ်ပေါက်က သာမန်ထက် ကျယ်လှပြီး ရှေ့သို့ ခေါ်ထွက်နေသောအစွယ်နှင့် သွားများကို အထင်းသား တွေ့မြင်ရသည်။

လက်တံများမှာ သေးသွယ်ရှည်လျားပြီး လက်သည်းရှည်များ ရှိသည်။

လမ်းလျှောက်သည့်အခါ အရိုးစုတစ်ကောင် လမ်းလျှောက်နေသည်နှင့် တူလှလေသည်။

တစ်ကိုယ်လုံး ခြုံကြည့်လျှင်တော့ မနုဿဘီလူးများနှင့် များစွာတူလှလေသည်။

ထိုလူများမှာ လူသူမနီးသည့် တောနက်ကြီးများ၌ အုပ်စုဖွဲ့ပြီး နေထိုင်လေ့ရှိကာ ကျားကို ပူဇော်လေ့ရှိသော ဗျဂ္ဃနာဂများပင်ဖြစ်သည်။

နီမောင်တို့လေးယောက် အပြင်သို့ ထွက်လာသောအခါ လူရိုင်းများက ရန်လိုသောအကြည့်များဖြင့် ဝိုင်းဝန်းကြည့်ကြလေသည်။

ဂူအပြင်ဘက် တစ်နေရာမှာတော့ ကျောက်လုံးကြီးကို



www.burmeseclassic.com

www.burmeseclassic.com



ကျားနက်ရုပ်သဏ္ဌာန် ထုဆစ်ထားသည်။

ထုလုပ်ထားပုံမှာ ကျားနှင့် ပုံပန်းသဏ္ဌာန်တူလှပြီး ဆေးရည်အနက်များ သုတ်ထားသောကြောင့် ကျားနက်ကြီးတစ်ကောင်နှင့် တူလှပေသည်။

ရုတ်တရက်ကြည့်ပါက အပေါ်မှ ခုန်အုပ်တော့မည့် ပုံသဏ္ဌာန်မျိုးဖြစ်သည်။

ထိုကျားနက်ရုပ်ကြီးအနီးတွင် လူနှင့်တိရစ္ဆာန်များကို ယဇ်ပူဇော်သော ကျောက်စင်ကြီးတစ်ခုလည်း ရှိသည်။ လူရိုင်းများက သူတို့လေးယောက်ကို နောက်ထပ်ဂူပေါက်တစ်ခုအတွင်းသို့ ခေါ်ဆောင်သွားပြန်လေသည်။

ထိုဂူအတွင်းမှာတော့ လူအသုံးအဆောင်ပစ္စည်းအချို့ ရှိနေသည်။

လူရိုင်းများက သူတို့လေးယောက်ကို ၎င်းတို့ အကြီးအကဲ ရှိသောနေရာသို့ ခေါ်သွားကြသည်။

ဂူအတွင်းပိုင်းမှာတော့ ကျား၊ ကျားသစ်၊ ဝက်ဝံ စသော တိရစ္ဆာန်ဦးခေါင်းများအပြင် လူဦးခေါင်းခွံများ တန်းစီချိတ်ထားသောနေရာတစ်ခုသို့ ရောက်သွားလေသည်။

ထိုနေရာတွင် ကျောက်စင်အမြင့်တစ်ခု ရှိပြီး လူရိုင်းများ၏အကြီးအကဲ ထိုင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရင်းမှာ အသက်ငါးဆယ်ကျော်အရွယ်ခန့်ရှိပြီး အသား အရေမှာ သာမန်လူတစ်ယောက်လိုပင် ရှိသည်။ လူရိုင်းများ ကဲ့သို့ မမည်းပေ။

ဦးခေါင်းပေါ်မှာ တိရစ္ဆာန်အစွယ်များဖြင့် တန်ဆာဆင် ထားသော ခေါင်းဆောင်းတစ်ခုကို ဆောင်းထားလေသည်။

လည်ပင်းမှာလည်း တိရစ္ဆာန်တို့၏အစွယ်များကို သီကုံး လျက် ဆွဲထားသည်။

လက်ထဲမှာ လှံရှည်တစ်ချောင်းကို ကိုင်ထားသည်။ နီမောင်တို့လေးယောက်က ရင်းတို့ရှေ့တည့်တည့်မှာ တန်းစီပြီး မတ်တတ်ရပ်လိုက်ကြသည်။

သူတို့ကို ထိုနေရာပို့ပြီး လူရိုင်းများက နောက်သို့ ပြန် ဆုတ်သွားကြသည်။

"မင်းတို့ ဘယ်ရွာကလဲ"

"ကွမ်ဟယ်ရွာကပါ"

"မင်းတို့လေးယောက်ထဲမှာ ငါ့သားကို သတ်တာ ဘယ် သူလဲ"

နီမောင်က ရှေ့သို့ ထွက်ရပ်လိုက်သည်။

"မင်းသတ်တာလား"

"ဟုတ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကြောင့် သတ်တာလဲ"

"အမဲလိုက်ရင်းနဲ့ ကျွဲတစ်ကောင်ကို ပစ်တာပါ၊ လူကို ပစ်တာ မဟုတ်ပါဘူး"

ထိုလူကြီးက အတန်ကြာအောင် ငြိမ်သွားသည်။

"ဘာပဲဖြစ်ဖြစ် မင်းအတွက်ကြောင့် ငါတို့လူတစ်ယောက် သေခဲ့ရတယ်၊ ဒ့ါအပြင် ကျွဲနက်တစ်ကောင်ပါ ဆုံးရှုံးခဲ့ရတယ်၊ ငါတို့ စီရင်ထားတဲ့ ကျွဲနက်ရုပ် မင်းတို့လက်ထဲမှာလား"

"ဟုတ်ပါတယ်"

"ငါတို့ကို ပြန်ပေးပါ"

နီမောင်က အိတ်ထဲမှာ ထည့်ထားသော ကျွဲနက်ရုပ်ကလေးကို ထုတ်ယူပြီး ထိုလူကြီးကို သွားပေးလိုက်သည်။ ထိုလူကြီးက ကျွဲနက်ရုပ်ကလေးကို အသေအချာ ကြည့်ရှုနေသည်။

အတန်ကြာတော့မှ. . .

"ငါတို့ အစီအရင် လုပ်ထားတဲ့ ကျွဲနက်ရုပ်ကို ဖမ်းနိုင်တဲ့ပညာ မင်းတို့မှာ ရှိတယ်၊ ငါတို့လူတွေ ရွာနားကို မကပ်နိုင်အောင်လည်း လုပ်နိုင်တယ်၊ မင်းတို့ပညာတွေကို ငါတို့ကို ပေးပါ"

ထိုစကားကြားသောအခါ ဦးဗန်ကောင်းက ဝင်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီအတိုင်းတော့ မပေးနိုင်ဘူး၊ ကျုပ်တို့လူတွေကို ပြန်လွှတ်ပေးမှ ပေးနိုင်မယ်"

"ဒီပညာကို ပေးရင် ပြန်လွှတ်ပေးမယ်၊ ဒါပေမယ့် ငါ့သားအတွက် လူတစ်ယောက်ရဲ့ဝိညာဉ်တော့ ပြန်ပေးရမယ်"

ဟု နီမောင်ကို ကြည့်ရင်း ပြောလေသည်။

ထိုအခိုက်မှာပင် နောက်ဘက်မှ အမျိုးသမီးတစ်ယောက် ထွက်လာသည်။ တစ်ကိုယ်လုံး အဝတ်နက်ကြီး ခြုံထားသော အမျိုးသမီးပင်ဖြစ်သည်။

ယခုအခါမှာ ဦးခေါင်းပေါ်၌ ခြုံထားသောအဝတ်ကို ဖယ်ထားသောကြောင့် သူမ၏မျက်နှာကို ကောင်းစွာတွေ့မြင်ရသည်။

သူမသည် အသက်နှစ်ဆယ်ဝန်းကျင်အရွယ်ခန့်သာ ရှိသေးပြီး ရုပ်ရည်ချောမောလှပသူဖြစ်သည်။

"သရဖီ. . . ဝိညာဉ်ချင်း လဲမယ့်သူရဲ့အလောင်းရှိတဲ့နေရာကို သူ့ကို ခေါ်သွားပါ"

ဟု ပြောသဖြင့် ကျန်သုံးယောက်က ထိုနေရာမှာ ကျန်နေခဲ့ပြီး နီမောင်တစ်ယောက်တည်း ထိုအမျိုးသမီး ခေါ်ရာနောက်သို့ လိုက်သွားရလေသည်။

သရဖီဆိုသောအမျိုးသမီးက နီမောင့်ကို ဂူအတွင်းပိုင်း



www.burmeseclassic.com

www.burmeseclassic.com



ဘက်သို့ ခေါ်သွားလေသည်။

ထိုနေရာဘက် ရောက်လာသောအခါ ရေခဲတုံးများ ရှိသော အခန်းတစ်ခုအတွင်းသို့ ရောက်သွားသကဲ့သို့ အေးစိမ့်နေလေသည်။

ထိုအတွင်းပိုင်းနေရာများရှိ ကျောက်စင်များအပေါ်မှာ လူသေအလောင်းများ တင်ထားလေသည်။

သဘာဝ ရာသီဥတုက အေးလွန်းသောကြောင့် အလောင်းများမှာ မပုတ်မသိုးနှင့် အိပ်ပျော်နေသကဲ့သို့ ရှိနေသည်။ ထိုနေရာများမှ လွန်သောအခါ သီးသန့်နေရာတစ်ခုသို့ ရောက်သွားလေသည်။

ထိုနေရာမှာ ရေခဲနံရံများ လေးဘက်လေးတန် ရှိနေသော ကျောက်ဂူတစ်ခုပင်ဖြစ်သည်။

ရှေ့မှ သွားနေသည့် သရဖီဆိုသောအမျိုးသမီးက ၎င်း၏ကိုယ်ပေါ်မှာ ရှိနေသော ဝတ်ရုံအမည်းကြီးကို ဦးခေါင်းမှ ဖုံးအုပ်ထားလိုက်သဖြင့် အအေးဒဏ်ကို ခံနိုင်နေဟန်ရှိသော်လည်း နောက်မှ လိုက်သွားသော နီမောင်ကတော့ အတော်ကလေး ချမ်းနေလေသည်။

အတွင်းဘက် ကျောက်စင်မှာတော့ အလောင်းတစ်လောင်း တင်ထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အသက်နှစ်ဆယ်ကျော်အရွယ်ခန့် ရှိသော လူရွယ်တစ်ဦးပင်ဖြစ်သည်။

ထိုသူမှာ သေဆုံးနေသည်ဟုသာ ဆိုသော်လည်း အိပ်ပျော်နေသကဲ့သို့ ရှိလေသည်။

"ဒါ ငါ့ရဲ့မောင်ပဲ၊ နင့်လက်ချက်နဲ့ သူ အသက်မရှင်တော့ဘူး၊ သူ့ရဲ့ဝိညာဉ်ဝင်နေတဲ့ကျားဟာ နင်ပစ်လိုက်တဲ့မြားချက် ထိပြီး သေသွားခဲ့တယ်၊ သူ့ရဲ့ဝိညာဉ်ကလည်း အခြားတစ်နေရာ ရောက်သွားခဲ့တယ်၊ ဒါကြောင့် နင်တို့တစ်ရွာလုံးကို ကလဲ့စားချေဖို့ မကောင်းဆိုးဝါးတွေ ခေါ်ပြီး ဒုက္ခပေးခဲ့တာပဲ"

"နင်တို့က မကောင်းဆိုးဝါးတွေ ခေါ်ယူလို့ရမလား"

"ရတယ်. . . အဖေက ဝိညာဉ်တွေကို ခေါ်ခိုင်းလို့ရတယ်"

"နင့်မောင် အခုလိုဖြစ်ရတာ ငါစိတ်မကောင်းပါဘူး၊ ငါ့မျက်စိထဲမှာ ကျားတစ်ကောင်ပဲ မြင်လို့ ပစ်ခဲ့မိတာပါ၊ သူ အသက်ပြန်ရှင်ဖို့အတွက် ငါ့အသက်ကိုပေးဆိုရင်လည်း ပေးပါ့မယ်"

"နင်သေရမှာ မကြောက်ဘူးလား"

"သေရမှာတော့ ကြောက်တာပေါ့၊ ဒါပေမယ့် ငါ့အတွက်နဲ့ အပြစ်မရှိတဲ့ရွာသူရွာသားတွေ ဒုက္ခရောက်မှာတော့



www.burmeseclassic.com

www.burmeseclassic.com



မကြည့်ရက်ပါဘူး၊ ငါ့အသက်ကို ရရင် နင်တို့ ကျေနပ်မယ် မဟုတ်လား"

သရဖီဆိုသောအမျိုးသမီးက မျက်လုံးအဝိုင်းသားနှင့် ကြည့်ပြီး ခေါင်းညိတ်ပြသည်။

"နင်တို့ ငါ့ကို ကြိုက်တဲ့အချိန်မှာ သတ်ပါ၊ ဒါပေမယ့် နင်တို့ ဖမ်းထားတဲ့ အပြစ်မရှိတဲ့ရွာသားတွေကို ပြန်လွှတ်ပေးပါ၊ နောက်ပြီး ငါတို့ရွာတွေကိုလည်း နောက်ထပ်မနှောင့်ယှက်ပါနဲ့တော့"

"ငါတွေ့ဖူးသမျှမှာတော့ နင်က အထူးအဆန်းပဲ၊ ဘယ်သူဖြစ်ဖြစ် သေရမှာဆိုရင် ကြောက်ကြတာချည်းပဲ၊ နင်က သေရမှာ မကြောက်ဘူးဆိုတော့ နင်တို့မှာ ဆေးကောင်းတွေ ရှိသလားဟင်"

"မရှိပါဘူး. . . ဒါပေမယ့် ငါ့အတွက်နဲ့တော့ အပြစ်မရှိတဲ့လူတွေ ဒုက္ခမရောက်စေချင်ပါဘူး"

ဟု ပြောသောအခါ သရဖီမှာ တအံ့တသြ အမူအယာ ဖြစ်နေသည်။

ထို့နောက် ဘာမှမပြောဘဲ စခန်းထဲမှ ပြန်ထွက်သွားရာ နီမောင်တစ်ယောက်တည်း ကျန်ခဲ့လေသည်။

နီမောင်က သေဆုံးနေသောအလောင်းအနီးသို့ ကပ်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်သောအခါ မြားချက်ထိထားသောနေရာနှင့် တစ်ကိုယ်လုံး အဆိပ်များ ပျံ့နှံ့နေသကဲ့သို့ ရှိလေသည်။

ထိုနေရာမှ ပြန်ထွက်လာသော အခန်းပေါက်ဝမှာ သရဖီနှင့် ပြန်တွေ့ရသည်။

သရဖီက ဦးဗန်ကောင်းတို့ ရှိသောနေရာသို့ ပြန်ခေါ် သွားလေသည်။ လေးယောက်ပြန်ဆုံတော့မှ မူလထားသော အခန်းတွင်းသို့ ပြန်ခေါ်သွားပြီး အလုံပိတ်ထားလိုက်သည်။

"အခြေအနေ ဘယ်လိုရှိသလဲ နီမောင်"

"အခြေအနေကတော့ သိပ်မကောင်းလှဘူး၊ ကျွန်တော့်ကို သတ်မှာတော့ အသေအချာပဲ၊ ဒါပေမယ့် ရွာကလူတွေ ဘယ်နေရာမှာ ရှိတယ်ဆိုတာ သိဖို့လိုတယ်"

"ဒီဂူရဲ့တစ်နေရာမှာပဲ ရှိမှာပေါ့"

"ဒါထက် ဟိုလူကြီးက အဘကို ဘာတွေပြောသလဲ"

"ငါ့ဆီက ပညာကို သူတို့ လိုချင်နေကြတယ်"

"ဘယ်ပညာလဲ"

"ဝိညာဉ်တွေကို နိုင်တဲ့ပညာပေါ့"

"အဲဒါက သိုက်ဝင်ဆေးတော်ကြောင့် မဟုတ်လား၊ ဒီဆေးတော်ကိုတော့ သူတို့ပေးခဲ့လို့ ဘယ်ဖြစ်မှာလဲ"

"ဒါကတော့ အခြေအနေအရ ကြည့်လုပ်ရမှာပဲ ငါ့မှာ

www.burmeseclassic.com

www.burmeseclassic.com



အကြံအစည်တစ်ခုလည်း ရှိပါတယ်"

"ဘယ်လိုအကြံအစည်မျိုးလဲ"

"သူတို့ကို ဒုက္ခပေးပြီး သူတို့လက်က လွတ်မြောက်အောင် ကြံရမှာပေါ့"

ထိုစကားကြောင့် ကျန်သုံးယောက်က အနည်းငယ်အားရှိသွားကြလေသည်။

"နောက်တစ်ခု ငါအကဲခတ်မိတာ တစ်ခုရှိတယ်"

"ဘာများလဲ အဘ"

"ခေါင်းဆောင်လုပ်နေတဲ့အဘိုးကြီးနဲ့ ဟိုမိန်းကလေးက နာဂမျိုးနွယ် မဟုတ်ဘူး၊ သူတို့က သာမန်လူတွေပဲ၊ ဘယ်လိုကနေ ဘယ်လို ဒီနေရာ ရောက်နေတာလဲတော့ မပြောတတ်ဘူး"

"ဟုတ်တယ်. . . ဒါကြောင့် သူတို့နှစ်ယောက်က ကျွန်တော်တို့ ပြောတဲ့စကားမျိုးတွေ နားလည်ကြတာနေမှာပေါ့၊ ဒါ့ထက် ကျွန်တော်တို့ရွာက လူတွေကို ရအောင်ကယ်ပြီး ဒီနေရာက အမြန်ဆုံး လွတ်အောင်ကြံစည်ကြမှ ဖြစ်မယ်"

ထိုသို့ပြောနေစဉ် သရဖီဆိုသောအမျိုးသမီး ဝင်လာပြီး လာပြောလေသည်။

"နင်တို့ဟာ ဝိညာဉ်တွေကို စေခိုင်းနိုင်တယ်လို့အခေ ပြောတယ်၊ ဒီကနေ့ည ငါတို့မျက်စိရှေ့မှာ ဝိညာဉ်တွေကို ခေါ်



www.burmeseclassic.com

www.burmeseclassic.com



ရမယ်၊

နောက်ပြီး အဲ့ဒီပညာကိုလည်း ငါတို့ကို သင်ပေးရမယ်”

ဟု ပြောပြီး ပြန်ထွက်သွားလေသည်။

“ဒါ ငါတို့အတွက် အခွင့်အရေးကောင်းတစ်ခုပဲ၊ ဒီ အခွင့်အရေးကို ကောင်းကောင်းအသုံးချပြီး ငါတို့တွေ လွတ်မြောက်အောင် ကြိုးစားရမယ်”

ဟု ဦးဇန်ကောင်းက သူပြုလုပ်ရမည့်အစီအစဉ်နှင့် နီမောင်တို့ ပြုလုပ်ရမည့်အစီအစဉ်များကို ပြောပြလေသည်။ နီမောင်တို့ကလည်း သူပြောပြသောအစီအစဉ်များကို စိတ်ဝင်စားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၁)

# အနုရာယ်ကြားမှ ဝန်းတစ်ပွင့်

နောက်တစ်နေ့ နံနက်ပိုင်းအချိန်မှာပင် သရဖီ ရောက်လာပြီး နီမောင်တို့လေးယောက်ကို လာခေါ်လေသည်။

ပြီးသောအခါ တစ်နေရာသို့ ခေါ်သွားပြီး ပြလေသည်။

ကျောက်ဂူတစ်ဂူအတွင်းမှာ ချုပ်နှောင်ထားသော အကျဉ်းသားများကို တွေ့ရလေသည်။

မြန်မာမှုအပါအဝင် ကွမ်ဟာယ်ရွာမှ ဖမ်းခေါ်လာသည့်



www.burmeseclassic.com

www.burmeseclassic.com



ရှာသူရှာသားများပင်ဖြစ်သည်။ နီမောင်တို့မှာ မိမိတို့ ရှာသူရှာသားများ အသက်မသေသေးဘဲ ရှိနေသည်ကို တွေ့ရသဖြင့် များစွာဝမ်းသာသွားလေသည်။

"ဒါ နင်တို့ရှာက ဖမ်းထားတဲ့လူတွေပဲ၊ နင်တို့ဆီက ပညာတွေကို ပေးမယ်ဆိုရင် သူတို့ကို မသတ်ဘဲ ပြန်လွှတ်ပေးမယ်၊

တကယ်လို့ မပေးဘူးဆိုရင်တော့ နင်တို့လေးယောက်စလုံးကိုရော သူတို့ကိုပါ သတ်ပြီး ယဇ်ပူဇော်ပစ်မယ်"

ထိုအခါ ဦးဗန်ကောင်းက ဝင်ပြောလေသည်။

"မိန်းကလေးတို့ အလိုရှိတဲ့ပညာတွေအပြင် ဝိညာဉ်တွေကို ကိုယ်တိုင်တွေ့မြင်နိုင်တဲ့ အစီအရင်တွေကိုပါ သင်ပြပေးပါ့မယ်၊ နောက်ပြီး ကျုပ်တို့ဆီမှာ ဝိညာဉ်တွေ ကြောက်ရွံ့တဲ့ဆေးလည်း ရှိပါတယ်၊ မိန်းကလေးတို့ကို ပေးခဲ့ပါ့မယ်"

ဟု ပြောတော့မှ သရဖီဆိုသောမိန်းကလေးမှာ ကျေနပ်သွားဟန်ရှိလေသည်။

"ငါ သူတို့နဲ့ စကားပြောရပါစေ"

နီမောင်က အခွင့်တောင်းတော့ သရဖီက ခေါင်းညိတ်ပြလေသည်။ ထို့ကြောင့် နီမောင်တစ်ယောက်တည်း ဂူအတွင်း ဝင်သွားပြီး အားပေးစကားပြောရသည်။



www.burmeseclassic.com

www.burmeseclassic.com



"နီမောင်. . ."

မြနန်းမှူးက အသံကလေး ကတုန်ကယင်ဖြင့် ခေါ်သည်။

"နင်တို့ ရောက်လာတာ သိပ်ပြီးဝမ်းသာတာပဲ၊ သူတို့က ငါတို့ကို သတ်ပစ်မှာလားဟင်"

"မကြောက်ပါနဲ့ မြနန်းမှူး၊ ငါတို့ရောက်လာတာ နင်တို့ကို ကယ်တင်ပေးဖို့ပါ၊ နင်တို့ မသေစေရပါဘူး"

"ဝမ်းသာလိုက်တာ နီမောင်ရယ်၊ နင်တို့ကိုလည်း ကျေးဇူးတင်ပါတယ်"

ဟု ပြောရင်း ငိုနေသဖြင့် နီမောင်က နှစ်သိမ့်စကား ပြောရလေသည်။

ကျန်လူများကလည်း ၎င်းတို့ကို ကယ်တင်ပေးမည် ဆိုသောကြောင့် ဝမ်းသာသွားကြလေသည်။ ထိုနေရာမှ ပြန်ထွက်လာသောအခါ သူတို့ကို ဝိုင်းကြည့်နေသော လူရိုင်းများနှင့် တွေ့ရသည်။

အားလုံးမှာ မျက်ထောင့်နီကြီးများနှင့်ဖြစ်ပြီး ဝိုင်းဝန်း အော်ဟစ်နေကြလေသည်။

နောက်မှ သိရသည်မှာ လူတစ်ယောက်ကို သတ်ပြီး နတ်ပူဇော်ရန်အတွက် ဝိုင်းဝန်းတောင်းဆိုနေကြခြင်းဖြစ်သည်။

www.burmeseclassic.com



ရင်းတို့၏အမူအယာမှာလည်း သရဖီတို့အပေါ် ကျေနပ်ကြဟန် မရှိပေ။

အဘယ့်ကြောင့်ဆိုသော်. . .

လူများကို ဖမ်းမိလာပြီး တစ်ယောက်မှ မသတ်သေးဘဲ ဒီအတိုင်း ဖမ်းချုပ်ထားခြင်းကြောင့်ဖြစ်သည်။ သေဆုံးသွားသော သရဖီ၏မောင်ဖြစ်သူမှာ ကြမ်းတမ်းခက်ထန်သူတစ်ယောက်ဖြစ်သည်။ ယခုကဲ့သို့ လူများ ဖမ်းမိလာလျှင် ချက်ချင်းသတ်ပြီး ယဇ်ပူဇော်ပေးလေ့ရှိသည်။

ထိုသို့ ယဇ်ပူဇော်ပြီးသည်နှင့် ထိုလူအသားကို စားသောက်ခွင့် ပေးသဖြင့် လူရိုင်းအားလုံးက သဘောကျကြလေသည်။ ထိုသူ့ကိုလည်း များစွာကြောက်ရွံ့ကြသည်။

ယခု ထိုသူမှာ နီမောင်မြားချက်ထိကာ သေဆုံးသွားခဲ့ပေပြီ။ ခေါင်းဆောင်သုံးယောက် ရှိနေရာမှ တစ်ယောက်သေသွားသောအခါ ဇလာပဟီးနှင့်သရဖီတို့သာ ကျန်ခဲ့ကြလေသည်။

ရင်းတို့နှစ်ယောက်ကိုတော့ လူရိုင်းများက သိပ်မကြောက်ရွံ့ကြပေ။

မကြောက်ရွံ့ကြသည့်အပြင် ဖမ်းမိထားသောလူများကို မသတ်ဘဲ ဒီအတိုင်း ဖမ်းထားသဖြင့်လည်း မကျေမနပ်ဖြစ်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ ဂူထဲမှ ပြန်ထွက်လာသောအခါ အပြင်မှာ ရှိနေကြသည့် လူရိုင်းများအားလုံးက မကျေမနပ်ဖြင့် မျက်ထောင့်နီကြီးများဖြင့် ဝိုင်းကြည့်နေသည်ကို နီမောင်က သတိပြုမိလေသည်။

"သူတို့ကြည့်ရတာ နင်တို့ကို တစ်ခုခု မကျေမနပ် ဖြစ်နေကြတဲ့ပုံပဲ"

နီမောင်က ပြောတော့ သရဖီက ခေါင်းညိတ်ပြသည်။

"ဟုတ်တယ်"

"ဘာဖြစ်လို့လဲ"

"ဖမ်းထားတဲ့လူတွေကို သတ်ပြီး ယဇ်မပူဇော်လို့ပဲ၊ ဒီအတိုင်း ထားလို့ မကျေမနပ်ဖြစ်နေကြတာ"

ဟု သရဖီက အမှန်အတိုင်း ပြောသည်။

"ဘာကြောင့် မသတ်ဘဲ ထားတာလဲ"

"အစ်ကိုရှိတုန်းကတော့ ဖမ်းမိလာတာနဲ့ ချက်ချင်းသတ်ပြီး ယဇ်ပူဇော်လေ့ရှိတယ်၊ ဒီတော့ သူတို့က သဘောကျတယ်၊ ငါတို့က ဒီလိုလုပ်မပေးတော့ မကျေမနပ် ဖြစ်နေကြတာပဲ"

"ဒီအတိုင်းဆိုရင် မကြာခင်မှာ နင်တို့သားအဖအပေါ်မှာ အန္တရာယ်တွေ ကျရောက်လာတော့မယ်"

"ဘယ်တတ်နိုင်ပါ့မလဲ"



www.burmeseclassic.com

www.burmeseclassic.com



သရဖီက တိုတိုပြတ်ပြတ် ပြောသော်လည်း သူမမျက်နှာပေါ်မှာတော့ တစ်စုံတစ်ခုကို စိုးရိမ်နေဟန်ရှိလေသည်။

သရဖီက နီမောင်တို့လေးယောက်ကို ဇာလာဟီး ရှိသောနေရာသို့ ခေါ်သွားလေသည်။ ထိုနေရာရောက်သောအခါ ဇာလာဟီးက မေးသည်။

"ဘယ်လိုလဲ. . . ငါလိုချင်တဲ့ပညာတွေ ပေးဖို့ ဆုံးဖြတ်ပြီးပြီလား"

"ခင်ဗျားလိုချင်တာလည်း ပေးပါ့မယ်၊ တစ်ခုပြောပါရစေ"

"ဘာပြောမှာလဲ"

"မကြာခင်မှာ ခင်ဗျားတို့အတွက် အန္တရာယ် ကျရောက်လာတော့မယ်လို့ မြင်နေပါတယ်"

ဦးဗန်ကောင်းစကားကြောင့် ဇာလာဟီးမှာ မျက်နှာတစ်ချက် ပျက်သွားလေသည်။

"ဘယ်လိုကြောင့် ပြောနိုင်တာလဲ"

"ဝိညာဉ်တွေ လာပြောပြလို့ သိရတာပါ"

ထိုသို့ပြောသောအခါ သက်ပြင်းတစ်ချက်ကို မသိမသာချလိုက်လေသည်။

"ဘယ်တတ်နိုင်ပါ့မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့က ခင်ဗျားတို့ကို အကူအညီပေးနိုင်ပါတယ်၊ ကျုပ်တို့ ပြောတာ သဘောတူရင် အန္တရာယ်တွေကို ရှင်းပေးပါ့မယ်"

ထိုအခါမှ ဇာလာဟီး၏လေသံက ပြောင်းသွားလေသည်။

"ကျုပ်လည်း ဒီလိုဘဝမျိုးနဲ့ မနေလိုလှတော့ပါဘူး၊ ကျုပ်သား ရှိတုန်းကတော့ တစ်မျိုးပေါ့လေ၊ အခု သူမရှိတော့ ကျုပ်တို့သားအဖဘဝတော့ ဒီနေရာက ခွာချင်ပေမယ့် မလွယ်လှတော့ပါဘူး"

"ဒီလိုလည်း စိတ်မလျှော့ပါနဲ့လေ၊ ခင်ဗျားတို့ သဘောတူမယ်ဆိုရင် ဒီနေရာက လွတ်မြောက်အောင် ကယ်ပေးပါ့မယ်၊ ခင်ဗျားတို့ရဲ့အကြောင်းကိုသာ ပြောပြပါ"

ထိုအခါ ဇာလာဟီးက ၎င်းတို့အကြောင်းကို ပြောသည်။

ယခင်က ဇာလာဟီးတို့မိသားစုမှာ မြောက်ပိုင်းဒေသဘက်ရှိ နာဂရွာတစ်ရွာမှာ နေထိုင်ကြသော်လည်း နာဂလူမျိုးများတော့ မဟုတ်ပေ။

ဇာလာဟီးမှာ ဆေးဝါးကုသသော အတတ်ပညာသာမက ပယောဂပညာများပါ တတ်ကျွမ်းသောကြောင့် နတ်ဆရာအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ၔင်းမှာ အစွမ်းထက်မြက်သောကြောင့် ရွာများသာမက တောတွင်းမှာ ရှိကြသော လူရိုင်းများကပါ ယုံကြည်အားကိုးကြ လေသည်။

ဇာလာဟီး၏တတ်ကျွမ်းသောပညာများထဲတွင် ရုပ်ပြောင်းနာမ်ခွာပညာလည်း ပါဝင်လေသည်။ ထိုပညာကို လူရိုင်းများက များစွာသဘောကျကာ ကြောက်ရွံ့မှုလည်း ရှိကြသည်။

ဇာလာဟီးမှာ မိန်းမဖြစ်သူ သေဆုံးသွားပြီးနောက်တွင် သားဖြစ်သူ သံပချိုင်နှင့် သမီးဖြစ်သူ သရဖီတို့ ကျန်ခဲ့ကြသည်။

သားသမီးနှစ်ယောက်ကို ထိုပညာနှင့်ပင် လုပ်ကိုင်ကျွေး မွေးခဲ့လေသည်။

တစ်နေ့သ၌တွင် ၔင်းတို့အတွက် ဘဝအလှည့်အပြောင်းတစ်ခုဖြစ်ခဲ့လေသည်။

အခြားမဟုတ်ပေ. . . ။

တောနက်ထဲမှာ နေသော ဗျဂ္ဂနာဂများက သူတို့သား အဖ သုံးယောက်စလုံးကို လာခေါ်သွားပြီး နတ်ဆရာအဖြစ် သော်လည်းကောင်း၊ ၔင်းတို့၏အကြီးအကဲအဖြစ်နှင့်သော်လည်း ကောင်း တင်မြှောက်ထားရာ ဇာလာဟီးတို့လည်း မပြန်အောင်ဘဲ ထိုနေရာမှာ ဆက်နေခဲ့ကြလေသည်။

နောက်ပိုင်းမှာတော့ ဇာလာဟီးက သားဖြစ်သူ သံပချိုင်



www.burmeseclassic.com

www.burmeseclassic.com



အား ထိုပညာများကို သင်ပေးပြီး နာဂများအပေါ်မှာ ခေါင်းဆောင်ပြုလုပ်စေသည်။

သံပချိုင်မှာ စိတ်ကြမ်းလူကြမ်းနှင့် ရက်စက်ကြမ်းကြုတ်သူတစ်ဦးဖြစ်သောကြောင့် နာဂလူရိုင်းများကပင် ကြောက်ရွံ့ခဲ့ကြသည်။

ယခု သံပချိုင် မရှိတော့ပေ။

ဇာလာဟီးနှင့် သရဖီတို့ကတော့ လူများအား ရက်ရက်စက်စက် သတ်ဖြတ်သောအလုပ်များကို မနှစ်သက်လှပေ၊ သို့သော်လည်း ထိုနေရာမှ ရုတ်တရက် ထွက်ခွာသွားရန်မှာ မလွယ်လှသောကြောင့် ဟန်မပျက် နေကြရသည်။

ထိုရက်များအတွင်းမှာပင် လူရိုင်းများက သူတို့အပေါ်မှာ မကျေနပ်မှုများ ရှိလာခဲ့သည်။ တစ်နေ့မဟုတ် တစ်နေ့နေ့မှာ ပြန်လည်ရန်ပြုမည့် အရိပ်အယောင်များ ပေါ်လာသည်။

"ကျုပ်တို့လည်း ဒီနေရာမှာ မနေလိုလှပါဘူး၊ ဒါပေမယ့် သူတို့လက်က လွတ်ဖို့ဆိုတာ မလွယ်လှတော့ ဒီလိုပဲ သတိနဲ့ နေကြရတာပါ၊ ခင်ဗျားတို့ အကူအညီပေးမယ်ဆိုရင်တော့ ကောင်းသလိုသာ စီစဉ်ပါတော့"

ဟု ရှင်းသဘောကို ပြောလာလေတော့သည်။

"ဒီလိုဖြင့် စိတ်မပူပါနဲ့၊ ကျုပ်တို့တတွေကို မသတ်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



အခုလို ထားခဲ့တဲ့ကျေးဇူးက ရှိနေတော့ အန္တရာယ်တွင်းက လွတ်အောင် ကယ်တင်ပေးပါ့မယ်၊ ကျုပ်ပြောသလိုသာ လုပ်ပေးပါ"

ဟု ဦးဗန်ကောင်းက ပြုလုပ်ရမည့်အစီအစဉ်များကို အသေးစိတ် ပြောပြလေတော့သည်။

ထိုအခြေအနေရောက်တော့မှ သရဖီဆိုသော အမျိုးသမီး၏အမူအယာကလည်း ပြောင်းလဲသွားလေတော့သည်။

"ကျွန်မတို့ကို အကူအညီပေးကြတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ အရင်က ရှိင်းရှိင်းစိုင်းစိုင်း ဆက်ဆံခဲ့မိတာတွေနဲ့ အစ်ကိုတို့ ရွာသူရွာသားတွေအပေါ်မှာ ဒုက္ခပေးခဲ့မိတာတွေကို ခွင့်လွှတ်ပေးပါ"

"တောင်းပန်စရာ မလိုပါဘူး သရဖီရယ်၊ မင်းတို့ရဲ့ဘဝကို နားလည်ပါတယ်"

"တကယ်လို့ အစ်ကိုတို့ရွာကို လိုက်ခဲ့ရမယ်ဆိုရင် အရင်က လုပ်ခဲ့တဲ့အပြစ်တွေကြောင့် ရွာသူရွာသားတွေက လက်ခံကြပါ့မလား"

"အစ်ကိုတို့ ရွာသူရွာသားတွေမှာ အာဃာတတွေး မရှိကြပါဘူး၊ နောက်ပိုင်း နားလည်သွားမှာပါ။ ဖမ်းလာတဲ့ ရွာသူရွာသားတွေကို မသတ်ဘဲ ထားတာနဲ့တင် ကျေးဇူးတင်နေကြမှာ



www.burmeseclassic.com

www.burmeseclassic.com



ပါ၊

ဒါထက် မေးရဦးမယ်၊ ကျားနက်ရုပ်တွေကို အသက်သွင်း ပုံပြောင်းပြီး ခိုင်းတဲ့ပညာကတော့ ထားပါတော့၊ အရိုးခေါင်းတွေကို ပစ်တင်လိုက်တာနဲ့ အဲဒီအိမ်က လူတွေ သေအောင် ဘယ်လိုလုပ်တာလဲ"

"မကောင်းဆိုးဝါးတွေကိုပဲ စေခိုင်းခဲ့တာပါ၊ ရွာထဲကို ဝင်တော့မယ်ဆိုရင် နတ်စင်ကို အရင်သွားပြီး ရွာစောင့်နတ်ကို ချုပ်ထားလိုက်ရတယ်"

ထိုစကားကြားသောအခါ ကျားနက်ရုပ်ကလေး ရစဉ်က နတ်စင်မှာ အစီအရင်များဖြင့် ချုပ်နှောင်ထားပုံများကို ပြန်လည်သတိရမိလေသည်။

"ရွာစောင့်နတ်ကို ချုပ်ထားပြီးတော့မှ သူ့သာန်ကို သွားပြီး မကောင်းဆိုးဝါးတွေ ခေါ်လာခဲ့တယ်၊ အရိုးခေါင်း ပစ်တင်ပြီး အဲဒီအိမ်ကလူတွေ သေအောင် မိစ္ဆာတွေနဲ့ တိုက်ခဲ့တာပါပဲ၊ နောက်တော့ ရွာနားကို ဝင်ကပ်လို့မရတော့ဘူး၊ ဝင်မယ်ကြံတာနဲ့ တင်းပုတ်ထမ်းထားတဲ့ဘီလူးကြီးတွေ ထွက်လိုက်တာနဲ့ ထွက်ပြေးကြရတယ်၊ အစ်ကိုတို့ စီရင်ထားတာလားဟင်"

"ဟုတ်ပါတယ်. . . အဘ စီစဉ်တာပါ၊ ဆေးကတော့ လွယ်လုံ့ဘုရားသိုက်ထဲက ပေးလိုက်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



နီမောင်က သိုက်ဝင်ဆေးတောင့် မည်ကဲ့သို့ ရရှိခဲ့ပုံများကို ပြောပြလိုက်သည်။

"ဒါကတော့ အံ့ဩစရာပဲ၊ စေတနာကောင်းတဲ့သူတွေဖြစ်လို့ သူတော်ကောင်းတွေက အကူအညီပေးကြတာလည်းဖြစ်မှာပေါ့"

"ဒါလည်း ဖြစ်နိုင်စရာရှိပါတယ်၊ တခြားမကြည့်ပါနဲ့ သရဖီတို့လည်း လူတွေအပေါ်မှာ စေတနာကောင်းခဲ့ကြလို့ အခုလို အကူအညီပေးမယ့်လူတွေ ရောက်လာတာ ဖြစ်မှာပေါ့"

ဟု နီမောင်က ပြောသောအခါ သရဖီမျက်နှာပေါ်မှာ အပြုံးရိပ်ကလေးကို ရှားရှားပါးပါး တွေ့မြင်လိုက်ရလေသည်။ ဖျတ်ကနဲမျှသာ တွေ့လိုက်ရသည့် အပြုံးရိပ်ကလေးမှာ ပင်ကိုယ်အလှကို ဖော်ပြလိုက်သကဲ့သို့ ရှိလေသည်။

တကယ်တော့ သရဖီဘဝမှာ အန္တရာယ်ကြားမှ ပန်းတစ်ပွင့်ဘဝမျိုးသာဖြစ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၂)

# မိစ္ဆာများနှင့် နောက်ဆုံးတိုက်ပွဲ

ညနေပိုင်း နေဝင်ကာနီးအချိန်ရောက်သောအခါ ဝင်ပေါက်တစ်ခုသာ ရှိသော ဂူကြီးအတွင်းမှာ မီးပုံကြီးတစ်ပုံ ဖိုထား လေသည်။

မီးခိုးများက ဂူအတွင်းမှာ ပျံ့လွင့်နေကြသည်။

ဝင်ပေါက်ဝတစ်ခုသာ ရှိသဖြင့် မီးခိုးငွေ့များက ဂူ အတွင်းမှာ ပျံ့လွင့်နေခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဝင်ပေါက်ဝမှာလည်း မကျယ်ဝန်းလှဘဲ လူတစ်ယောက် ဝင်သာရုံသာ ရှိပေသည်။

အပြင်ဘက်မှာတော့ ထိုဂူပေါက်ဝနှင့် အနေတော် ရှိသော ကျောက်တုံးကြီးက အဆင်သင့်ရှိနေသည်။

ထိုကျောက်တုံးကြီးမှာ ဂူပေါက်ဝနှင့် မနီးမဝေး ကုန်းမြင့်တစ်ခုပေါ်မှာ တင်ထားခြင်းဖြစ်ပြီး အကယ်၍ လူအားဖြင့် တွန်းချလိုက်ပါက အောက်သို့ လိမ့်ဆင်းကျလာပြီး ဂူပေါက်ဝ ပိတ်သွားမည်ဖြစ်သည်။

ညနေပိုင်းအချိန်ရောက်သောအခါ ဇာလာဟီးက, ဂူအတွင်းမှာ ရှိသော ကျောက်မောင်းကြီးကို ထုပြီး အချက်ပေးလိုက်လေသည်။

"ဒုံ..ဒုံ..ဒုံ.."

ထိုကျောက်မောင်းခေါက်သံမှာ နာဂလူရိုင်းများအားလုံး လူစုစေရန် အချက်ပေးသောအသံလည်းဖြစ်သည်။ အတန်ကြာသောအခါ ဓါး၊ လှံ၊ လက်နက်များ ကိုယ်စီကိုင်ထားသော ဗျူဟာ နာဂလူရိုင်းများ ဝင်လာကြသည်။

စုစုပေါင်း သုံးလေးဆယ်ခန့် ရှိပေသည်။

ဂူအတွင်းမှာတော့ ဇာလာဟီး၊ သရဖီတို့အပြင် ဦးပိန်ကောင်း၊ နီမောင်၊ စောထီး၊ ငမဲအောင်တို့လေးယောက်ပါ ရှိနေ



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။

ဇာလာဟီးနှင့် သရဖီတို့က တစ်ကိုယ်လုံး အဝတ်မည်းကြီးများ ခြုံထားပြီး နီမောင်တို့ကတော့ အဝတ်စများ ကို လည်ပင်းမှာ ပတ်ထားကြသည်။

ဂူအတွင်းသို့ လူရိုင်းများအားလုံး ရောက်လာသောအခါ ဇာလာဟီးက ၎င်းတို့ နားလည်သောဘာသာစကားဖြင့် ပြောသည်။

"ဗျူဂူမျိုးနွယ်အပေါင်းတို့. . .

ဒီကနေ့ညမှာ မင်းတို့အလိုရှိသော ယဇ်ပူဇော်ပွဲများ ပြုလုပ်ပေးတော့မှာမို့ အခုလို ခေါ်လိုက်ရခြင်းဖြစ်တယ်"

"ဟေး. . ဟေး. . ဟေး"

"ဒိုး. . ဒိုး. . ဒိုး. ."

သံပြိုင်အော်သံများနှင့်အတူ လှံများနှင့် ဂူကြမ်းပြင်ပေါ်သို့ ဆောင့်လိုက်သံများ ပေါ်ထွက်လာသည်။

"ငါ့အနေနဲ့ ယဇ်ပူဇော်ပွဲကို ချက်ချင်းမလုပ်သေးတာ အကြောင်းတစ်ခု ရှိလို့ပဲ၊

တခြားတော့ မဟုတ်ဘူး၊ ဒီနေ့ ယဇ်ပူဇော်ပွဲမှာ သေဆုံးသွားတဲ့ ငါတို့ရဲ့မျိုးနွယ်တွေနဲ့ အတူတကွ ပျော်ရွှင်ကြပ်တွေ့ဆုံကြဖို့ စီစဉ်ထားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟေး. . . ဟေး. . . ဟေး"

ဝမ်းသာစွာနှင့် ကျယ်လောင်စွာ အော်ဟစ်လိုက်ကြသည်။

"မင်းတို့ရဲ့ဆွေမျိုးဝိညာဉ်တွေနဲ့ ပြန်မတွေ့ချင်ဘူးလား"

"တွေ့ချင်ပါတယ်. . . တွေ့ချင်ပါတယ်"

"အေး. . . ဟုတ်ပြီ၊ ဝိညာဉ်တွေကို အခုပဲ ခေါ်တော့မယ်၊ ကိုယ်နဲ့ သက်ဆိုင်တဲ့ ဆွေမျိုးသားချင်းတွေ၊ မိတ်ဆွေတွေရဲ့ ဝိညာဉ်တွေ ရောက်လာရင် သူက လာပြီးနှုတ်ဆက်ကြလိမ့်မယ်၊ သေသေချာချာ ကြည့်ကြပါ"

"ဟေး. . ဟေး. . ဟေး"

"ဇာလာဟီး ကျန်းမာပါစေ"

"ဇာလာဟီး ကျန်းမာပါစေ"

ဟူသောအသံများ ဂူတစ်ခုလုံး ဟိန်းထွက်သွားလေသည်။ နာဂလူရိုင်းများမှာ မပြုလုပ်သည်မှာ ကြာပြီဖြစ်သော ယင်ဖ်ပူဇော်ပွဲ ပြုလုပ်ပေးမည်ဆိုသည်က တစ်ကြောင်း၊ သေဆုံးသွားကြသော ၎င်းတို့မိတ်ဆွေများ၊ ဆွေမျိုးများတို့၏ဝိညာဉ်များနှင့် တွေ့ရတော့မည်ဆိုသောကြောင့် တက်ကြွနေကြလေသည်။

အတန်ကြာတော့ ဇာလာဟီးက နေရာမှ ထသည်။

၎င်းလက်ထဲမှာ အဝတ်ဖြင့် ထုပ်ထားသော ဆေးမှုန့်များ



www.burmeseclassic.com

www.burmeseclassic.com



လည်း ပါလာသည်။ သူသည် မီးပုံအနီးသို့ ရောက်သောအခါ လက်နှစ်ဖက်ကို ဆန့်တန်းပြီး ဝိညာဉ်ခေါ်ပွဲ ပြုလုပ်လေတော့သည်။

"ဤနေရာ ဤပတ်ဝန်းကျင် ဤတောတောင်အတွင်းမှာ ရောက်ရှိနေကြသော ဝိညာဉ်အပေါင်းတို့. . .

ငါတို့သည် ယဇ်ပူဇော်ပွဲ ကျင်းပပြုလုပ်တော့မည်မို့ ဒီနေရာကို လာကြလော့. . . .

ဒီဂူအတွင်းကို လာကြလော့. . .

ဝင်လာကြလော့. . .

ဝင်လာကြလော့. . . "

ဟု အသံသြသြကြီးဖြင့် ပြောဆိုပြီး လက်ထဲမှာ ကိုင်ထားသောအထုပ်အတွင်းမှ ဆေးမှုန့်များကို မီးပုံအတွင်းသို့ တဖြည်းဖြည်း ဖြူးချလိုက်သည်။

ဆေးမှုန့်များ ဖြူးချလိုက်သည်နှင့် မီးဖိုအတွင်းမှ မီးတောက်များ ရုတ်တရက် ငြိမ်းသွားပြီး မီးခိုးငွေ့များ ထွက်လာကြလေတော့သည်။

မီးခိုးငွေ့များမှာ အဖြူရောင်၊ အညိုရောင်၊ အစိမ်းရောင်၊ အနီရောင်၊ အဝါရောင်၊ အနက်ရောင်များဖြင့် ရောယှက်လျက် ပေါ်ထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



အနံ့ကလည်း သွေးညှီနံ့၊ အပုပ်နံ့များ လှိုင်ထွက်လာလေသည်။ ထိုအခြေအနေတွင် လူရိုင်းများအားလုံး၏အာရုံက မီးပုံရှိရာသို့ ရောက်နေကြစဉ် ဇာလာဟီး၊ သရဖီတို့က အဝတ်မည်းကြီးများကို မျက်နှာပေါ်သို့ ဖုံးအုပ်လိုက်ကြလေသည်။

နီမောင်တို့လေးယောက်ကလည်း လည်ပင်းမှာ ပတ်ထားသော အဝတ်မည်းများဖြင့် မျက်နှာပေါ်သို့ ပတ်စည်းလိုက်ရာ ဝိုးတဝါးမျှသာ မြင်ရလေတော့သည်။

ခဏကြာသောအခါ မီးပုံမှ တလိမ့်လိမ့် ထွက်နေသော မီးခိုးငွေ့များမှာ ပုံပန်းသဏ္ဌာန်များ ပြောင်းလာလေတော့သည်။

အနံ့အသက်များက ပိုမိုဆိုးဝါးလာသလို မီးခိုးငွေ့များမှာ ပုံပန်းသဏ္ဌာန်များ ပြောင်းလာလေတော့သည်။

အနံ့အသက်များက ပိုမိုဆိုးဝါးလာသလို မီးခိုးငွေ့များအတွင်းမှ သရဲ သဘက်၊ တစ္ဆေ ဘီလူး အစရှိသော မိစ္ဆာကောင်များ ထွက်လာပြီး တဟီးဟီး တဟားဟားနှင့် ခြောက်လှန့်ကြလေတော့သည်။

"ဟား. . . ဟား. . . ဟား"

"ဟီး. . ဟီး. . ဟီး. . "

ထိုအခိုက်မှာပင် ဇာလာဟီးက လက်ထဲမှ ဆေးမှုန့်များကို မီးပုံအတွင်းသို့ အားလုံးသွန်ချလိုက်ပြီးနောက် ကျောက်



www.burmeseclassic.com

www.burmeseclassic.com



မောင်းကြီးကို လေးလေးမှန်မှန် ထုပေးလေတော့သည်။

"ဒုံ. . ဒုံ. . ဒုံ. ."

ထိုအသံကြားသောအခါ လူရိုင်းများမှာ ငြိမ်သက်နေရာမှ လှုပ်လှုပ်ရှားရှားဖြစ်လာသည်။

"ဒုံ. . ဒုံ. . ဒုံ. . ဒုံ. ."

ကျောက်မောင်းသံက အနည်းငယ် မြန်လာသလို လူရိုင်းများ၏မျက်နှာအမူအယာနှင့် ပုံပန်းသဏ္ဌာန်မှာ ကြောက်မက်ဖွယ် အနေအထားသို့ ပြောင်းလာတော့သည်။

ဓါးလှံလက်နက်များကို မြှောက်ကာ မာန်ဖီသောအသံများ ပေါ်ထွက်လာသည်။

"ဒုံ. . ဒုံ. . ဒုံ. . ဒုံ. ."

ကျောက်မောင်းခေါက်သံက ပို၍မြန်လာသလို လူရိုင်းများထံမှ ကျားတစ်ကောင် မာန်ဖီသောအသံမျိုးများ ထွက်လာလေသည်။

ထိုအခိုက်မှာပင် မီးဖိုအတွင်းမှ မီးခိုးငွေ့များနှင့်အတူ အပြင်ရောက်လာသောမိစ္ဆာများကလည်း လူရိုင်းလူအုပ်များကြားထဲသို့ တိုးဝှေ့လှည့်ပတ်ပြီး ခြောက်လှန့်ကြရာ နောက်ဆုံးမှာတော့ လူရိုင်းများမှာ အနည်းငယ်မျှသာ ရှိသော အသိစိတ်ကလေးများ ပျောက်သွားပြီး ကျားစိတ်ကျားမာန်များ ဝင်လာကြ



www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက် တစ်ဦးနှင့်တစ်ဦး တိုက်ခိုက်ကြလေတော့သည်။

"နီမောင်. . . သတိထားဟေ့၊ သူတို့အသိစိတ် ပျောက်သွားပြီ၊ တွေ့သမျှ သတ်ကြမှာပဲ"

သို့သော်လည်း မျက်နှာပေါ်မှ စည်းထားသောအဝတ်မည်းများကို မချွတ်ဝံ့ကြသေးပေ။

မျက်လုံးဖော်ရုံသာ ထားပြီး ၎င်းတို့ဆီ သတ်ဖြတ်ရန် ဝင်လာသောလူရိုင်းများကို တိုက်ခိုက်ကြရလေသည်။

ဂူအတွင်းမှာတော့ ဓါးသံ၊ လှံသံ၊ အော်ဟစ်ညည်းညူသံများဖြင့် ဆူညံနေတော့သည်။

"အဘက သူတို့နှစ်ယောက်ကို ခေါ်ပြီး ဂူအပြင်ရောက်အောင် ထွက်နှင့်ပေတော့၊ သူတို့ လူစိတ်ပျောက်ပြီး အချင်းချင်း သတ်ကုန်ကြပြီ"

ဟု သတိပေးလိုက်သဖြင့် ဦးဗန်ကောင်းက ဇာလာဟီး နှင့် သရဖီတို့ကို ခေါ်ပြီး ဂူအပြင်ရောက်အောင် အရင်ထွက်နှင့်ကြသည်။

နီမောင်တို့သုံးယောက်က သေဆုံးသွားသောလူရိုင်းများ၏ဓါးလှံလက်နက်များကို ယူပြီး တရကြမ်း တိုက်ခိုက်ကြလေသည်။

နီမောင်တို့သုံးယောက်စလုံးမှာ မုဆိုးများ ဖြစ်သော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် တိုက်ရည်ခိုက်ရည် မညံ့ကြပေ။

သို့သော် လူရိုင်းများက တိုက်ခိုက်ရာမှာ ကျားတစ်ကောင်ကဲ့သို့ မာန်ဖီပြီး တိုက်ခိုက်ကြသဖြင့် သတိကြီးစွာထားပြီး ကာကွယ်ကြရလေသည်။

နီမောင်တို့ဘက်မှ တပန်းသာနေသောအချက်မှာ မီးခိုးအဆိပ်ငွေ့များ မခံကြရသဖြင့် ပုံမှန်အနေအထားအတိုင်း ရှိနေကြပြီး လူရိုင်းများကတော့ မီးခိုးအဆိပ်ငွေ့သင့်ပြီး ရူးနေသကဲ့သို့ ရှိနေကြသောကြောင့်ဖြစ်သည်။

နီမောင်တို့သုံးယောက်မှာ တစ်ဦးနှင့်တစ်ဦး သဲကြီးမဲကြီး တိုက်ခိုက်သတ်ဖြတ်နေကြသော လူရိုင်းများကြားမှ လွတ်အောင် တိမ်းရှောင်ပြီး ဂူအပြင်ရောက်အောင် ထွက်ကြလေသည်။

သုံးယောက်စလုံး အပြင်သို့ ရောက်သည်နှင့် ကျောက်လုံးကြီးကို လူအင်အားဖြင့် တွန်းချလိုက်သောအခါ အောက်သို့ တဖြည်းဖြည်း လိမ့်ကျသွားပြီးနောက် ဝင်ပေါက်တစ်ပေါက်တည်းသာ ရှိသော ဂူပေါက်ဝမှာ ပိတ်ဆို့သွားလေတော့သည်။

ဇာလာဟီး မီးပုံအတွင်းသို့ ဖြူးချလိုက်သောဆေးမှုန့်များမှာ ဦးဗန်ကောင်း ယူဆောင်လာသောဆေးမှုန့်များပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မီးပုံအတွင်းသို့ ဖြူးချလိုက်ပါက သွေးညှီနံ့၊ အပုပ်နံ့များ ထွက်လာပြီး ထိုအနံ့ကို ရှူမိသည်နှင့် ပင်ကိုယ်စိတ် ပျောက်သွားပြီး တွေ့သမျှ ထိုးခုတ်တိုက်ခိုက်ချင်စိတ် ပေါ်လာသည်။

ထို့ပြင်. . :

မီးခိုးငွေ့များထဲတွင် မကောင်းဆိုးဝါးသဏ္ဍာန်များက ခြောက်လှန့်နေသောကြောင့် ကြောက်လန့်ကာ ထိုသို့သတ်ဖြတ်ကြခြင်းဖြစ်သည်။

၎င်းမှာ အရေးအကြောင်း ရှိပါက အသုံးပြုရန် လွယ်အိတ်တွင် အသင့်ဆောင်ထားသော 'ကဝေသည်းခြေ' ဂမုန်းဥ အမှုန့်များပင်ဖြစ်ပေတော့သည်။

အကယ်၍ ထိုမီးခိုးငွေ့များကိုရှူမိပါက အသိဉာဏ်နည်းသော လူရိုင်းများသာမဟုတ်၊ မည်သူမဆို ထိုကဲ့သို့ ဖြစ်ကြလေသည်။

ထိုအငွေ့များကို ကြာကြာရှူမိပါက နှလုံးသွေးပျက်ကာ ရူးသွပ်သွားစေသည်။

ထွက်ပေါက်မရှိသောဂူအတွင်းမှာ အဆိပ်ငွေ့များနှင့် လုံးထွေးကာ ကျန်ခဲ့သော ဗျူလူရိုင်းများ၏ကံကြမ္မာကား နိဂုံးကမ္ပတ် အဆုံးသတ်ပြီဟု ဆိုရပေတော့မည်။

ထို့နောက်မှာ အပြင်မှာ ကျန်နေသောလူရိုင်းများအား



www.burmeseclassic.com

www.burmeseclassic.com



သုတ်သင်ရှင်းလင်းပြီး ရွာသူရွာသားများကို ကယ်တင်ပြီး အမှောင်ထဲမှာပင် ထွက်ပြေးခဲ့ကြလေသည်။

သဘာဝတရားက အမှောင်ဖုံးနေသော်လည်း သူတို့အားလုံးရင်ထဲမှာတော့ ပျော်ရွှင်မှုများဖြင့် အလင်းရောင် ရနေကြလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၃)

# ဘဝအတွက် အလင်းရောင်များ

ကွမ်ဟယ်ရွာသူရွာသားများမှာ လူရိုင်းများ ဖမ်းဆီးခေါ်ဆောင်သွားသူများ ပြန်လည်လွတ်မြောက်လာသောကြောင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြလေသည်။

ထိုကဲ့သို့ လွတ်မြောက်အောင် ဆောင်ရွက်ပေးကြသော နီမောင်တို့ကိုလည်း ကျေးဇူးတင်ကြလေသည်။

သို့သော် ဇာလာဟီးနှင့် သရဖီတို့ ရွာသို့ ပါလာသည်ကိုတော့ မနှစ်သက်ကြပေ။



www.burmeseclassic.com

www.burmeseclassic.com



သူတို့လက်ချက်ကြောင့် ရွာမှ လူအချို့ သေဆုံးခဲ့ခြင်း ရှိလေရာ ၎င်းတို့အပေါ် မကျေနပ်သူများ ရှိကြသည်။ အချို့က လည်း သူတို့ပါလာသောကြောင့် နောက်မှ လူရိုင်းများ လိုက်လာ မည်ကို စိုးရိမ်နေကြသည်။

"ဘာပဲဖြစ်ဖြစ် သူတို့ဟာ ငါတို့ရဲ့ရန်သူတွေပဲ၊ သူတို့ လက်ချက်ကြောင့် ငါတို့ရွာက လူတွေ သေခဲ့ကြရတာ အများကြီး ရှိတယ်"

"နောက်ပြီး သူတို့ကို လက်ခံထားရင် နောက်က လူရိုင်း တွေ လိုက်လာပြီး ရန်ရှာမှာ စိုးရိမ်ရတယ်၊ ဒါကြောင့် သူတို့ကို ရိက္ခာပေးပြီး ရွာက ပြန်နှင်လိုက်တာ အကောင်းဆုံးပဲ"

ဟု ဝိုင်းဝန်းပြောဆိုကြသည်။

ရွာလူကြီးဦးထန်ဖုန်းရှိန်ကိုယ်တိုင်က ဇာလာဟီးတို့ သားအဖကို ရွာမှာ လက်ခံမထားချင်ပေ။

ဦးဗန်ကောင်းနှင့်နီမောင်တို့ကတော့ ရွာသူရွာသားများ နားဝင်အောင် ဖျောင်းဖျပြောဆိုကြရသည်။

"သူတို့သားအဖက လူရိုင်းတွေ မဟုတ်ပါဘူး၊ မနေချင် ဘဲနဲ့ လူရိုင်းတွေလက်ထဲ ရောက်နေကြရတာပါ၊ ရွာမှာ ဖြစ်ခဲ့တာ တွေက သူတို့မှာ အပြစ်မရှိပါဘူး"

"ဟုတ်ပါတယ် . . . အခု ရွာသူရွာသားတွေ ပြန်လွှတ်



www.burmeseclassic.com

www.burmeseclassic.com



လာတာ သူတို့ အကူအညီပေးလို့ပါပဲ၊ ဒီတော့ ချက်ချင်းကြီး တော့ ရွာက နှင်မထုတ်ကြပါနဲ့"

ဟု တောင်းပန်ထားသောကြောင့် မကျေမနပ်နှင့် ကြည့်နေကြရခြင်းဖြစ်သည်။

နောက်ဆုံးတော့ နီမောင်က ဇာလာဟီးတို့ သားအဖနှစ်ယောက်ကို ၎င်းအိမ်မှာ ခေါ်ထားသည်။ သရဖီကတော့ ထိုသို့နေရသည်ကိုပင် နီမောင်တို့မိသားစုကို အားနာနေသည်။

တကယ်တော့ သရဖီမှာ ဘဝမလှသော်လည်း ရုပ်ရည်လှပရုံမက စိတ်သဘောထား ဖြူစင်သူတစ်ယောက်ဖြစ်မှန်း ယခုလို အနီးကပ် အတူနေရတော့မှ သိရလေသည်။

"ရွာသူရွာသားတွေက ကျွန်မတို့ကို လက်မခံချင်ကြမှန်း ရိပ်မိပါတယ်၊ သူတို့က ကျွန်မတို့ကို မကောင်းဆိုးဝါးတွေလို့ပဲ ထင်နေကြတယ်၊ အစ်ကိုတို့က အခုလို အကူအညီပေးတာကိုပဲ ကျေးဇူးတင်ပါတယ်၊ ကျွန်မတို့သားအဖ မူလနေခဲ့တဲ့ရွာဟောင်းတွေ ရှိတဲ့ နေရာကိုပဲ ပြန်ပါတော့မယ်"

"ဒီလိုလုပ်လို့မဖြစ်သေးဘူး သရဖီ၊ လူရိုင်းတွေက အားလုံး သေသွားကြတာ မဟုတ်ဘူး၊ ကျန်တဲ့လူတွေ ကျန်ဦးမှာပဲ၊ အဲဒီကျန်တဲ့လူရိုင်းတွေက မင်းတို့သားအဖအပေါ်မှာ ဘယ်နည်းနဲ့မှ ကျေနပ်ကြမှာမဟုတ်ဘူး၊ မတွေ့တွေ့အောင် လိုက်ရှာပြီး



www.burmeseclassic.com

www.burmeseclassic.com



ကလဲ့စားချေကြမှာ အမှန်ပဲ၊

ဒါကြောင့် ဘာပဲဖြစ်ဖြစ် ဒီရွာမှာပဲ နေပါဦး၊ ချက်ချင်းကြီးတော့ တောထဲ မပြန်ပါနဲ့ဦး"

"ဒါပေမယ့် ရွာသားတွေက အစ်ကို့အပေါ်မှာ တစ်မျိုးထင်နေကြလိမ့်မယ်"

"ဒီအတွက် မစိုးရိမ်ပါနဲ့၊ နောက်တော့ သူတို့ တဖြည်းဖြည်း နားလည်လာပါလိမ့်မယ်၊ မင်းတို့ရဲ့အသက်အန္တရာယ်က ပိုပြီးအရေးကြီးပါတယ်"

ဟုဖျောင်းဖျပြောဆိုပြီး အိမ်မှာပင် ခေါ်ထားလေသည်။ သို့သော်လည်း တစ်ပတ်ခန့်ကြာသောအခါမှာတော့ ညအချိန်အလုပ်မှ ပြန်လာသော ရွာသားတစ်ယောက်မှာ ရွာနှင့် မနီးမဝေးမှာ ရောက်နေသော လူရိုင်းတစ်ယောက်၏တိုက်ခိုက်ခြင်းကို ခံရပြီးနောက် ငြိမ်သက်စပြုနေသော ကွမ်ဟာယ်ရွာကလေးမှာ တစ်ဖန်ပြန်၍ လှုပ်လှုပ်ရှားရှား ဖြစ်လာပြန်တော့သည်။

ရွာသူရွာသားများမှာလည်း အန္တရာယ်ဆိုးများ နှောင့်ယှက်သည့်ဒဏ်များကို ခံခဲ့ရဖူးသောကြောင့် အကြောက်ကြီးကြောက်နေကြတော့သည်။

အများကတော့ သရဖီတို့ကို ရွာမှ နှင်ထုတ်ရန်သာ ဝိုင်းဝန်းပြောဆိုကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးမှာတော့ အများဆန္ဒကို မလွန်သာတော့ဘဲ ရွာလူကြီးဦးထန်ဖုန်းရှိန်ကပါ နီမောင်ကို ခေါ်ပြီး အကျိုးအကြောင်းကို ပြောရလေတော့သည်။

"နီမောင်. . . မင်းတို့ အကူအညီပေးခဲ့တာတွေကို တစ်ရွာလုံးက ကျေးဇူးတင်နေကြပါတယ်၊ ဒါပေမယ့် သူတို့ကို ရွာမှာ ဆက်ခေါ်ထားလို့တော့ မဖြစ်တော့ဘူး၊ မင်းအနေနဲ့ တစ်ခုခုတော့ စီစဉ်ဖို့ သင့်နေပြီ"

ဟု ပြောသဖြင့် နီမောင်မှာ အခက်ကြုံရတော့သည်။

သူ့အနေကတော့ သရဖီတို့သားအဖကို နှင်ထုတ်ရမှာ မလုပ်ရက်ဘဲ ဖြစ်နေသည်။ ယခု လူရိုင်းများ၏အရိပ်အခြေပါ ပြန်တွေ့လာသောအခါ ပို၍စိတ်မချဖြစ်နေသည်။

ဘာကြောင့် ထိုမျှလောက် စိုးရိမ်ပူပန်စိတ် ဖြစ်နေသည်ကိုတော့ သူကိုယ်တိုင်ပင် နားမလည်နိုင်အောင် ဖြစ်မိလေသည်။

နောက်တစ်နေ့ညမှာ ရွာခြေသို့ ကပ်လာသော လူရိုင်းအချို့ကို တွေ့ရပြီး နောက်တစ်နေ့ နံနက်ပိုင်းအချိန်တွင် သရဖီတို့သားအဖကို မတွေ့ရတော့ပေ။

ပထမတော့ လူရိုင်းတွေ ဝင်ဖမ်းသွားလေသလားဟု ထင်လိုက်မိသော်လည်း ခြေရာလက်ရာ မပျက်ဘဲ ပျောက်ဆုံးသွားခြင်းဖြစ်သောကြောင့် စဉ်းစားရ ခက်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း ဒီအတိုင်းထား၍မဖြစ်မှန်းတော့ စိတ်ထဲမှ သိနေသည်။

သို့ကြောင့် ချက်ချင်းဆိုသလို လိုက်လံရှာဖွေရန် ပြင်ဆင်လေတော့သည်။ သူနှင့်အတူ စောထီးနှင့်ငမဲအောင်တို့ကိုပါ ခေါ်သွားရလေသည်။

သုံးယောက်သား တောတက်သည့်ပုံစံအတိုင်း ဓါးလှံလေးများ စသည်တို့ကို ပြည့်စုံစွာ ယူဆောင်သွားလေသည်။

ဦးစွာ ရွာအနောက်ဘက် တောင်ကြောဘက်သို့ လိုက်ရန် ဆုံးဖြတ်ကြသည်။

လမ်းရောက်သောအခါ စောထီးက မေးသည်။

"မင်းက ကိုယ်နဲ့ ဘာမှမဆိုင်တဲ့ မိန်းကလေးတစ်ယောက်အတွက် ဘာကြောင့် ဒီလောက်စိတ်ပူနေရတာလဲ"

"ငါလည်း မသိပါဘူးကွာ၊ ဒါပေမယ့် သူတို့သားအဖက ငါတို့ကျေးဇူးရှင်တွေ မဟုတ်လား"

"ကျေးဇူးရှင်ဆိုပေမယ့်လည်း မင်းကြည့်ရတာ ဒါထက်ပိုနေပုံရတယ်"

"မဟုတ်ပါဘူးကွာ. . . ငါက စေတနာနဲ့ပါ"

"မင်းရဲ့စေတနာက နည်းနည်းများနေသလားလို့ ထင်မိဘူးလား၊ အဲဒါ ဘာကြောင့် ဒီလိုဖြစ်နေရတယ်ဆိုတာ မင်းသိ



www.burmeseclassic.com

www.burmeseclassic.com



လား"

ခေါင်းခါပြသည်။

"မသိဘူး"

"မင်းစိတ်ထဲမှာ သရဖီအပေါ်မှာ သံယောဇဉ်ဖြစ်နေလို့ ဆိုတာ သေချာတယ်၊ သံယောဇဉ်ရဲ့နောက်ကွယ်က တွန်းအား မရှိဘဲနဲ့ အခုလောက် စိုးရိမ်နေစရာအကြောင်း မရှိဘူး"

နီမောင်က ထွေထွေထူးထူး ဘာမှ ငြင်းဆန်ခြင်း မပြုတော့ဘဲ အဝေးဆီသို့သာ လှမ်းမျှော်ကြည့်နေလေသည်။ သုံးယောက်သား နားလိုက် ခရီးဆက်လိုက်နှင့် တောင်ကြောပေါ် တက်သွားရာ ညနေပိုင်းအချိန်ရောက်သောအခါ ကျောက်တောင်တန်းများ ရှိသောနေရာဘက်မှ မီးခိုးငွေ့များ တက်နေသည်ကို လှမ်းမြင်ကြရသဖြင့် ထိုနေရာဘက်သို့ ဦးတည်သွားကြသည်။

ထိုနေရာနှင့် နီးသည့်နေရာသို့ ရောက်သောအခါ ဝူးဝူးဝါးဝါးနှင့် ဆူဆူညံညံအသံများကို ကြားလာရသည်။

သုံးယောက်သား လေးမြားလက်နက်များကို အဆင်သင့် ပြင်ပြီး အသံကြားရာဘက်သို့ လျှို့ဝှက်စွာ သွားကြလေသည်။

ထိုနေရာရောက်တော့ မြင်ကွင်းက မကောင်းလှပေ။



www.burmeseclassic.com

www.burmeseclassic.com



ကျောက်တောင်ရင်ပြင်တစ်နေရာမှာ မီးပုံကြီး ဖိုထားပြီး နာဂလူရိုင်း(၆)ယောက်ခန့်က ထိုနေရာမှာ အော်ဟစ်ခုန်ပေါက်နေလေသည်။

ကျောက်ပြားတစ်ချပ်ပေါ်မှာတော့ ဇာလာဟီးနှင့် သရဖိတို့ကို ကြိုးများဖြင့် တုပ်ကာ လှဲချထားသည်။

ထိုနေရာနံဘေးမှာ လူရိုင်းများက ဓါးလှံများကို မြှောက်ပြီး ကခုန်နေကြခြင်းဖြစ်သည်။

နီမောင်တို့သုံးယောက် တိုးတိတ်စွာ တိုင်ပင်ပြီး လေးနှင့်မြားကို အသင့်ပြင်လိုက်သည်။ ထို့နောက် တစ်နေရာစီ လူစုခွဲကာ ထိုနေရာနှင့် နီးနိုင်သမျှနီးအောင် တိုးသွားကြသည်။

ကျောက်တုံးများ အကာအကွယ်ပြုပြီး သွားကြသောကြောင့် သူတို့အတွက် အခွင့်ကောင်း ရနေသည်။

နေဝင်ချိန်ရောက်သောအခါ ကခုန်နေခြင်းကို ရပ်ပြီး ယဇ်ပူဇော်ရန် ပြင်ကြလေပြီ။

ခေါင်းဆောင်လုပ်သူက ဓါးတစ်လက်ကို ယူပြီး သရဖိတို့ ရှိသောနေရာသို့ တိုးကပ်သွားသည်။

ထို့နောက် အသံကျယ်ကျယ်နှင့် တစ်စုံတစ်ခုကို ရေရွတ်လိုက်ပြီး ဓါးကို မြှောက်လိုက်သည်နှင့် နီမောင်ထံမှ မြားတစ်စင်း ထွက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပစ်ကွင်းက မဝေးလှသောကြောင့် အဆိပ်လူးမြားက လူရိုင်း၏ကျောပြင်ကို ဖောက်ဝင်သွားပြီး တအီးအီးတအားအား နှင့် ဒေါ်ကာ လဲကျသွားသည်။

ထိုအခါ ကျန်လူရိုင်းများက ဝူးဝူးဝါးဝါးဖြစ်သွားကြစဉ် ကျောက်တောင်နံဘေးမှ မြားနှစ်စင်း ထပ်လွှတ်လာပြီး နောက် ထပ်နှစ်ယောက် လဲကျသွားပြန်သည်။

လူရိုင်းသုံးယောက်သာ ကျန်သောအခါ နီမောင်တို့ သုံးယောက်က ရှေ့သို့ ထွက်လာကြသည်။

သူတို့ကို မြင်သော လူရိုင်းသုံးယောက်က ဒေါသတကြီး နှင့် တိုက်ခိုက်ရန် ပြေးလာကြသည်။

သို့စေကာ အနားမရောက်မီ အဆိပ်လူးမြားချက်များ အသီးသီး ထိမှန်ပြီး လဲကျသွားလေသည်။

ထိသေအဆိပ်လူးထားသော မြားချက်များကြောင့် ခဏချင်းမှာပင် အသက်ပျောက်သွားကြသည်။

ထိုအခါမှ သရဖီတို့သားအဖကို အနှောင်အဖွဲ့မှ ဖြေ ပေးလိုက်ကြသည်။

"ဘယ်လိုဖြစ်တာလဲ"

"ကျွန်မတို့သားအဖအတွက်နဲ့ အစ်ကို့အပေါ် မှာရွာက လူတွေ အထင်လွဲမှာစိုးတာနဲ့ မူလရွာဟောင်း ရှိတဲ့နေရာကို

www.burmeseclassic.com

www.burmeseclassic.com



ပြန်ဖို့ ထွက်အလာမှာ သူတို့နဲ့ တွေ့ပြီး အခုလို အဖမ်းခံရတာပါပဲ အစ်ကိုရယ်"

သရဖီက မျက်ရည်လေး အဝိုင်းသားဖြင့် ပြောပြသည်။

"ဒီလို ဘာကြောင့် လုပ်ရတာလဲ၊ အစ်ကိုတို့သာ အချိန်မီ မရောက်လာရင် အခုလောက်ဆိုရင် လူရိုင်းတွေလက်ချက်နဲ့ သေကြရပြီ၊

ရွာမှာ မနေချင်လည်း တစ်နေရာမှာ အဆင်ပြေအောင် စီစဉ်ပေးပါ့မယ်၊ နေရာဟောင်းကိုတော့ မပြန်ပါနဲ့၊ အန္တရာယ်များလှပါတယ်"

BURMESE CLASSIC

နီမောင်က ထိုသို့ပြောပြတော့ နှစ်ယောက်စလုံး ဘာမှ ပြန်မပြောကြတော့ပေ။

ထို့နောက် ရွာဘက်သို့ ပြန်လာခဲ့ကြသည်။

လမ်းမှာ စောထီး၊ ငမဲအောင်နှင့် ဇာလာဟီးတို့ရှေ့မှ စကားတပြောပြောနှင့် သွားကြရာ နီမောင်နှင့်သရဖီတို့ နှစ်ယောက်က နောက်မှ တဖြည်းဖြည်း လိုက်ခဲ့ကြလေသည်။

"ဘာကြောင့် ဒီလိုလုပ်ရတာလဲ သရဖီရယ်၊ ကိုယ့်မှာ သရဖီတို့အတွက် ဘယ်လောက်စိတ်ပူရတယ်ထင်သလဲ"

"ဟင်. . . အစ်ကိုက ကျွန်မတို့အတွက် ဘာကြောင့် စိတ်ပူနေရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်လည်း မသိပါဘူး၊ စောထီးတို့ ပြောသလိုများ ဖြစ်နေရော့သလား မသိပါဘူး"

"သူတို့က ဘယ်လိုပြောလို့လဲ"

"သရဖီအပေါ်မှာ သံယောဇဉ်ရှိနေလို့သာ ဒီလောက် စိတ်ပူနေတာလို့ ပြောကြတယ်၊ အဲဒါ ဟုတ်များဟုတ်နေသလား မသိဘူး"

"အစ်ကို့စကားကလည်း. . ."

"သရဖီကရော ဘယ်လိုထင်သလဲဟင်"

"အို. . . ကျွန်မက ဘယ်သိမှာလဲ၊ ဒါမျိုးတွေနဲ့ တစ်ခါမှ မကြုံဖူးတဲ့ဟာ"

နီမောင်က စကားမဆက်တတ်တော့ဘဲ သက်ပြင်းတစ်ချက် ချလိုက်သည်။

သူ့အနေနှင့် မြားတစ်စင်းကိုသာ ဖြောင့်အောင်ပစ်နိုင်သော်လည်း စကားတစ်ခွန်းကိုတော့ ဖြောင့်အောင်မပြောတတ်ရှာပေ။

"အစ်ကိုက သူများပြောမှ သိတာလား၊ ကိုယ့်ဖာသာ ဘာဖြစ်နေတယ်ဆိုတာရော မသိဘူးလား"

"သိသလိုတော့ ရှိပါတယ်"

"ဘယ်လိုသိတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူပြောသလို သိနေတာပါ"

"အဲဒီလို သိတော့ ဘယ်လိုခံစားရသလဲ"

"သရဖီ တစ်ခုခုဖြစ်မှာကို စိတ်ထဲက အရမ်းစိုးရိမ်မိတယ်၊ နောက်ပြီး သရဖီနဲ့ ဝေးပြီး မနေချင်တော့ဘူး"

"ဒီစကားက တကယ်ပဲ ပြောတာလား"

"တကယ်ပြောတာပါ. . . အဲ့ဒီရင်ထဲမှာ ရှိနေတဲ့ သံယောဇဉ်ကို အချစ်လို့ ခေါ်မယ်ဆိုရင် သရဖီကို ကိုယ်ချစ်နေမိတာတော့ အသေအချာပဲ၊ သရဖီသဘောကရော ဘယ်လိုလဲ"

"ကျွန်မနားထဲမှာ အဲဒီစကားမျိုး တစ်သက်နဲ့တစ်ခါ ဒီတစ်ကြိမ်သာ ကြားဖူးတာဆိုတော့ ဘယ်လိုစကားမျိုး ပြန်ပြောရမှန်းတောင် မသိပါဘူး၊ ဒါပေမယ့် ရင်ထဲမှာတော့ ဝမ်းသာပြီး ပျော်နေသလိုပဲ"

BURMESE CLASSIC

"ဒီလိုဆိုရင်တော့ အဲဒီလို တစ်သက်လုံး ပျော်ရွှင်သွားရအောင် တစ်သက်လုံး အတူနေရအောင် စီစဉ်ကြရင် မကောင်းဘူးလား"

"အစ်ကို့သဘောပါပဲ"

ထိုစကားကြားသောအခါ နီမောင်က လမ်းလျှောက်နေရာမှ ရုတ်တရက် ရပ်လိုက်ပြီး ဝမ်းသာအားရနှင့် သရဖီကိုယ်ကလေးကို ထွေးဖက်ထားလိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သရဖီကလည်း အားကိုးတကြီးနှင့် ပြန်လည်ဖက်ထားလေသည်။ ရင်ခွင်နှစ်ခု၏နွေးထွေးမှုများက ရင်ထဲအထိ ပျံ့နှံ့စိမ့်ဝင်သွားလေသည်။

ယခုအချိန်မှာတော့ သူတို့အတွက် အချစ်ထက်ပိုပြီး အရေးကြီးသောအရာ မရှိတော့ပေ။

တောတစ်ခုလုံး အမှောင်ထုများ ဖုံးအုပ်စ ပြုလာပြီဖြစ်သော်လည်း ချစ်သူနှစ်ဦးအတွက်ကတော့ ဘဝအတွက် မျှော်လင့်ချက် အလင်းရောင်များ တောက်ပလျက်ရှိနေကြပေပြီ။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော (ဂန္ဓဗ္ဗသရဖီ) အမည်ရှိ ဂမ္ဘီရဆန်းကြယ်ဝတ္ထုရှည်မှာလည်း နိဂုံးကမ္ပတ် အဆုံးသတ်ပြီဖြစ်ပေတော့သတည်း။

အနိစ္စာဝတ သင်္ခါရာ သုခီအတ္တာနံ ပရိဟရန္တု။

စာပြီးချိန်။ ။ (၂၀၁၀)ခုနှစ်၊ နိုဝင်ဘာလ(၁၂)ရက်၊ သောကြာနေ့၊ ည(၁၀)နာရီ။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com